# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်  ၂၀၁၅ ခုနှစ်၊ မေ ၂၃ ရက်၊ စနေနေ့၊  အတွဲ [၅၄]၊ အမှတ် [၂၃၀]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ငြူစူခြင်းငြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# အုပ်ချုပ်ရေးယန္တရားကြီးအောင်မြင်စွာလည်ပတ်နိုင်ရန် အမျိုးသားမော်ကွန်းတိုက်သည် မရှိမဖြစ်အရေးပါ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မော်ကွန်းတိုက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၂**

အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရာဇသင်္ဂဟလမ်းရှိ အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများသည် မော်ကွန်းတိုက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မော်ကွန်းတိုက် အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၏ မော်ကွန်းပြကွက်များ၊ မော်ကွန်း/မှတ်တမ်း သိမ်းဆည်းခန်းများနှင့် မှတ်တမ်းစာတွဲ

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၅

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

စာမျက်နှာ » ၈

## တပ်မတော်ကထိုးစစ်ဆင်၍ MNDAA သောင်းကျန်းသူများ အခြေပြုခံစစ်ဆင်ထားသော ပွိုင့်-၁၇၈၈ တောင်ကုန်းအား သိမ်းပိုက်ရရှိ

စာမျက်နှာ » ၁၂

## မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ ဥပဒေပြဌာန်း

အချပ်ပို-က

## လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေပြဌာန်း

အချပ်ပို-ဂ

## ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေပြဌာန်း

အချပ်ပို-င


**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ**



ဒေါ်တင်စန္ဒာဝင်း

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့ လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ဘိုကလေးမြို့၊ ရောဝတီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်

ယနေ့ကမ္ဘာ့လူဦးရေသန်း ခုနစ်ထောင်ကျော်ရှိသည့်အနက် ၅၀ ရာခိုင်နှုန်းသည် ဆန်ကိုအဓိကစားသုံးနေကြသူများ ဖြစ်ပါသည်။ အာရှနှင့် ပစိဖိတ်ဒေသတွင် ဆန်စပါးကို လူဦးရေ ၉၀ ရာခိုင်နှုန်းစားသုံးနေကြပါသည်။ ကမ္ဘာ့လူဦးရေသည် စဉ်ဆက်မပြတ်တိုးတက်လျက်ရှိရာ ၂၀၂၅ ခုနှစ်အရောက်တွင် လူဦးရေသန်းတစ်သောင်းအထိ ရောက်ရှိလာနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းတွက်ချက်ထားပါသည်။ တိုးတက်လာသော လူဦးရေနှင့်အညီ စားနပ်ရိက္ခာကိုလည်း မြှင့်တင်ထုတ်လုပ်သွားရန်လိုအပ်လာပြီဖြစ်ပါသည်။ အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သောနိုင်ငံများက စိုက်ပျိုးထုတ်လုပ်မှုအပိုင်းကို မြှင့်တင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (IRRI) မှ ရွှေစပါးနှံဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအစီအမံ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၂၀ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပခဲ့ပါသည်။ ဤအခမ်းအနားကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံအားဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်သွားရန် တိုက်တွန်းလိုက်ခြင်းပင်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် ၁၉၆၀ ပြည့်နှစ်ကတည်းက မြန်မာနိုင်ငံနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ရွှေစပါးနှံဆုချီးမြှင့်ခြင်းနှင့် မဟာဗျူဟာအစီအမံများ စတင်ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံအား ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်သွားရန် တိုက်တွန်းလိုက်ခြင်းပင်ဖြစ်ပါသည်။

မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအစီအမံသည်ကား မြန်မာနိုင်ငံ၏ဆန်စပါးထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ဆန်စပါးဟတ်တာ ၇ ဒသမ ၇ သန်း (ဧက ၁၉ သန်း)စိုက်ပျိုးပြီး အထွက်နှုန်းတစ်ဟတ်တာလျှင် ၄ ဒသမ ၁ မက်ထရစ်တန်ထွက်ရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းစားသုံးမှုအတွက် မက်ထရစ်တန် ၉ ဒသမ ၉ သန်းနှင့် ပြည်ပတင်ပို့ရန်မက်ထရစ်တန် ၆ သန်း စုစုပေါင်း ဆန်မက်ထရစ်တန် ၁၇ ဒသမ ၇သန်းထွက်ရှိနိုင်ရန် မျှော်မှန်းရေးဆွဲထားခြင်းဖြစ်ရာ ဤအစီအမံအရ မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်သွားမည် ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် မိုးစပါးဧက ၁၆ သန်းနှင့် နွေစပါးဧက ၄ သန်းစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရပါသည်။ ဤသို့နှစ်စဉ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ကြိုးပမ်းရာတွင် စိန်ခေါ်မှုများက အမှန်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ရာသီဉတု၏စိန်ခေါ်မှုဖြစ်ပါသည်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် လယ်ယာလုပ်သားများရှားပါးလာခြင်း စသည်တို့သည် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ မိုးခေါင်ခြင်းကြောင့် လယ်မစိုက်ရခြင်း၊ ရေကြီးမှုကြောင့် စိုက်ပျိုးပြီးလယ်များ ပျက်စီးခြင်းနှင့် အချိန်မီမစိုက်နိုင်ခြင်းတို့သည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုရည်မှန်းချက်ကို နှောင့်နှေးသွားစေနိုင်ပါသည်။ သို့ပါ၍ မိုးခေါင်မှုကို ကျော်လွှားနိုင်ရန် ဆည်ရေသောက်စနစ်နှင့် မြစ်ရေတင်စီမံကိန်းများကို အလေးထား ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် တစ်ဧကတင်း ၁၀၀ အထက်ထွက်ရှိသော စပါးမျိုးများကိုလည်း တိုးချဲ့စိုက်ပျိုးသင့်ပါသည်။ သို့မှသာ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုရွေးကောက်ပွဲ နေချုပ်ရုံးသည် ဥပဒေကြောင်းအရ အကူအညီတောင်းပါက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုရွေးနေချုပ် ဒေါက်တာထွန်းရှင်အား မေ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr. Roland Kobia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရွေးနေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမသို့ လာရောက်တွေ့ဆုံဆွေးနွေးသည်။

Mr.Roland Kobia နှင့် EU အဖွဲ့၏ ရွေးကောက်ပွဲဆိုင်ရာ အကြီးတန်းအရာရှိ Ms.Lora Borissova တို့က မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ လေ့လာရန်လာရောက်ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် EU တို့အကြား လက်မှတ်ရေးထိုးမည့်စာချုပ် MoU အပေါ် ပြည်ထောင်ရွေးနေချုပ်ရုံးက စိစစ်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများအပေါ် မိမိတို့ EU အဖွဲ့က အားရကျေနပ်မှုရှိကြောင်း၊ ဥပဒေတစ်ခုနှင့်ပတ်သက်ပြီး ဆောင်ရွက်မှု၊ ပြင်ဆင်မှုနှင့် ရေးဆွဲမှုများကို သိရှိလိုကြောင်း မေးမြန်းဆွေးနွေးသည်။

မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးနေချုပ်က ဖြေကြားရာတွင် ယခုလို စိတ်ဝင်စားမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးနေချုပ် ဥပဒေအရ ပြည်ထောင်စုရွေးနေချုပ်ရုံးအဖြစ် ရပ်တည်လာခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့လာသော ဥပဒေ(မူကြမ်း)များကို စိစစ်ပေးရကြောင်း၊ ဥပဒေ (မူကြမ်း) ရေးဆွဲရာ၌ ဥပဒေကိုစီမံခန့်ခွဲသည့် ဝန်ကြီးဌာနများနှင့် ကော်မရှင်များက ရေးဆွဲပြီး လွှတ်တော်သို့ ဥပဒေကြမ်းကို တင်သွင်းကြောင်း၊ ဥပဒေကြမ်းလက်ခံဆွေးနွေးရန် လွှတ်တော်၌ သဘောတူပါက လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပေးပို့ရကြောင်း၊ ထို့နောက် လွှတ်တော်မှ လုပ်ငန်းပြီးဆုံးပါက နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအားထုတ်ပြန်ဆောင်ရွက်ရကြောင်း၊ ပြည်ထောင်စုရွေးနေချုပ်ရုံးသည် ဥပဒေများကို စိစစ်ပေးရသကဲ့သို့ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် ရွေးကောက်ပွဲကော်မရှင်နှင့် အဖွဲ့ခွဲများက ဥပဒေကြောင်းအရ အကူအညီတောင်းခံလာပါကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်တွင်း ပြည်ပဥပဒေရေးရာကိစ္စရပ်များကို ပြည်ထောင်စုရွေးနေချုပ် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဓာတ်အားအမြန်ပြန်လည်ရရှိရေးဆောင်ရွက်

**ဗဟန်း မေ ၂၂**

ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း မာဇဒါကားအရောင်းပြခန်းရှေ့တွင် မေ ၂၀ ရက်က အများပြည်သူတို့ဓာတ်အားပေးထားသည့် ၆ ဒသမ ၆ ကေဗွီ ဓာတ်တိုင်ကို ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိခဲ့ရာ ဓာတ်တိုင်သုံးတိုင် ကျိုးပဲ့ပျက်စီးပြီး ဓာတ်အားပြတ်တောက်သွားခဲ့သည်။ ဓာတ်အားပြန်လည်ရရှိရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် နံနက် ၇ နာရီက ပြုပြင်ဆောင်ရွက်ခဲ့ရာ ပုံမှန်ဓာတ်အားပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(မြန်မာ့အလင်း)**



**ထင်သာမြင်သာပြုပြင်စရာ**



## ယာဉ်မောင်းများနှင့် ခရီးသည်များလိုလား

မိတ္ထီလာ-သာစည်-တောင်ကြီးသို့သွားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေကြသည့် ယာဉ်ကြီး ယာဉ်ငယ်များနှင့် ခရီးသွားပြည်သူများကို အဝေးပြေးလမ်းမကြီးပေါ်တွင် အန္တရာယ်ပေးနိုင်သည့်သစ်ခြောက်ပင်ကြီး ၁၄ ပင်သည် ထိုကားလမ်းမကြီးပေါ်၌ တည်ရှိနေသည်။

ယခုလိုအဝေးပြေးကားလမ်းမပေါ်တွင် သစ်ခြောက်ပင်ကြီးများသည် လေတိုက်ခတ်နှုန်းပြင်းထန်လာပါက ကားလမ်းမကြီးများပေါ်သို့ ကိုင်းများကျိုးကျခြင်း အပင်ရင်းမှအမြစ်ပြုထွက်၍ လမ်းမပေါ်ကျရောက်ပြီး လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နိုင်သည်။ အဆင်မသင့်ပါက မောင်းနှင်နေကြသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များပေါ်သို့ ကျရောက်ပြီး ခရီးသွားများ၏ အသက် အန္တရာယ်ကိုယ်ပါ ထိခိုက်နိုင်သောကြောင့် သက်ဆိုင်ရာက အမြန်ဆုံးဖယ်ရှားပေးရန် ပြည်သူများ လိုလားနေကြကြောင်း သိရသည်။ **မောင်ကို(သာစည်)**

## ဥပဒေရုံးပန္နက်တင်မင်္ဂလာကျင်းပ

**ဇီးကုန်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် RC တစ်ထပ်ဆောင် ဥပဒေရုံးပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ တိုင်းဒေသကြီးဥပဒအရာရှိ ဦးဇော်လင်းမောင်၊ ဦးဝင်းမောင်ဥက္ကဌ ကော်မရှင်အဖွဲ့ခွဲ၊ ဦးကျော်စိုးညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ သာထက်သာ ကုမ္ပဏီမှ တစ်ထပ် RC ဥပဒေရုံးအသစ်ကို ၂၀၁၅-၂၀၁၆ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂ |
| ဥရောပ | တစ်ယူရို | ၁၂၀၂.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၀.၇၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၆၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၉၉၅ |
| တရုတ် | တစ်ယွမ် | ၁၇၄.၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၈၉ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၃၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၇၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၂၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀-၆၉၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၅၀-၃၀၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။**

# မိဘပြည်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် ရေကူးရေခုန်း အားထုတ်ကြိုးပမ်း

**နေပြည်တော် မေ ၂၂**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားများမှ အဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့်၊ နည်းပြများ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များကတစ်ဖွဲ့ချင်းစီအလိုက် မိတ်ဆက်ဂါရဝပြုကြသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်း (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက လမ်းညွှန်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများ အားလုံးက အားကစားမောင်မယ်များ၏ ဇွဲ ၊ စိတ်ဓာတ်အပြည့်အဝဖြင့် ပွဲမဝင်ခင် အပြင်ကကျင်းပဟူသည့်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခံစား အသိအမှတ်ပြုလျက်ရှိကြပါကြောင်း၊ **"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့် ၊ ရဲရင့်မှ အောင်ပွဲခံ"** ဟူသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်များ တလူလူလွင့်နေပြီဟု မျှော်လင့်ပါကြောင်း။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန် ၁၂ ရက်သာလိုတော့သည့် ယနေ့တွင် အားကစားမောင်မယ် အပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ အသင့်၊ စိတ်ပိုင်းဆိုင်ရာအသင့်၊ အားကစားပညာရပ်ပိုင်းဆိုင်ရာ အသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအသင့် အစစအသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစား လူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်သည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယင်းအခွင့်အလမ်းကောင်းကြီးကို အမိအရ ဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟု ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြပြီ ဖြစ်ပါကြောင်း၊ မိဘပြည်သူများ၏ ယင်းယုံကြည်မျှော်လင့်ချက် အိပ်မက်များကို အကောင်အထည်ဖော်ရန် မောင်မယ်များအနေဖြင့် ရေကူးရေခုန်း အားထုတ်ကြိုးပမ်းသွားကြမည်ဟု အလေးအနက် ယုံကြည်ပါကြောင်း။



ဒုတိယသမ္မတ ဦးညဏ်ထွန်း (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ခမ်းနားသိုက်မြိုက်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူခွင့်ရရှိခဲ့သည့်အတွက် နိုင်ငံသားအားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြရပါကြောင်း၊ အားကစားမောင်မယ်များအနေဖြင့်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၈၆ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခု ရယူပေးနိုင်ခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် နိုင်ငံအလိုက် ဒုတိယအဆင့် ရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အားကစားသမိုင်းတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားနှင့် မြှင့်တင်ပေးနိုင်သည့် ကမ္ပည်းမော်ကွန်းသစ် ထိုးနိုင်ခဲ့ပါကြောင်း။

ယခု (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သည့် ဇွဲ ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြပါ၊ မိမိတို့နှင့် အကျွမ်းတဝင် မဖြစ်သေးသည့် အားကစားနည်းသစ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိနိုင်ရန် အခက်အခဲများ ရှိနိုင်သော်လည်း လာမည့် ဆီးဂိမ်းပြိုင်ပွဲများအတွက် အတွေ့အကြုံကောင်း၊ သင်ခန်းစာကောင်းများ ဖော်ထုတ်ရယူခဲ့ကြပါ၊ နိုင်ငံကြီးသား စိတ်ဓာတ်ဖြင့် တရားမျှတ သန့်ရှင်းစွာယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြပါ၊ အားကစားနှင့် တိုင်းပြည်ဂုဏ် မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအဖြစ် သမိုင်းမော်ကွန်း ရေးထိုးကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းထံ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ထို့နောက် မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကတိပြုစကား ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် ဒုတိယသမ္မတသည် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပြိုင်ပွဲဝင် အားကစားသုံး အထောက်အကူပြုပစ္စည်းများအား လိုက်လံကြည့်ရှုသည်။ **(သတင်းစဉ်)**

## တိုင်းရင်းသူတစ်ထောင်ကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့

**ရန်ကုန် မေ ၂၂**

နယ်စပ်ဒေသနှင့် ကျေးလက်၊ မြို့ပြနေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန် ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် အထည်ချုပ်စက်ရုံများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၃ ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် ခေတ်မီမော်တာစက်ချုပ်သင်တန်းများမှ သင်တန်းကာလ သုံးပတ်တာ ပြီးမြောက်ပါက အလုပ်အကိုင်များ တစ်ပါတည်း ခန့်အပ်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိရာ သင်တန်းအမှတ်စဉ် ရှစ်ခု သင်ကြားပို့ချပြီး သင်တန်းဆင်းတိုင်းရင်းသူ ၁၀၂၅ ဦးကို အလုပ်တာဝန်များ ခန့်အပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၅-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိသည့် "လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပထမရရှိမည့်လိုအပ်ချက်ဖြစ်၍ ပြည်သူများ ပူးပေါင်းပါဝင်" ခေါင်းစာသားအစား "လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပထမရှိရမည့် လိုအပ်ချက်ဖြစ်၍ ပြည်သူများပူးပေါင်းပါဝင်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်းအဖွဲ့)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# တရုတ်နှင့်ရုရှား ပူးတွဲစစ်ရေးလေ့ကျင့်မှုပြီးဆုံး

**မော်စကို မေ ၂၂**

တရုတ်နှင့်ရုရှား ရေတပ်တပ်ဖွဲ့ဝင်များ မြေထဲပင်လယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု ကြာသပတေးနေ့က ပြီးဆုံးသွားပြီဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန အွန်လိုင်းသတင်းများအရ သိရသည်။

နှစ်ဖက်စစ်ဘက်တာဝန်ရှိသူများသည် ရုရှားနိုင်ငံ တောင်ပိုင်း ဒိုဗိုရိုဆင်ဆိပ်ကမ်း၌ကျင်းပသော ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ မေ ၁၁ ရက်မှ စတင်ကာ ပူးတွဲရေတပ်လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

"နှစ်နိုင်ငံရေတပ် တပ်ဖွဲ့ဝင်တွေဟာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပုံစံသစ်တွေနဲ့ စူးစမ်းမှုတွေပြုလုပ်နိုင်ခဲ့ကြပါတယ်။ အပြန်အလှန် အတွေ့အကြုံ ဖလှယ်နိုင်ခဲ့ကြပါတယ်။ ဒီစစ်ရေးလေ့ကျင့်မှုက အောင်မြင်တဲ့စစ်ရေးလေ့ကျင့်မှုဖြစ်ပါတယ်"ဟု တရုတ်ပြည်သူ့လွတ်မြောက်ရေး ရေတပ်မတော်မှ ဒုတိယတပ်မှူး ဒူကျင်ချန်းက ပြောသည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံ ရေတပ်စစ်ရေးကျွမ်းကျင်မှု အရည်အသွေးများ ပိုမိုရရှိခဲ့ကြောင်း ဒူက ထပ်လောင်းပြောကြားသည်။

နှစ်နိုင်ငံရေတပ်အခြေစိုက်စခန်းနှင့် အလှမ်းဝေးစွာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်နိုင်ကြသဖြင့် ကျွမ်းကျင်မှုအဆင့်ရောက်သည့် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်ခဲ့ကြောင်း ရုရှားရေတပ်ဒုတိယအကြီးအကဲ အလက်ဇန္ဒြား ဖီဒိုတန် ကော့က ပြောကြားသည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ရုရှားစစ်သင်္ဘောခြောက်စင်းနှင့် တရုတ်စစ်သင်္ဘောသုံးစင်းတို့ ပါဝင်ပြီး ၂၀၁၂ ခုနှစ်မှစတင်ခဲ့ရာ ယခုအကြိမ်သည် စတုတ္ထအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည်ဟု ဆိုသည်။

**(ဆင်ဟွာ)**




တရုတ်-ရုရှား စတုတ္ထအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။

# ယီမင်ရှိ အကူအညီပေးရေးစခန်း ဆော်ဒီအမြောက်ထိမှန်၍ ဒုက္ခသည်ငါးဦးသေဆုံး



**ကိုင်ရို မေ ၂၂**

ကုလသမဂ္ဂဦးဆောင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ကြာသပတေးနေ့က ယီမင်ရှိ နိုင်ငံတကာအကူအညီပေးရေးစခန်းကို ဆော်ဒီက အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် အီသီယိုးပီးယား ဒုက္ခသည်ငါးဦး သေဆုံးခဲ့ကြောင်း ဒေသတွင်း သတင်းဖော်ပြချက်များအရ သိရသည်။

ယီမင်နယ်စပ်တစ်လျှောက်ရှိ မေဒီးမြို့ပေါ်သို့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အခြားဒုက္ခသည် ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နှင့် ဆော်ဒီဦးဆောင်သော အာရပ်မဟာမိတ်အဖွဲ့များက နှစ်လကြာ ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

ဆော်ဒီပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်ချုပ် အာမက်အဆာရီကမူ ယခုကိစ္စသည် ဆော်ဒီ ပါဝင်ပတ်သက်မှုမရှိကြောင်း ပြောပြီး ဟူသီသူပုန်များကို ပြစ်တင်ပြောဆိုခဲ့သည်။ အကယ်၍ ယခုသတင်းသည် မှန်ကန်မှုရှိလျှင် ၎င်းဒေသတွင် အများဆုံးရှိနေကြသည့် ဟူသီများ၏ တာဝန်သာဖြစ်ကြောင်း ရိုက်တာသို့ ပြောကြားခဲ့သည်။

ထိန်းချုပ်ခံ မြောက်ပိုင်းဒေသရှိ ပြည်သူများသေဆုံးမှုအတွက် ဒေသခံများနှင့်တာဝန်ရှိသူများက ဆော်ဒီလက်ချက်ဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း ဆော်ဒီအာရေဗျဘက်မှ ငြင်းဆိုခဲ့သည်။

မတ် ၂၆ ရက်က အာရပ်ညွန့်ပေါင်းအစိုးရ၏ ဝင်ရောက်စွက်ဖက်မှုမှ အစပြု၍ ဖြစ်ပေါ်လာသော ပဋိပက္ခများကို ဖြေရှင်းရန် နည်းလမ်းတစ်ခုအဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၂၈ ရက်၌ ဂျိနီဗာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

ယီမင်သမ္မတ၏ ပြောခွင့်ရပုဂ္ဂိုလ် ဘဂျာဘာဒီကမူ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ သို့သော်လည်း ကြာသပတေးနေ့က နိုင်ငံတစ်ဝန်း ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။**(ရိုက်တာ)**

# တင့်ကားဖျက်လက်နက် ၂၀၀၀ကျော် အမေရိကန်က အီရတ်သို့ပို့

**ဝါရှင်တန် မေ ၂၂**

အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရာတွင် အထောက်အပံ့ဖြစ်ရန် အီရတ်သို့ တင့်ကားဖျက်လက်နက် ၂၀၀၀ ကျော် ပေးပို့လျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အဆိုပါလက်နက်များသည် လာမည့်သီတင်းပတ်တွင် စောနိုင်သမျှ စောစောရောက်ရှိလိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် အဆိုပါလက်နက်များအပြင် အခြားသော စစ်လက်နက်ပစ္စည်းများကိုလည်း ပေးပို့သွားနိုင်ရန်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် စတီဗင်ဝါရင်က ပြောသည်။

ပြီးခဲ့သောတစ်လက အမေရိကန်အနေဖြင့် အီရတ်တပ်မတော်သို့ မဟာမိတ်နိုင်ငံများမှလှူဒါန်းသော လက်နက်ငယ်ကျည် ၂၂ သန်းနှင့် မော်တာကျည် ၁၂,၀၀၀ ကူညီပို့ဆောင်ခဲ့ပါကြောင်း ဝါရင်က ပြောသည်။

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီ ဧပြီလကဝါရှင်တန်သို့ သွားရောက်လည်ပတ်ပြီးကတည်းက အမေရိကန်က အီရတ်သို့လက်နက်ကြီး၊ လက်နက်ငယ်များအပါအဝင် လက်နက်အမျိုးမျိုးပေးပို့လျက်ရှိသည်။

အဆိုပါလက်နက်များကို အီရတ်ဗဟိုအစိုးရတပ်များသို့ ပေးပို့နေသကဲ့သို့ ကာဒစ်နှင့်ဆွန်နီ တိုက်ခိုက်ရေးသမားများထံသို့လည်း ပေးပို့နေကြောင်း ဝါရင်က ပြောသည်။ **(ဆင်ဟွာ)**

# ရေနံသုံးစွဲမှုတွင် အမေရိကန်ကို ဆော်ဒီအာရေဗျကျော်လွန်

**နယူးယောက် မေ ၂၂**

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့် ငါးနှစ်ကျော်ကာလကတည်းက ကမ္ဘာ့အင်အားအကြီးမားဆုံး ရေနံလောင်စာစွမ်းအင်သုံးစွဲသူ ဖြစ်လာရေးဦးတည် ဆောင်ရွက်ခဲ့သော်လည်း ကမ္ဘာ့ရေနံတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျက အမေရိက၏ ရေနံဈေးကွက်စံချိန်ကို တိတ်တဆိတ်ချိုးနိုင်ခဲ့သည်။

ဇွန်လမှစ၍ ဩဂုတ်လတစ်လျှောက်လုံး ရီယာ့ဒ်ရှိ အပူချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက် (၃၈ ဒီဂရီဆဲစီးရပ်စ်)အထက် မြင့်တက်လာသောအခါ ဆော်ဒီအာရေဗျသည် ရေနံစိမ်းတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို အရှိန်ပြည့် လည်ပတ်နေသော လောင်စာ ဓာတ်အားပေးစက်ရုံများသို့ ပြောင်းလဲတင်ပို့ခဲ့သည်။ အကျိုးဆက်အနေဖြင့် ဆောင်းရာသီမှ နွေရာသီကာလအထိ ရေနံသုံးစွဲမှုတွင် ဆော်ဒီအာရေဗျသည် အမေရိကန်နိုင်ငံကို သာလွန်ခဲ့သည်။

နွေရာသီ ကျောင်းပိတ်ရက်တွင် ဓာတ်ငွေ့ပိုမိုသုံးစွဲလာမှုကြောင့် ယခင်နှစ်များထက် ၁၀ ရာခိုင်နှုန်း ပိုလာသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ယခုနှစ်နွေရာသီတွင် ပြည်တွင်း ရေနံစိမ်းသုံးစွဲမှုနှင့် လောင်စာသုံးစွဲမှုနှုန်း ပိုလာခဲ့ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောသည်။ **(ရိုက်တာ)**




# အိန္ဒိယတွင် သွပ်ဓာတ်ကြွယ်ဝသော စပါးမျိုးစိတ်သစ်တစ်မျိုး အောင်မြင်စွာစမ်းသပ်ထုတ်လုပ်

**ရိုင်ပူရ် မေ ၂၂**

သိပ္ပံပညာရှင်များသည် ရိုင်ပူရ်မြို့တွင် အရည်အသွေးမြင့် သွပ်ဓာတ်ကြွယ်ဝသော ဆန်စပါးမျိုးစိတ်များကို တိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် မျိုးနွယ်စုများနေထိုင်ရာ ချာတစ်ဂါဒေသတွင် ကလေးခုနစ်သန်းနီးပါး အာဟာရဓာတ်ချို့တဲ့နေခြင်းကို တိုက်ဖျက်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ချာတစ်ဂါသွပ်မျိုးစပါး-၁ဟု အမည်ပေးထားသော အဆိုပါစပါးမျိုးစိတ်သည် အိန္ဒိယနိုင်ငံတွင် ပထမဆုံး သွပ်ဓာတ်ကြွယ်ဝသော ဇီဝစပါးမျိုးစိတ်ဖြစ်လာမည်ဖြစ်ကြောင်း နိုင်ငံလုံးဆိုင်ရာ စပါးမျိုးကွဲများထုတ်ပြန်ကြေညာရေးကော်မတီက ပြောခဲ့သည်။

အဆိုပါအရည်အသွေးမြင့် သွပ်ဓာတ်ကြွယ်ဝသော ဆန်စပါးမျိုးစိတ်သစ်ကို လာမည့် စပါးစိုက်ရာသီတွင် စတင်စမ်းသပ် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရိုင်ပူရ်မြို့ရှိ အင်ဒီရာဂန္ဓီစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခ ဂီးရစ်ချန်နယ်ဦးဆောင်သော သုတေသနပညာရှင်များက သွပ်ဓာတ်ကြွယ်ဝသော စပါးမျိုးစိတ်နှစ်ခုကို အောင်မြင်စွာ စမ်းသပ်အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၎င်းမျိုးစိတ်နှစ်ခုအနက် မျိုးစိတ်တစ်ခုကို ဖြန့်ချိလိုက်ခြင်းဖြစ်သည်။

ဆာလောင်မွတ်သိပ်မှုကို တိုက်ဖျက်ရန်ရည်ရွယ်လျက် နိုင်ငံတွင်း အစိမ်းရောင်တော်လှန်ရေးစတင်သည့်အချိန်ကတည်းက မိမိတို့သည် စပါးအထွက်နှုန်းတိုးအောင် ကြိုးစားခဲ့ကြောင်း၊ ထို့ကြောင့် ဆန်စပါးအထွက်နှုန်းကောင်းအောင် ပိုမိုလုပ်ဆောင်နိုင်ခဲ့ကြောင်း ပါမောက္ခချန်ဒယ်က ပီတီအိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် စိုက်ပျိုးရေးသုတေသနဌာနနှင့် ကျန်းမာရေးအဖွဲ့များ ပေါင်းစပ်၍ စစ်တမ်းများကောက်ယူခဲ့ရာ လူဦးရေ၏ ၆၀-၇၀ ရာခိုင်နှုန်းမှာ အာဟာရချို့တဲ့မှုကို ခံစားနေရကြောင်း လေ့လာတွေ့ရှိခဲ့သည်။ အထူးသဖြင့် သံဓာတ်၊ သွပ်ဓာတ်နှင့် ဗီတာမင်အေဓာတ်များ ပိုမိုချို့တဲ့ကြောင်း ၎င်းအဖွဲ့က လေ့လာတွေ့ရှိခဲ့သည်။ **(ပီတီအိုင်)**

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd. တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Moblile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**







# ဆရာတော်ဘဒ္ဒန္တစာရိတ္တ၏ သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဂုဏာပူဇာသဘင်ကျင်းပမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဓနသိဒ္ဓိရပ်ကွက်အနီး သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစာရိတ္တ၏ သာသနဓဇဓမ္မာစရိယဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဂုဏာပူဇာသဘင် ဆင်ယင်ကျင်းပခြင်းအခမ်းအနားကို ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် (မေ ၃၁ ရက်) နံနက် ၈ နာရီတွင် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂုဏာပူဇာသဘင်အခမ်းအနားအထိမ်းအမှတ်အဖြစ် မေ ၂၉ ရက်တွင် အရှင်သုမန (မဟာစည်နယ်လှည့်ဓမ္မကထိက)ဆရာတော်နှင့် မေ ၃၀ ရက်တွင် ဘဒ္ဒန္တစာရိတ္တ (သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ) ဆရာတော်များက ဓမ္မပူဇာသဘင်နှင့် တရားရေအေးအမြိုက်ဆေး တိုက်ကျွေးဟောပြောမည်ဖြစ်ပြီး မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် လဝန်းရတနာဇာတ်သဘင်အဖွဲ့မှ ဂုဏ်ပြုပူဇော် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

❖ *ကျော့ဖုံးမှ*

၎င်းမြိတ်မြို့မှ စက်လှေတစ်စင်းမှာ အလျား ၆၈ ပေ၊ အနံ ၁၆ ဒသမ ၉ ပေ၊ ရေစူး ငါးပေ၊ အင်ဂျင် (TWK-6) တပ်ဆင်ထားပြီး ထိုင်းလူမျိုး အုမင့် ပိုင်ဆိုင်သောစက်လှေသို့ ရိက္ခာလိုက်ပို့ခြင်းဖြစ်ကြောင်း၊ ၎င်းစက်လှေမှာ မေ ၄ ရက်က ကော့သောင်းမှ ထွက်ခွာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်သို့ မေ ၁၂ ရက်က ရောက်ရှိခဲ့ပြီး မေ ၂၁ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်သည်။

အဆိုပါ စက်လှေနှစ်စင်းပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား၊ စစ်တကောင်းနှင့် ဒါကာမြောက်ခြမ်းတွင် နေထိုင်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး၊ မြိတ်၊ ထားဝယ်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ လှေသမား ၁၇ ဦးနှင့် နိုင်ငံသားစိစစ်ဆဲ စကားပြန် ဘင်္ဂါလီသုံးဦး စုစုပေါင်း ၂၂၈ ဦး လိုက်ပါလာကြောင်း၊ ၎င်းတို့မှာ အသက် ၁၄ နှစ်ခန့်ရှိသူ ၁၀ ဦး နှင့် အသက် ၃၀ မှ ၄၀ နှစ်ခန့်ရှိသူများ ဖြစ်ကြောင်း သိရသဖြင့် ထိန်းသိမ်းခေါ်ဆောင်ခဲ့ပြီး မေ ၂၂ ရက် နံနက်ပိုင်းတွင် အငူမော်ကျေးရွာ၌ သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

၎င်းပင်လယ်တွင်း လှေစီးဒုက္ခသည်များအား အလယ်သံကျော်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ခေါ်ဆောင်၍ ယာယီစခန်းဖွင့်လှစ်ကာ လိုအပ်သော စိစစ်မှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်းနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) မှလည်း ထောက်ပံ့ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လူမှောင်ခိုစက်လှေအတွင်း လိုက်ပါလာသော ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား တွေ့ရစဉ်။ (သတင်းစဉ်)

# မြန်မာ့ပင်လယ်ပြင်ပိုင်နက်အတွင်း ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ သယ်ဆောင်လာသည့် လူမှောင်ခိုလှေ(၂)စင်းအား ဖမ်းဆီးရမိသည့် နေရာပြမြေပုံ




ရည်ညွှန်းချက်

● လူမှောင်ခိုလှေ(၂)စင်းအား ဖမ်းဆီးရမိသည့်နေရာ

# နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်

ရန်ကင်း

ယခုတလော ဂျာနယ်တွေ၊ ပုဂ္ဂလိကသတင်းစာတွေကလည်း ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ သတင်းတွေ၊ Boat People သတင်းတွေ၊ NLD ခေါင်းဆောင်ရဲ့ လှုပ်ရှားမှုသတင်းတွေကို အသားပေးရေးနေတာတွေ့ရပါတယ်။ လွှတ်တော်ကြီးကလည်း ပထမသက်တမ်းရဲ့ နောက်ဆုံးအကြိမ် အစည်းအဝေးမို့ ကျယ်ကျယ်လောင်လောင်နဲ့ တက်သုတ်ရိုက် ကျင်းပနေကြပါတယ်။ တစ်လျှောက်လုံးကြားနေရတဲ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲ၊ ခြောက်ပွင့်ဆိုင် ဆွေးနွေးပွဲသတင်းတွေ ပေါ်ပြူလာဖြစ်နေရာကနေ နက်နက်ရှိုင်းရှိုင်း တွေးဆရေးနေကြရာကနေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်မဲ့နေမှာမို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်ပေးရေးဥပဒေကြမ်း အမြန်ဆုံးရေးဆွဲသင့်ကြောင်း အဆိုတင်သွင်းဆုံးဖြတ်တဲ့သတင်းက ပိုမိုစိတ်ဝင်စားလာကြတာကိုလည်း တွေ့မိပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့အတွက် လေးပွင့်ဆိုင်တွေတောင်း၊ ခြောက်ပွင့်ဆိုင်တွေ တောင်း၊ ၅၉(စ) ပြင်ဆင်ရေး Campaign တွေလုပ်၊ တစ်ခါမဟုတ်ပြန်ဘူး အခြေခံဥပဒေ ပြင်ဆင်ရေးတံခါးပေါက်ဖြစ်တဲ့ ၄၃၆(က) ပြင်ဆင်ရေးဆိုတဲ့ Campaign အကြီးကြီးတွေလုပ်၊ ပါတီထိပ်သီးချင်းမဟာမိတ်ဖွဲ့ စသည်ဖြင့် အခြေခံဥပဒေပြင်ဆင်ရေး လှုပ်ရှားနေချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်ပေးတဲ့ဥပဒေပြဋ္ဌာန်းရန်ဆိုပြီး အဆိုတင်သွင်းဆုံးဖြတ်တဲ့ သတင်းမျိုးက စာဖတ်သူတွေကို ဆွဲဆောင်မှုကောင်းတဲ့ သတင်းဖြစ်လာတာကလည်း မဆန်းပါဘူး။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးချယ်တင်မြှောက်ခံမယ့် ကိုယ်စားလှယ်လောင်းတွေအတွက် မဲဆွယ်စည်းရုံးခွင့်ရရှိဖို့ မကြာခင်ညွှန်ကြားချက်တွေ ထုတ်ပေးတော့မယ်လို့ဆိုပါတယ်။ ဒါနဲ့ပဲ ရွေးကောက်ပွဲအရှိန်မြင့်နေတုန်းမို့ ဒီဆောင်းပါးလေးကိုရေးဖြစ်တာပါ။ ဥပဒေပြဋ္ဌာန်းချက်တွေကို ကိုးကားရတာက တစ်ခါတစ်ရံမှာ မချောမွေ့မှုဖြစ်စေတာလည်း ခံစားမိပါတယ်။ ဥပဒေဆိုတာက ဒီလိုအကိုးအကားပြုပြီး လမ်းညွှန်ချက်အနေနဲ့ အသုံးပြုရတာလည်း ရှိနေတာ မဟုတ်ပါလား။

တင်ပြချင်တဲ့အကြောင်းအရာက ဒီလိုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က)မှာ **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"** လို့ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၆၄ မှာတော့ **"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ"** လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ အဓိပ္ပာယ်သက်ရောက်တဲ့ ပြဋ္ဌာန်းချက်တွေကို ပြည်ထောင်စုဝန်ကြီး ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၂(ဈ)၊ ဒုတိယဝန်ကြီး ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၄(စ)၊ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်ခံရသူအတွက် ၂၃၇(ဇ)၊ ဒုတိယရှေ့နေချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၉(ဂ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၄၂(ဆ)၊ ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၄၄(ဂ)၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၈၅(ဆ) တို့မှာ တွေ့ရပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၆၁(က)မှာ **"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်"** ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ) မှာ **"ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်"** ဟု လည်းကောင်း၊ ပုဒ်မခွဲ(ဂ)မှာ **"နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြု"** ဟု လည်းကောင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

စိတ်ဝင်စားမိတဲ့ပြဋ္ဌာန်းချက်ကတော့ **"နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ"** လို့ ပုဒ်မ ၆၄ မှာ ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ အရေးပါတာနှစ်ခုကို တွေ့မြင်လိုက်မိတယ်။ **"ပါတီလုပ်ငန်း"** ဆိုတာရယ်၊ **"မိမိတို့ရာထူးသက်တမ်းအတွင်း"** ဆိုတာရယ်ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း ပုဒ်မ ၄၂၄ မှာ **"နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်းကောင်း ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကို လည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်"** လို့ ပြဋ္ဌာန်းထားတာကိုလည်း တွေ့မိပါတယ်။ ကျွန်တော့်အနေနဲ့ လူအများလေ့လာသင့်လို့ တင်ပြချင်တဲ့အကြောင်းအရာလို့ပဲ စာဖတ်သူများနားလည်ပေးစေလိုပါတယ်။ ပြီးတော့ ဝေဖန်သုံးသပ်ကြဖို့လည်း တိုက်တွန်းပါရစေ။

လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံတော်သမ္မတဖြစ်သူဟာ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့်ရှိပြီး ဒါကလည်း နိုင်ငံသားတိုင်း ရကိုရရမယ့် အခွင့်အရေးလည်းဖြစ်ပါတယ်။ (အရွေးခံတာ၊ မခံတာ ကျွန်တော်မသိပါ။) ဒါပေမယ့် ပုဒ်မ ၆၄ မှာ **"မိမိတို့ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများကို မဆောင်ရွက်ရ"** လို့ ဆိုထားပြန်တယ်။ ဒီလိုဆိုရင် ရွေးကောက်ပွဲမှာ အခွင့်အရေးတူညီစွာနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မဲဆွယ်စည်းရုံးမှုတွေ ဆောင်ရွက်ကြခြင်းဟာ လက်ရှိတာဝန် ထမ်းဆောင်နေတဲ့သမ္မတ၊ ဒုတိယသမ္မတများအနေနဲ့ ဆောင်ရွက်ခွင့်ရှိပါသလားလို့မေးရပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါတီလုပ်ငန်းများကို မဆောင်ရွက်ရလို့ဆိုရင် ဒီ **"ပါတီလုပ်ငန်း"** ဆိုတဲ့စကားရပ်ဟာ မဲဆွယ် စည်းရုံးခြင်းဆိုတာနဲ့ ကွဲလွဲဖို့လိုပါလိမ့်မယ်။ တစ်နည်းအားဖြင့် ပါတီလုပ်ငန်းဆိုတဲ့အထဲမှာ မဲဆွယ်စည်းရုံးတာပါနေရင် လက်ရှိသမ္မတနဲ့ ဒုတိယသမ္မတများရဲ့ မဲဆွယ်စည်းရုံးခွင့်ကို ကန့်သတ်လိုက်တာ ဖြစ်သွားမှာပါ။ ဒါဆိုရင် တရားမျှတစွာ ယှဉ်ပြိုင်နိုင်ခွင့်ကို သမ္မတ၊ ဒုတိယသမ္မတဖြစ်လို့ လက်လွှတ်ဆုံးရှုံးရမယ့်သဘောဖြစ်နေပါတယ်။ ဒီဆောင်းပါးရဲ့ရှေ့ပိုင်းမှာ ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ နိုင်ငံရေးရာထူးတာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်အသီးသီးအတွက်လည်း ဒီသဘောသက်ရောက်နေပါတယ်။

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုပါမှတော့ ညီတူညီမျှ အခွင့်အရေးမရလို့မဖြစ်ပါဘူး။ ဒီအခွင့်အရေးလည်းမရပြန်၊ အုပ်ချုပ်မှုအာဏာကိုဗန်းပြပြီး မဲဆွယ်စည်းရုံးပါတယ်ဆိုတဲ့ စွပ်စွဲမှုလည်း အတိုက်အခိုက်ခံရမယ်ဆိုရင် မမျှတတော့ပါဘူး။ ဒီလိုဆိုရင်တော့ မျှတတဲ့ပြိုင်ဆိုင်မှုပုံစံ မဟုတ်တော့သလို ကောင်းမွန်တဲ့အနာဂတ်ဖော်ဆောင်မယ့် ခေါင်းဆောင်ရွေးချယ်ဖို့အတွက် မဲဆန္ဒရှင်တွေရဲ့ အခွင့်အလမ်းလျော့ပါးနေတာကို ရှင်းရှင်းလင်းလင်းမြင်ရပါပြီ။

ရွေးကောက်ပွဲတွေက နီးလာပြီဆိုတော့ အသံတွေအမျိုးမျိုးထွက်နေကြပါပြီ။ အကြောင်းအမျိုးမျိုးပြပြီး ကြိုတင်စည်းရုံးမဲဆွယ်တဲ့သူတွေကလည်း ဟန် ပြည့် မာန်ပြည့်နဲ့ လက်သီးလက်မောင်းတန်း ဆောင်ရွက်နေကြပါပြီ။ အင်အားနည်းတဲ့ ပါတီငယ်တွေအဖို့တော့ လှုပ်လှုပ်ရှားရှားလုပ်နိုင်တဲ့ အနေအထား မတွေ့ရသေးပါဘူး။ လုပ်သင့်တာ ကြိုတင်လုပ်ဖို့လည်း ကျန်နေပါသေးတယ်။ အဲဒီတော့အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ကိစ္စရပ်ကို အောက်ပါအတိုင်း နှိုင်းယှဉ်ပြီး လေ့လာကြည့်စေချင်ပါတယ်-

| စဉ် | ရပိုင်ခွင့်ပြဋ္ဌာန်းချက် | ကန့်သတ်ထားသောပြဋ္ဌာန်းချက် |
| --- | --- | --- |
| (၁) | **ပုဒ်မ ၃၈ (က)**<br>နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ | **ပုဒ်မ ၆၄**<br>နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။ |
| (၂) | **ပုဒ်မ ၆၁**<br>(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။<br>(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါနိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက် ထမ်းဆောင်ရမည်။<br>(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။ | |
| (၃) | **ပုဒ်မ ၄၂၄**<br>နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် လည်းကောင်း ပြည်ထောင်စုလွှတ်တော် သက်တမ်း ကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ နိုင်ငံတော်သမ္မတ အသစ်နှင့် ဒုတိယသမ္မတ အသစ်တို့ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အသစ်နှင့် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌအသစ် တို့ကို လည်းကောင်း ရွေးချယ် တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်။ | |
| (၄) | **ပုဒ်မ ၄၀၆**<br>နိုင်ငံရေးပါတီ တစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေ နှင့်အညီ-<br>(က) လွတ်လပ်စွာစည်းရုံး ခွင့်ရှိသည်၊<br>(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ | |

ဒီပုဒ်မ ၆၄ ပြဋ္ဌာန်းချက်ပါ **"ပါတီလုပ်ငန်း"** ဆိုတဲ့ စကားရပ်နဲ့ ပတ်သက်လို့ လိုက်လံရှာဖွေ လေ့လာကြည့်တဲ့အခါ သရေစည်သူ ဦးအေးမောင်ရဲ့ ရှင်းလင်းချက်မှာ သွားတွေ့ရပါတယ်။ ရှင်းလင်းထားတာက နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များဖြစ်ကြောင်း၊ ဒါကြောင့် နိုင်ငံရေးပါတီဝင်ဖြစ်လျှင် ယင်းပါတီနိုင်ငံရေးအကျိုးစီးပွားထက် အမျိုးသားနိုင်ငံရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ ဒါကြောင့် မိမိတို့ပါတီလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အမျိုးသားနိုင်ငံရေးကိုဆောင်ရွက်ဖို့ ယင်းသို့ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် နားလည်ဖို့ခက်ခဲတဲ့ကိစ္စက **"ပါတီလုပ်ငန်း"** ဆိုတာဘာလဲ၊ **"မဲဆွယ်စည်းရုံးခြင်း"** ဆိုတာ ပါတီလုပ်ငန်းထဲပါသလား ဒါတွေရှင်းမှဖြစ်မှာပါ။ ဒီလိုမဟုတ်ဘဲ လိုရာဆွဲသုံးကြလို့ မဲဆန္ဒရှင်တွေ နားလည်မှုလွဲကုန်ဦးမယ်။

တကယ်တော့ပါတီလုပ်ငန်းဆိုတာက ကိုယ်ပါဝင်တဲ့ပါတီရဲ့ အကျိုးစီးပွားမြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ကြရတဲ့ နိစ္စဓူဝလုပ်ငန်းများ၊ တစ်နည်းအားဖြင့် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီများစုံညီစွာဖြင့် ပါတီအကျိုးစီးပွားအတွက် ဆောင်ရွက်ကြတဲ့ လုပ်ငန်းများ၊ အဆင့်ဆင့်သော ပါတီစည်းရုံးရေးအဖွဲ့များရဲ့ အလုပ်အမှုဆောင်အဖွဲ့ အသီးသီးတို့ ဆောင်ရွက်ကြတာတွေကို ဆိုလိုတာဖြစ်ပါတယ်။ ပါတီဝင်တစ်ဦးအနေနဲ့ ရွေးကောက်တင်မြှောက်ခံဖို့အတွက် မဲဆွယ်စည်းရုံးတာကို ပါတီလုပ်ငန်းထဲမှာ အကျုံးဝင်တယ်လို့ဆိုရင်တော့ အခွင့်အရေးပေးထားတယ်၊ ရပိုင်ခွင့်လည်းရှိတယ်၊ ဒါပေမယ့် မယူရဘူးလို့ပြောတာနဲ့အတူတူပဲဖြစ်နေပါပြီ။

ဒို့ပြင် ပုဒ်မ ၄၀၆ မှာ **"နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ-** (က) လွတ်လပ်စွာစည်းရုံးခွင့်ရှိသည် (ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။" လို့ ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။ ဒါတွေလေ့လာပြီးရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေရဲ့အနှစ်သာရဟာ ရှင်းရှင်းလင်းလင်းရှိတာကို သိမြင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်ပြည်သူများနားလည်နိုင်ဖို့က ပိုအရေးကြီးပါတယ်။

*စာမျက်နှာ ၇ သို့*

> **ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုပါမှတော့ ညီတူညီမျှ အခွင့်အရေးမရလို့မဖြစ်ပါဘူး။ ဒီအခွင့်အရေးလည်း မရပြန်၊ အုပ်ချုပ်မှုအာဏာကို ဗန်းပြပြီး မဲဆွယ်စည်းရုံးပါတယ်ဆိုတဲ့ စွပ်စွဲမှုလည်း အတိုက်အခိုက်ခံရမယ်ဆိုရင် မမျှတတော့ပါဘူး။ ဒီလိုဆိုရင်တော့ မျှတတဲ့ ပြိုင်ဆိုင်မှုပုံစံမဟုတ်တော့သလို ကောင်းမွန်တဲ့ အနာဂတ်ဖော်ဆောင်မယ့် ခေါင်းဆောင်ရွေးချယ်ဖို့အတွက် မဲဆန္ဒရှင်တွေရဲ့ အခွင့်အလမ်းလျော့ပါးနေတာကို ရှင်းရှင်း လင်းလင်း မြင်ရပါပြီ။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး



# အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာတင်ပြချက်များဆွေးနွေး

**နေပြည်တော် မေ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတမှပေးပို့သော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးကျော်လွင်ကလည်းကောင်း၊ စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၅,၈၈၈ သန်း ချေးယူခွင့်နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ချေးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးကိစ္စအပါအဝင် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာအပိုဒ်(၂၄)မှ (၃၃) အထိ ပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ ဆောင်ရွက်ပြီးစီးမှု အခြေနေများအပါအဝင် လက်ရှိကာလအထိ တိုးတက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့် စက်ရုံဟောင်းဝင်းအတွင်းရှိ မြေဧက ၉၀ ခန့်ကို ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်မည့် တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းဆောင်ရွက်ရန်သင့်/မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ဆိုင်းငံ့ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုတင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက ထောက်ခံကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်မြေမှ စွန့်လွှတ်မြေများကို တောင်သူများထံသို့ ပုံစံ-၇ ထုတ်ပေး

**မင်းလှ မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရွှေဝါမြိုင်ကျေးရွာ အုပ်စုတွင် တပ်မတော်မြေမှစွန့်လွှတ်သစ်တော ပယ်ဖျက်မြေများအား လက်ရှိလုပ်ကိုင်နေသည့် တောင်သူများ၏ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းအခမ်းအနားကို ရွှေဝါမြိုင်ဘုန်းတော်ကြီးကျောင်း၌ မေ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က လယ်ယာမြေလုပ်ကိုင်ခွင့်များအကြောင်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်ဦးက(ပုံစံ- ၇ ) ထုတ်ပေးသည့်အကြောင်းများကို ရှင်းလင်းပြောကြားသည်။ တပ်မတော်မြေမှ စွန့်လွှတ်မြေများကို လက်ရှိလုပ်ကိုင်နေသည့် ရွှေဝါမြိုင်ကျေးရွာအုပ်စု သင်အိုင်ကျေးရွာ အုပ်စု၊ ညောင်ကုန်းကျေးရွာအုပ်စုတို့မှ လယ်လုပ် တောင်သူ ၃၈ ဦး ၁၇၈ ဒသမ ၁၂ ဧရိယာဧကနှင့် ခြံမြေလုပ်ကိုင်သူ ရှစ်ဦး ၃ ဒသမ ၃၁ ဧရိယာဧကတို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။ **ပေါက်စ(iprd)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်အသစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေး အတွင်းဝန်အသစ် ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံခြားရေးအတွင်းဝန်အသစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Shri Gautam Mukhopadhaya လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်အသစ် ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# လယ်ဝေးမြို့တွင် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများ စတင်ထုတ်ချေး

**လယ်ဝေး မေ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အမှတ်(၂)နှင့် အမှတ်(၃)ရပ်ကွက်တို့မှ တောင်သူ ၅၀ အား မြို့နယ်မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၅ ခုနှစ် မိုးရာသီ(စပါး)သီးနှံထုတ်လုပ်မှု ဘဏ်ချေး ငွေများကို မေ ၂၁ ရက်မှ စတင်ထုတ်ချေးလျက်ရှိကြောင်း သိရသည်။



ဆက်လက်၍ ပေးဆပ်ရန်အချိန် စေ့ရောက်ပြီး ချေးငွေများပြေကျေသည့် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက် ကျေးရွာအုပ်စုများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ၏ ချေးငွေညွှန်ကြားချက်နှင့် အညီ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့်ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း လယ်ဝေးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမြင့်ဟန်ထံမှ သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

*စာမျက်နှာ ၆ မှ*

နောက်တစ်ခါ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သမ္မတ၊ ဒုတိယသမ္မတများ၊ နိုင်ငံရေးရာထူး တာဝန်ထမ်းဆောင်နေသူများအနေနဲ့ ဥပဒေကခွင့်ပြုပေးထားတဲ့ ဒုတိယမြောက်သက်တမ်းအတွက် ရွေးကောက်ပွဲဝင်ကြမယ်ဆိုရင် မဲဆန္ဒနယ်ကိုမသွားဘဲ မဲဆွယ်စည်းရုံးမှုမပြုဘဲ ဝင်ပြီးယှဉ်ပြိုင်ကြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လည်း ဥပဒေပြဋ္ဌာန်းပြီး အခွင့်အရေးပေးထားတာဖြစ်ပါတယ်။

အထူးသဖြင့် သမ္မတနဲ့ ဒုတိယသမ္မတများအဖို့ ဒုတိယသက်တမ်းအတွက် ကြိုတင်မဲဆွယ် စည်းရုံးပြီး ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိပါလျက်နဲ့ "ပါတီလုပ်ငန်းများမဆောင်ရွက်ရ" ဆိုတဲ့ ကန့်သတ်ချက်က တားဆီးကန့်သတ်နေမယ်ဆိုရင်တော့ ဒီ "ပါတီလုပ်ငန်း" ဆိုတဲ့စကားရပ်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါပြီ။ တာဝန်ရှိသူက အဓိပ္ပာယ်ဖွင့်ဆိုပေးသင့်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတနဲ့ဒုတိယသမ္မတများဟာ အလုပ်တာဝန်ကနုတ်ထွက်ပြီး မဲဆွယ်စည်းရုံးတာ၊ ရွေးကောက်ပွဲ ဝင်တာမျိုး လုပ်လို့မရပါဘူး။ ဒီပုဂ္ဂိုလ်သုံးဦးဟာ အမျိုးသားခေါင်းဆောင်များဖြစ်ပြီး နောင်ပေါ်ပေါက်လာမယ့် ခေါင်းဆောင်ပုဂ္ဂိုလ်အသစ်သုံးယောက်သို့ အသီးသီးတာဝန်လွှဲပေးဖို့ ရှိနေရဦးမှာဆိုတာ ဥပဒေပြဋ္ဌာန်းချက်တွေမှာ ပေါ်လွင်ပြီးဖြစ်နေလို့ပါပဲ။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ အလုပ်သင့်ဆုံးအလုပ်တစ်ခုအဖြစ် "ပါတီလုပ်ငန်း" ဆိုတဲ့စကားရပ်ကို ရှင်းရှင်းလင်းလင်းနဲ့ အများပြည်သူတွေ နားလည်အောင် အဓိပ္ပာယ်ဖွင့်ဆိုပေးရမယ်လို့ ကျွန်တော်နားလည်မိပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုပေးရမယ့် အဖွဲ့အစည်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တာဝန်ပေးပြီးသားမို့ လုပ်သင့်တာလုပ်ကြမယ်လို့ ထင်ပါတယ်။

ဒီလို "မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ" လို့ ကန့်သတ်ထားချက်ဟာ ရှင်းလင်းသင့်လျော်ကြောင်း ကျွန်တော်တင်ပြပြီးပါပြီ။ သို့သော်လည်း လက်တွေ့အသုံးချတဲ့အခါမှာ "ပါတီလုပ်ငန်း" ဆိုတဲ့ စကားရပ်ကိုသာ ရှင်းလင်းဖို့လိုတဲ့ အကြောင်းတင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်မျိုးစဉ်းစားကြည့်မိပါတယ်။ တကယ်လို့ လက်ရှိသမ္မတနဲ့ ဒုတိယသမ္မတများဟာ ကိုယ့်အတွက် ရွေးချယ်တင်မြှောက်ခံဖို့တော့မလုပ်ဘူး၊ သို့သော်လည်း "မိမိပါတီရဲ့ အောင်မြင်မှုမြင့်မားရေးအတွက် မဲဆွယ်စည်းရုံးမှုတွေ ကွင်းဆင်းလုပ်မယ်" ဆိုရင်ရော ပါတီလုပ်ငန်းဆိုတဲ့ထဲမှာ အကျုံးဝင်သွားပြီလား၊ တစ်နည်းအားဖြင့် ကန့်သတ်ခံရပြီး ဆောင်ရွက်ခွင့်မရှိဘူးလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့အချက်တွေကို အကျဉ်းချုပ်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင်-

- လက်ရှိသမ္မတ၊ ဒုတိယသမ္မတများသည် နိုင်ငံသားများဖြစ်သည်။ ဒုတိယသက်တမ်းတစ်ကြိမ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။
- ထို့ပြင် အသစ်ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတနှင့် ဒုတိယသမ္မတများသို့ တာဝန်လွှဲပေးပြီးသည်အထိလည်း တာဝန်ထမ်းဆောင်ရမည်။
- သမ္မတ၊ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပါတီလုပ်ငန်းများ မဆောင်ရွက်ရဟု ကန့်သတ်ထားသည်။
- ဒုတိယသက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခံလိုလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ထို့ကြောင့် အခွင့်အရေးညီမျှစွာဖြင့် မိမိ၏ပြိုင်ဘက်များအပေါ် အောင်ပွဲခံနိုင်ရန် မဲဆွယ်စည်းရုံးနိုင်ရမည်။
- မိမိတို့ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပါတီလုပ်ငန်းမဆောင်ရွက်ရဟုဆိုသည်။ "ပါတီလုပ်ငန်း" စကားရပ်တွင် "မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ် မပါဝင်နိုင်။ သို့သော် မဲဆန္ဒရှင် ပြည်သူတို့ နားလည်သင့်သည်။
- ထို့ပြင် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သမ္မတနဲ့ ဒုတိယသမ္မတများသည် မိမိအတွက် ရွေးချယ်တင်မြှောက်ခံရန် မဆောင်ရွက်၊ သို့ရာတွင် မိမိပါတီအောင်နိုင်ရေးအတွက် မဲဆွယ် စည်းရုံးသည်ဆိုလျှင် ထိုသို့မဲဆွယ်စည်းရုံးခြင်းသည် "ပါတီလုပ်ငန်း" စကားရပ်တွင် အကျုံးဝင်မှုရှိ-မရှိ သိသင့်သည်။
- ပုဒ်မ ၄၀၆ ဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ရပ်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားရာ အဓိပ္ပာယ်ကောက်လွဲမှားခြင်းကြောင့် အခွင့်အရေးကို မထိခိုက်စေရန် သတိပြုသင့်သည်။
- သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ "ပါတီလုပ်ငန်း" ဆိုသည့်စကားရပ်သည် အများပြည်သူတို့ အသိတွင် ရှင်းရှင်းလင်းလင်းဖြစ်သင့်သည်။ ထို့ကြောင့် ရွေးကောက်ပွဲမတိုင်မီ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ပေးရမည်။

ဒီလောက်ဆိုလျှင် ဆောင်းပါး၏အဓိပ္ပာယ်ကို နားလည်နိုင်မှာပါ။ ခေါင်းဆောင်ကောင်းရှိမှ နိုင်ငံ့အကျိုးစီးပွားတိုးတက်ဖို့ ပွဲကိုင်နိုင်မှာပါ။ ခေါင်းဆောင်ကောင်းများရဲ့ ယှဉ်ပြိုင်ကွင်းမှာ ညီတူမျှတူ အခွင့်အရေးများဖြင့် ယှဉ်ပြိုင်ပြီး မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ထိုက်ထိုက်တန်တန်ရွေးချယ်ခွင့်ရစေချင်ပါတယ်။ မဲဆန္ဒရှင်ပြည်သူအများ ရှင်းလင်းအောင် ဘယ်သူက ဆောင်ရွက်ပေးမှာလဲ။ အစိုးရလား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လား၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးလား။ ကျွန်တော်လည်း မဲဆန္ဒရှင်တစ်ဦးမို့ ရှင်းလင်းစွာ သိသင့်တယ်လို့ နားလည်မိပါတယ်ခင်ဗျား။

# ဒေသခံပြည်သူများအနေဖြင့် မိမိတို့တတ်နိုင်သည်များကို အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသား လေကြောင်းလိုင်းဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။




ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မိမိတို့ဒီမိုကရေစီအစိုးရ တာဝန်ထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းလေးနှစ်ကျော်ကာလအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ မကြာခဏ ရောက်ရှိခဲ့ပြီး အခွင့်အခါသင့်သည့် အခါတိုင်း ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံကာ ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ လူမှုရေး၊ သဘာဝဘေးဆိုင်ရာကိစ္စများ၊ လမ်း၊ တံတား၊ ရေ၊ မီးနှင့် တိုင်းရင်းသားရေးရာကိစ္စများ အစရှိသည့်ကိစ္စရပ်များအား မိမိအနေဖြင့် လုပ်ပေးနိုင်သည်များကို ရှမ်းပြည်နယ်အစိုးရ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုအကြိမ်တွင်လည်း လားရှိုးမြို့နယ်အတွင်းရှိ ဆောင်ရွက်ရန်ရှိသည့်ကိစ္စ ကြီးငယ်များကို နည်းလမ်းရှာဖွေ ဖြေရှင်းဆောင်ရွက်သွားရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက လားရှိုးမြို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ်၊ လမ်း၊ တံတား၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လူမှုရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဆိုင်ရာအချက်အလက်များနှင့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကြူ၊ လားရှိုးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံမြိုင်၊ သိန္နီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးစိုင်းမြင့်ထွန်း၊ တန့်ယန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမြင့်ရွှေ၊ မိုင်းရယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းသိန်းမောင်၊ ကွမ်းလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမင်းဆွေ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ဒေသအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှမ်း၊ ကချင်၊ ကိုးကန့်၊ 'ဝ'၊ ပလောင်၊ လီဆူ၊ လားဟူ၊ ဗမာ၊ မုန်းဝန်း-ဗမာနှင့် မြောင်ဇီး စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့အတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ စီကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က အဖွဲ့ခေါင်းဆောင်များထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွန့်တို့က ဘာသာမရွေးနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဗိုလ်ချုပ်တင်အောင်ချစ်၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ တင်ပြချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသ၏ လိုအပ်ချက်များကို ယခုကဲ့သို့ တင်ပြဆွေးနွေးကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များကို ဒေသအတွင်း တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများ ဦးစွာပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်များကို ဖြေရှင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည်များကို အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား ငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

## ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ**
**အသိပေးကြေညာချက်**

၂၀၁၅ ခုနှစ်၊ မေလ ၂၃ ရက်

၁။ ဒုတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါမြို့နယ်များရှိ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ၂၀၁၅ ခုနှစ်၊ မေ ၂၅ ရက်မှ ဇွန် ၇ ရက်ထိ ၁၄ ရက်တိုင်တိုင် ကပ်ထားကြေညာပါမည် -

**(က) ရန်ကုန်တိုင်းဒေသကြီး**
- (၁) ဒဂုံမြို့သစ် (တောင်ပိုင်း)
- (၂) ဒဂုံမြို့သစ် (မြောက်ပိုင်း)
- (၃) ဒဂုံမြို့သစ် (အရှေ့ပိုင်း)
- (၄) မြောက်ဥက္ကလာပ
- (၅) သဃ်္ဃန်းကျွန်း
- (၆) သန်လျင်
- (၇) ကျောက်တန်း
- (၈) သုံးခွ
- (၉) ခရမ်း
- (၁၀) အင်းစိန်
- (၁၁) မင်္ဂလာဒုံ
- (၁၂) ရွှေပြည်သာ
- (၁၃) လှိုင်သာယာ
- (၁၄) ထန်းတပင်

**(ခ) နေပြည်တော်ကောင်စီနယ်မြေ**
- (၁) တပ်ကုန်း
- (၂) ပျဉ်းမနား
- (၃) လယ်ဝေး
- (၄) ပုဗ္ဗသီရိ
- (၅) ဇေယျာသီရိ
- (၆) ဥတ္တရသီရိ
- (၇) ဇမ္ဗူသီရိ
- (၈) ဒက္ခိဏသီရိ

၂။ မဲစာရင်းတွင် မိမိတို့၏အမည် ပါ/ မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏အမည်မပါလျှင် ပုံစံ (၃) ဖြင့် လျှောက်ထားပါ။ အချက်အလက်များမှားနေလျှင် ပုံစံ (၄-က)ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ (ဥပမာ - ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့ အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝက ပုံစံ (၆၆/၆)ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိ၏မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တောင်ပိုင်းတွင် မိုးပိုနေဦးမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

*** ရှေ့ဖုံးမှ**

များအား စနစ်တကျသိမ်းဆည်းထားမှု အခြေအနေများ၊ ရည်ညွှန်းစာဖတ်ခန်းတွင် သုတေသီများ အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် Data Server များ ချိတ်ဆက်၍ National Archives Information System (NAIS) database စနစ်ဖြင့်လည်းကောင်း၊ Microfilm Reader၊ Microfiche Reader များဖြင့်လည်းကောင်း ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် စက္ကူမဟုတ် မှတ်တမ်း (Non-Paper Records) များ သိမ်းဆည်းထားရှိမှုနှင့် မော်ကွန်း/မှတ်တမ်းများအား digitization နည်းပညာဖြင့် ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မော်ကွန်းတိုက် တည်ဆောက်ခြင်းနှင့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ အမျိုးသားမော်ကွန်းတိုက်သည် တစ်မျိုးသားလုံး အတိုင်းအတာဖြင့် အရေးကြီးသည့် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေးနှင့် သမိုင်းဝင်မှတ်တမ်းမော်ကွန်းများကို ရေရှည်ထိန်းသိမ်းထားပြီး အမျိုးသားရေးလက္ခဏာများနှင့် အမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထားသည့် ဌာနတစ်ခုဖြစ်ပါကြောင်း။

မော်ကွန်းများကို နိုင်ငံသားတို့၏ အခွင့်အရေး သက်သေခံအဖြစ် တရားရုံးများတွင် လည်းကောင်း၊ တရားမမှုဆိုင်ရာကိစ္စရပ်များ၊ အငြင်းပွားမှုများတွင် သက်သေအထောက်အထားအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါကြောင်း။

အစိုးရဌာနများအနေဖြင့် ဌာနများက ထုတ်ပြန်လိုက်သည့် မူဝါဒများ၊ လုပ်ဆောင်ချက်များ၊ ဖွဲ့စည်းမှုများနှင့်လုပ်ငန်းရပ်များကို ပြန်လိုအပ်သည့်အခါ သိရှိရန်နှင့် ဌာနများက ဖန်တီးလိုက်သည့် မော်ကွန်းများကို ပြန်လည်ရည်ညွှန်း ကိုးကားအသုံးပြုရန်အတွက် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရန် အမျိုးသားမော်ကွန်းတိုက်သည် မရှိမဖြစ် အရေးပါပါကြောင်း။

စုဆောင်းထားသည့် မော်ကွန်းမှတ်တမ်းများထဲမှ သတင်းအချက်အလက်ရှာဖွေလိုသည့် သုတေသီများအတွက် လိုအပ်သည့်အချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်ရန် NAIS (National Archives Information System) ကို စနစ်တကျ စီစဉ်တည်ဆောက်ပေးထားပြီး ဝန်ဆောင်မှု အပြည့်အဝပေးနေမည်ဖြစ်ပါကြောင်း။

မော်ကွန်းတိုက်တိုင်းတွင် မရှိမဖြစ်ပါဝင်ရမည့် Show Room လည်းပါရှိပြီး မြန်မာပြည်သူလူထုတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားတက်ကြွစေသည့် သမိုင်းဆိုင်ရာ အထောက်အထားများဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ ခေတ်ကာလအလိုက်မော်ကွန်းများ၊ ထင်ရှားသည့် အထောက်အထား စာချုပ်စာတမ်းများ၊ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ လက်ရေးမူများနှင့် တံဆိပ်တော်များကို ခင်းကျင်းပြသလျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကို ရေးမည်ဆိုလျှင် မော်ကွန်းများကို အကိုးအကား ပြုရမည်ဖြစ်ပါကြောင်း၊ မော်ကွန်းများမှတစ်ဆင့် အဆိုသစ်များ ရနိုင်ပါကြောင်း၊ မသိရသေးသည့် အကြောင်းအရာသစ်များ ရနိုင်ပါကြောင်း၊ အဆိုအမိန့်များ၊ အကြောင်းအရာတစ်ခုပေါ် ပြန်လည်ရေးသားထားချက်များ၊ ဝေဖန်ဆွေးနွေးထားချက်များ၊ စုဆောင်းထားချက်များ စသည့်မော်ကွန်းမှတ်တမ်းများသည် သမိုင်းအကြောင်းအရာများကို အထောက်အကူပြုသည့်နည်းတူ မူရင်းမှတ်တမ်းများဖြစ်သည့်အတွက် အထောက်အထားများကို ပို၍ခိုင်လုံစေပါကြောင်း။

မော်ကွန်းတိုက်၏ သဘောသဘာဝသည် သတင်းအချက်အလက်ပေးသည့်အခါ စာကြည့်တိုက်များကဲ့သို့ အသေးစိတ်ဖန်တီးပေးရန် မဟုတ်ပါကြောင်း၊ မော်ကွန်းတိုက်အနေဖြင့် စာဖတ်သူသုတေသီများမှ မော်ကွန်းမှတ်တမ်းများကို စာကြည့်တိုက်ကဲ့သို့ တိုက်ရိုက်မရှာတွေ့နိုင်ပါကြောင်း၊ သုတေသီများအနေဖြင့် မိမိလိုအပ်သော သတင်းအချက်အလက်များကို မော်ကွန်းတိုက် တာဝန်ရှိသူထံမှ ယေဘုယျသာ ရရှိနိုင်ပြီး အသေးစိတ်ကို ကိုယ်တိုင် ရှာဖွေဖတ်ရှုရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ ပြယုဂ်တစ်ခုဖြစ်သည့် အမျိုးသားမော်ကွန်းတိုက်အနေဖြင့် ရယူစုဆောင်းထားသည့် မော်ကွန်းမှတ်တမ်းများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိစွာ ပြန်လည်အသုံးချစေချင်ပါကြောင်း၊ မော်ကွန်းတိုက်အား အသုံးပြုသူများလေလေ အောင်မြင်မှုများမြင့်မားလေလေဆိုသလို ယခု နေပြည်တော် မော်ကွန်းတိုက် ပထမအဆင့် ဖွင့်ပြီးသည့်နောက် အသုံးပြုသူ အရေအတွက်များ တိုးပွားလာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် မော်ကွန်းတိုက်တစ်ခုဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)အား နေပြည်တော် အထူးစီမံကိန်းများ ဖွံ့ဖြိုးရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၁၀ ပြည့်နှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ ၂၀၁၂ ခုနှစ် ဧပြီ ၄ ရက်တွင် လုပ်ငန်းလွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါ နေပြည်တော် မော်ကွန်းတိုက်တွင် ပါဝင်သော အဆောက်အအုံ ငါးခုအနက် အဆောင် A နှင့် E တို့ ရာနှုန်းပြည့်ပြီးစီး၍ သုတေသီဝန်ဆောင်မှုလုပ်ငန်းများအား ယခုဘဏ္ဍာရေးနှစ်မှစတင်၍ နေပြည်တော် မော်ကွန်းတိုက်၌ စတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်) ပထမအဆင့်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည်

**နေပြည်တော်　မေ　၂၂**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ် ပါဝင်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMIT ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန် မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅နှင့် ၄၁၂၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*** ကျောဖုံးမှ**

၁၈ မိနစ်တွင် မြန်မာအသင်းဂိုးရရှိနိုင်သည့် အပိုင်အခွင့်အရေးရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ဗီယက်နမ်အသင်း၏ အမြန်နှုန်းကို မြန်မာနောက်တန်း ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခွင့်အရေးများ ပေးခဲ့ရသည်။ ၃၂ မိနစ်တွင် ဗီယက်နမ်အသင်း ဂိုးရခဲ့ပြီး တိုက်စစ်မှူး ငုယင်ကောင်ဖောင်က ကွင်းလယ်စည်းမှ ဆွဲပြေးကာ မြန်မာနောက်ခံလူများကို ကျော်ဖြတ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများ ပြန်လည်ရရှိခဲ့သည်။ မြန်မာတိုက်စစ်မှူးများ၏ အဆုံးသတ်အားနည်းမှုကြောင့် မိနစ် ၇၀ ကျော်မှ ချေပဂိုးပြန်ရခဲ့သည်။ ၇၄ မိနစ်တွင် ရှိုင်းသူရကြောင့် ရရှိသည့် ပယ်နယ်တီကို အသင်းခေါင်းဆောင် နေလင်းထွန်းက သွင်းယူခဲ့သည်။ သရေဖြစ်ပြီး နှစ်မိနစ်အကြာမှာပင် ဗီယက်နမ်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ထရန်မင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးထပ်ပေးခဲ့ရသော်လည်း မြန်မာအသင်း ကစားကွက်ပျက်မသွားဘဲ ပွဲပြီးခါနီးတွင် ချေပဂိုးပြန်ရခဲ့သည်။ ဒုတိယမြောက်ရရှိသည့် ပယ်နယ်တီကို ဇွန်မိုးအောင်က ကန်သွင်းရာ ဗီယက်နမ်ဂိုးသမားကာကွယ်နိုင်ခဲ့သော်လည်း ဇွန်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**



ဓာတ်ပုံ - MFF


ရန်ကုန်မြို့မှ ဆောက်လက်စ အထပ်မြင့်တိုက်တစ်လုံး။

# ဆောက်လက်စ အထပ်မြင့်တိုက် ၄၀ ခန့်ကို အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ချေးငွေများထုတ်ပေး

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့၌ မြေနှင့်တိုက်ခန်းများ အရောင်းအဝယ် ဈေးကွက်အေးစက်နေသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကန်ထရိုက်တာများအနေဖြင့် ဆောက်လက်စ အထပ်မြင့်တိုက်ခန်းများကို ရောင်းချမရဖြစ်နေပြီး အခက်အခဲများနှင့် ကြုံတွေ့နေရသောကြောင့် ရပ်နားထားရသည့်အတွက် ရပ်နားထားသည့် ကန်ထရိုက်တိုက် ၄၀ ခန့်အတွက် ချေးငွေများကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးထားကြောင်း သိရသည်။

ကွန်ဒိုတိုက်ခန်းများ တည်ဆောက်နေမှု၊ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်နေမှုများမှာ တည်ဆောက်မှုလုပ်ငန်းများ ရပ်တန့်နေပြီး ကြိုပွဲဝယ်ယူမှုမှာလည်း လွန်စွာနည်းပါးနေသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ချေးငွေများထုတ်ချေးပေးနေခြင်းဖြစ်သည်။

ထိုသို့ချေးငွေများ ထုတ်ချေးရာတွင် အထပ်မြင့်အဆောက်အအုံများအား ဆောက်လက်စဖြစ်ပြီး မူလရှစ်ထပ်တွင် ငါးထပ်၊ ခြောက်ထပ်အထိ တည်ဆောက်ပြီးသော အဆောက်အအုံများမှ ကန်ထရိုက်တာများကို ချေးငွေများထုတ်ပေးကာ ဆက်လက်တည်ဆောက်စေခြင်းဖြစ်သည်။

"အခက်အခဲဖြစ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအားလုံးကိုတော့ ငွေချေးမပေးနိုင်သေးပါဘူး။ ဘဏ်ရဲ့ငွေကြေးလည်ပတ်မှုအရ ကန်ထရိုက်တိုက် ၄၀ လောက်ပဲ ထုတ်ချေးပေးနိုင်သေးတာဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် အထပ်မြင့်အဆောက်အအုံများစွာကို တရားဝင်ခွင့်ပြုချက်မရဘဲ တည်ဆောက်ခဲ့မှုကြောင့် သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်စသည့် မြို့နယ်များတွင် ဆောက်လက်စ အဆောက်အအုံများကို ဆက်လက်တည်ဆောက်ခွင့်မပြုဘဲ ရပ်ဆိုင်းထားခဲ့သည်။ ထို့အပြင် တည်ဆောက်ခွင့် ရပ်ဆိုင်းခံရသည့် ကန်ထရိုက်တာများနှင့် မြေပိုင်ရှင်များ၊ ကြိုပွဲဝယ်ယူထားသူများမှာလည်း ပြဿနာများ ဖြစ်ပွားလျက်ရှိသည်။

ယခုအခါ တည်ဆောက်မှု ရပ်ဆိုင်းနေသည့် အထပ်မြင့်အဆောက်အအုံများတွင် ပြီးစီးတော့မည့် ဆောက်လက်စတိုက် အလုံး ၄၀ ခန့်ကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ချေးငွေများ စိစစ်ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်ဆွေ**
**ဓာတ်ပုံ - ကျော်ကျော်**

## နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**ဇလွန် မေ ၂၂**

ဇလွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်(အထူး)စီမံချက်အရ ညောင်ပင်ဈေးရပ်ကွက်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန် ကျန်ရှိသူများကို မေ ဒုတိယပတ်က အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ညောင်လေးပင်ဈေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မြင့်က မိုးပွင့်(အထူး) စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၁ ကတ်ကို ပြည်သူများလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

## ပြင်ဦးလွင် ပွဲကောက်ရေတံခွန်၌ အမျိုးသမီးတစ်ဦး ရေထဲမျောပါမှုဖြစ်ပွား

**ပြင်ဦးလွင် မေ ၂၂**

ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်၌ မေ ၁၉ ရက်က အမျိုးသမီးတစ်ဦး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ယင်းနေ့ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရတနာရပ်ကွက်နေ ဦးမျိုးမင်း-ဒေါ်ဌေးဌေး တို့၏ သမီးဖြစ်သူ မယဉ်မျိုးထွေး(ခ)ရှင်းသန့်(ခ)အငယ်လေး (၂၄ နှစ်)သည် သူငယ်ချင်း ခြောက်ယောက်နှင့်အတူ ပွဲကောက်ရေတံခွန် အထက်ဆင့်ဇောက္ကင်းများဌားသည့်နေရာ ဝါးရုံပင်များအနီး၌ ရေဆော့ကစားနေစဉ် မွန်းလွဲ ၂ နာရီခွဲက ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားသည့်ရက်သည် မြန်မာတစ်နိုင်ငံလုံး၌ ပြင်ဦးလွင်မြို့သည် မိုးရေချိန် ၆ ဒသမ ၆၅ လက်မဖြင့် အများဆုံးရွာသွန်းခဲ့ပြီး တစ်မြို့လုံးမှ မိုးရေအားလုံးတို့သည် ဂဲလောင်းချောင်းအတွင်းသို့ စီးဝင်ခဲ့ပြီး ယင်းဂဲလောင်းချောင်းမှတစ်ဆင့် ပွဲကောက်ရေတံခွန်သို့ ဆက်လက် စီးဆင်းသွားရာ ရေတံခွန်သည် ယင်းအချိန်၌ ရေအားအလွန်ပြင်းထန်စွာ စီးဆင်းလျက်ရှိကြောင်း သိရသည်။

ရေစီးအတွင်း မျောပါသွားသူ မယဉ်မျိုးထွေးကို လေးရက်မြောက်သည်အထိ လူ ၅၀ ခန့်ဖြင့် ရန်ကုန် ကျောင်းသုံးဆင့်ရေတံခွန်၊ မြိုင်ကြီးချောင်းများအထိ လိုက်လံရှာဖွေနေသော်လည်း မတွေ့ရသေးကြောင်း မိသားစုဝင်များ၏ ပြောပြချက်အရ သိရသည်။

ပြင်ဦးလွင် ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ပိတ်ချင်းမြောင်၊ သုံးထပ်ရေတံခွန်စသည့် ရေတံခွန်များသည် မိုးများစွာ ရွာသွန်းချိန်တွင် ရေစီးအားအလွန်ကောင်းသောကြောင့် သွားရောက်လည်ပတ်သူများအနေဖြင့် သတိနှင့် ဆင်ခြင်လည်ပတ်သင့်ကြောင်းနှင့် ရေတံခွန်၌ တာဝန်ရှိသူများအနေဖြင့်လည်း သတိပေးတားမြစ်ခြင်း၊ လိုအပ်သည့် ဆိုင်းဘုတ်များ တပ်ဆင်ပေးထားခြင်း၊ ကန့်သတ်လည်ပတ်စေခြင်း စသည့်လုပ်ဆောင်ချက်တို့ကို ပိုမိုလုပ်ဆောင်နိုင်ပါက လာရောက်လည်ပတ်သူများအတွက် အန္တရာယ်ပို၍ ကင်းရှင်းနိုင်မည်ဖြစ်ကြောင်း မြို့ခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## ကုန်းဇောင်းကျေးရွာရှိ တရားစခန်းအတွင်း အိမ်သာကျင်းတူးဖော်စဉ် ဗုံးအဟောင်းတစ်လုံးတွေ့ရှိ

**ပွင့်ဖြူ မေ ၂၂**

ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ စက်တန်းရပ်ကွက်ရှိ မိုးကုတ်ရိပ်သာအဖွဲ့ အမှတ်(၅၁) တရားစခန်းဝင်းအတွင်း မေ ၂၁ ရက် နံနက်ပိုင်းက ရေလောင်းအိမ်သာ ဆောက်လုပ်ရန်အတွက် မြေကျင်းတူးဖော်စဉ် အနက် ခြောက်ပေအရောက်တွင် လုံးပတ် ၄၈ လက်မခန့်၊ အချင်း တစ်ပေခန့်ရှိ အမှတ်တံဆိပ်မပါ သံချေးတက်နေသော ဗုံးအဟောင်းတစ်လုံးတွေ့ရှိခဲ့သည်။ ထိုဗုံးမှာ မြေကြီးအပြင်ဘက်တွင် အလျား ၂၀ လက်မခန့် ပေါ်နေပြီး ကျန်ထုထည်မှာ မြေကြီးအတွင်းနစ်မြုပ်နေသဖြင့် ဆက်လက်တူးဖော်ခြင်း မပြုလုပ်ခဲ့ကြောင်း တရားစခန်းကြီးကြပ်သူ ဦးကျော်မြင့်က ပြောကြားသည်။

ဗုံးတွေ့ရှိမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတို့က ဗုံးဟောင်းတွေ့ရှိရာနေရာကို လုံခြုံရေးတာဝန် ဆောင်ရွက်ပေးခဲ့ပြီးနောက် ယင်းနေ့ ညနေ ၄ နာရီခန့်က မကွေးမြို့ နယ်မြေခံတပ်မှ ဗိုလ်ကြီး စိုးမိုးသန့် ဦးစီးသော တာဝန်ရှိသူတို့ ရောက်ရှိပြီး ဆက်လက်တူးဖော်ခဲ့ရာတွင် အရှည် ၃ ပေ ၁၁ လက်မ၊ လုံးပတ် ၄၄ လက်မရှိ ဗုံးအဟောင်းကို တူးဖော်ရရှိခဲ့သည်။



အဆိုပါ ဗုံးအဟောင်းကို ဗိုလ်ကြီး စိုးမိုးသန့် ဦးစီးသော တာဝန်ရှိသူတို့က သယ်ဆောင်သွားကြောင်း သိရသည်။

**ကျော်ဇေယျ**



## တောကြီးပျားအုံ ရွှေဘိုလာပြီးနယ်ချဲ့

**ရွှေဘို မေ ၂၂**

လွန်ခဲ့သော နှစ်ပေါင်းများစွာကစပြီး သမိုင်းစဉ်တစ်လျှောက်တွင် အညာမြေ မိုးနည်းရပ်ဝန်းဒေသဖြစ်သော ရွှေဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသတို့၌ အစဉ်အလာအားဖြင့် အလွန်ဆုံးရှိလှမှ ပြည်တောင်းအဝကျယ်သာသာခန့်ရှိသည့် ပျားငယ်အုံများသာ ရှိခဲ့သည်။

ယခုအခါ ဘယ်ဒေသက ရွှေ့ပြောင်းလာမှန်းမသိသော ပျားကြီးအုံ(တောကြီးပျား)တစ်အုံသည် ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက်ကြီး၊ ဘိုကုန်းရပ်၊ ဒေါ်မြမြနေအိမ်နှင့် ဆက်သွယ်ရေးရုံးဝင်းနယ်စပ်တွင် လာရောက်စွဲကပ်နေထိုင်လျက်ရှိသည်ကို တွေ့မြင်ရသည်။ **(အပေါ်ပုံ)** အဆိုပါ ပျားကြီးအုံကို စတင်တွေ့မြင်ရသည်မှာ မေ ၂၀ ရက် နံနက်ပိုင်းကဖြစ်ပြီး ဘောစကိုင်းပင်ကို အမှီပြု၍နေထိုင်လျက်ရှိကြောင်းတွေ့ရသည်။

အဆိုပါ ပျားတစ်ကောင်၏ ခန့်မှန်းအရွယ်အစားမှာ ၀ ဒသမ၇ လက်မခန့်ရှိပြီး ပျားအုံ၏အချင်းပမာဏမှာ သုံးပေခန့်ရှိကြောင်း သိရသည်။ **(၀၅၀)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်ဧည့်သည်ဘက်မှ ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ အစိုးရအကြားဆက်ဆံရေး ပိုမိုတိုးမြှင့်စေရန်နှင့် အရှေ့မျှော်ဝါဒကို ကျင့်သုံးခြင်းအတွက် ယခုလိုလာရောက်ခြင်းဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ ဆက်ဆံရေးမှာ အထူးအရေးကြီးပါကြောင်း၊ နှစ်နိုင်ငံသည် နယ်ပယ်ကဏ္ဍအစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး တိုးတက်မှုမြင့်မားစွာ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နိုင်မည့် နယ်ပယ်အသစ်များကို ရှာဖွေရန်လိုအပ်ပါကြောင်း၊ လိုအပ်သော ပစ္စည်းကိရိယာပိုင်းနှင့် နည်းပညာပိုင်းတို့တွင်လည်း ပံ့ပိုးကူညီလိုပါကြောင်း၊ လေ့ကျင့်ရေးကဏ္ဍနှင့် နယ်စပ်ဒေသပူးပေါင်းမှုများတွင် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားသင့်ပါကြောင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ခိုင်မာကောင်းမွန်လျက်ရှိပါကြောင်း၊ တပ်မတော်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သင်တန်းသားများ အပြန်အလှန် စေလွှတ်ခြင်း၊ သံတမန်ကဏ္ဍ၊ နှစ်နိုင်ငံနယ်စပ်ကဏ္ဍ၊ ပင်လယ်ရေကြောင်း လုံခြုံရေးကဏ္ဍနှင့် အားကစားကဏ္ဍစသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး လည်းဆေးပညာရပ်နှင့် IT နည်းပညာရပ်ပိုင်းဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာသင်္ဘောသား ၂၂ ဦးအား နစ်နာကြေး/လျော်ကြေး ပေးအပ်

**ရန်ကုန် မေ ၂၂**

ရုရှားနိုင်ငံအရှေ့ဖျား ဒေသကမ်းလွန် Okhotsk ပင်လယ်ပြင်၌ ၁-၄-၂၀၁၅ ရက်နေ့က နစ်မြုပ်ခဲ့သည့် ရုရှားငါးဖမ်းရေယာဉ် Dalniy Vostok ဖြစ်စဉ်တွင် ပါဝင်သည့် အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသား ၂၂ ဦးအတွက် နစ်နာကြေး/လျော်ကြေး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၀၀၀ ပေးအပ်ခြင်းကို ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

နစ်နာကြေး/လျော်ကြေးပေးအပ်ခြင်းနှင့် ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးသောင်းကြိုင်က ရှင်းလင်းပြောကြားပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ နှုန်းဖြင့် ပေးအပ်သည်။

ရုရှားသင်္ဘောကုမ္ပဏီမှ ပေးအပ်သော အဆိုပါ နစ်နာကြေး/လျော်ကြေး အမေရိကန်ဒေါ်လာ ၆၆၀၀၀ သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက လွှဲပြောင်းရရှိခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသား ၂၂ ဦးသို့ ပြန်လည်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြို့နယ်တရားရုံးများနှင့် အချုပ်စခန်းများအား စစ်ဆေး

**မင်းတပ် မေ ၂၂**

ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးလှတင်သည် မင်းတပ်ခရိုင်တရားသူကြီး ဦးတင်ထူးနှင့်အတူ မေ ၁၉ ရက်က မင်းတပ်ခရိုင်တရားရုံးနှင့် မင်းတပ်မြို့နယ် တရားရုံး၊ မေ ၂၀ ရက်တွင် ကန်ပက်လက်မြို့နယ်တရားရုံးများသို့ သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ဖော်ပြပါမြို့နယ်များရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများသို့ သွားရောက်၍ အချုပ်သားများ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေနှင့် သက်တမ်းတိုးဆောင်ရွက်ရန် အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီကပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့်စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၂၂-၅-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ခုနစ်ဦးကိုလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ခြောက်ဦး၊ ထုတ်ဝေခွင့်အတွက်အသစ်လျှောက်ထားသူဂျာနယ် ထုတ်ဝေခွင့်လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ်တစ်ဦး ပေါင်းလုပ်ငန်းအသစ် ၂၇ ဦးတို့အားလည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်း တစ်ဦး၊ လုပ်ငန်းအမည်ပြောင်း သုံးဦးနှင့် လုပ်ငန်းလိပ်စာပြောင်း နှစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှစ၍ ယနေ့အထိပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၉၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၁၆၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၅၆ ဦးနှင့် အသစ်လျှောက်ထားသူ ၄၀၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထား သူ ၁၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၄၉၀ စောင်အား စိစစ် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ခွင့်ပြုထားသည့်ပုံနှိပ်သူထုတ်ဝေသူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လိုပါက (၁-၃-၂၀၁၅)ရက်နေ့ နောက်ဆုံးထားပြီး လုပ်ငန်းအသိအမှတ်ပြု လက်မှတ်သက်တမ်းတိုးရန် အသိပေး ကြေညာချက်ကို (၁၁-၁၂-၂၀၁၄) ရက် နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာထားခဲ့သော်လည်း ယနေ့အချိန်ထိ ပုံနှိပ်လုပ်ငန်းရှင် ၄၀၀ ဦးနှင့် ထုတ်ဝေလုပ်ငန်းရှင် ၄၆၁ ဦး စုစုပေါင်း လုပ်ငန်းရှင် ၈၆၁ ဦးတို့မှာ သက်တမ်းတိုး ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေးအတွက် လုပ်ငန်း ဆက်လက်ဆောင်ရွက်ကြမည့် ပုံနှိပ်ထုတ်ဝေလုပ်ငန်းရှင်များ အနေဖြင့် (၃၀-၆-၂၀၁၅) ရက်နေ့ နောက်ဆုံးထားပြီး သက်တမ်းတိုးဆောင်ရွက်ကြပါရန် ထပ်မံ အသိပေးအပ်ပါသည်။ သတ်မှတ်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် ပုံနှိပ်သူထုတ်ဝေသူ မှတ်ပုံတင် သက်သေခံလက်မှတ်များကို မှတ်ပုံတင်စာရင်းပယ်ဖျက်၊ ပိတ်သိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**


**ပြန်ကြားရေးဝန်ကြီးဌာန**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်**
**စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းသုံးပစ္စည်း 1 Lot**

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ရက်မှ ၁၃-၆-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**



**ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်း၊ ပလောက်၊ ပုလော၊ တနင်္သာရီ၊ ပြည်ကြီးမဏ္ဍိုင်၊ ဘုတ်ပြင်း၊ ကရသူရိနှင့် ခမောက်ကြီးမြို့နယ်များတွင် စက်မှုအဆောက်အအုံ၊ အုတ်ရေကန်နှင့် ရေလောင်းအိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | - ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) မှစ၍ ရုံးချိန်အတွင်း |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၅-၆-၂၀၁၅ရက် (သောကြာနေ့) ညနေ ၄ နာရီ |
| **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** | - တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အလယ်လမ်း၊ ကညံ့ရပ်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၂၀၉၂ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** | - ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ |
| **အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ မန်နေဂျာရုံး၊ အစည်းအဝေးခန်းမ၊ ကညံ့ရပ်၊ ထားဝယ်မြို့ |

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**



**နှစ်ရှည်သီးနှံစိုက်ပျိုးမြေအဖြစ် တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသူ၏ လက်ဝယ်တွင်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စာဖူးတောင်းကျေးရွာ၊ ကွင်းအမှတ် ၉၅၁၊ ဝါးငပဲ့ကွင်း၊ ဦးပိုင်အမှတ် (Nº)ရှိ မြေဧက ၈၀ ဒသမ ၄၄ အတွင်း ပိုင်ရှင်ခွင့်ပြုချက်မရှိဝင်ရောက်ကျူးကျော်ခြင်းမပြုကြရန် သတိပေးကြေညာချက်**

ရန်ကုန်မြို့နေ ဦးသိန်းဆွေ ၁၂/ဒဂန(နိုင်)၀၁၀၄၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်သည် နှစ်ရှည်သီးနှံပင်၊ စိုက်ပျိုးမြေကွက်အဖြစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၈-၁၁-၂၀၀၂ ရက်စွဲပါ တရားဝင်ခွင့်ပြုမိန့်စာအမှတ် (၄/၆-၂/ဦး-၁)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ ၁၇-၁-၂၀၀၃ရက်စွဲပါစာအမှတ် ၄/၃၁-၇/ဦး-၁(၀၃၅)တို့အရ ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် တရားဝင်စိုက်ပျိုးခွင့်ရရှိထားသော မြေကွက်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်ရှိ အဆိုပါစိုက်ပျိုးခွင့်ရရှိသည့် မြေပေါ်တွင် ၂၀၀၂ ခုနှစ်ကတည်းက လမ်းများဖောက်လုပ်ခြင်း၊ စိုက်ပျိုးရန်ရေရရှိရေးအတွက် ရေတွင်း၊ ရေကန်များတူးဖော်ခြင်း၊ အဝီစိတွင်းများတူးဖော်ခြင်း၊ မီးရရှိရေးအတွက် 50 KVA ကိုယ်ပိုင် ထရန်စဖော်မာတပ်ဆင်ခြင်း၊ ရုံးအဆောက်အအုံနှင့် အလုပ်သမားဝန်ထမ်းနေထိုင်ရန် တဲရှစ်လုံးဆောက်လုပ်ကာ နှစ်ရှည်သီးနှံပင်များဖြစ်သောစိန်တလုံးသရက်ပင်၊ မာလကာ၊ ရှောက်၊ ကျွန်း၊ ပျဉ်းကတိုးပင်များ စိုက်ပျိုးထားသော မြေကွက်ဖြစ်ပါသည်။

၂၀၀၂ ခုနှစ်မှစ၍ ၂၀၁၃ထိတိုင် အနှောင့်အယှက်မရှိ အေးချမ်းစွာစိုက်ပျိုးလုပ်ကိုင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ကျွန်ုပ်မိတ်ဆွေ၏ခြံမြေကွက်ကြီးအတွင်းသို့ တရားမဝင်၊ စည်းလွတ်ဘောင်လွတ်ဝင်ရောက်ကာ မြေကွက်အတွင်းပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ အုတ်လုပ်ငန်းလုပ်ကိုင်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများပြုလုပ်၍ အကြိမ်ကြိမ်ဖြေရှင်းနေခဲ့ရပါသည်။

ထို့ကြောင့် ယခုကြော်ငြာဖြင့် အဆိုပါ မြေကွက်ကြီးအတွင်း မြေကွက်ပိုင်ရှင်ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်ကျူးကျော်ခြင်း၊ အဆောက်အအုံဝင်ရောက်ဆောက်လုပ်ခြင်း၊ ဝင်ရောက်အသုံးပြုခြင်းများ မပြုလုပ်ကြပါရန် သတိပေးတားမြစ်အပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ ဆက်လက်ကျူးကျော်ဝင်ရောက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာရုံးဌာန၊ တရားရုံးအသီးသီးတို့တွင် ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိမိလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၅၄)**
**တိုက် ၈၊ အခန်း ၇၊ မြေညီထပ်၊ ဂျိုးဖြူလမ်း၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၉၁၁၇၊ ၀၉-၇၃၁၂၁၉၇၇**



**မိဘအမည်မှန်**

ပင်လောင်းမြို့၊ အထက၊ အဌမတန်း အောင်မှ စိုင်းမိုးဇော်ဟိန်း ၁၃/ပလန(နိုင်) ၁၁၀၁၈၅၏ မိဘအမည်မှန်မှာ ဦးစိုင်းရွက်ဟိန်းနှင့် ဒေါ်နန်းပိုင်း(ခ) ဒေါ်နန်းခမ်းပိုင်း ဖြစ်ပါကြောင်း။ **ဦးစိုင်းရွက်ဟိန်း-ဒေါ်နန်းပိုင်း (ခ)ဒေါ်နန်းခမ်းပိုင်း**



**အမည်ပြောင်း**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၂)၊ နဝမတန်း(က)အောင်မှ မလင်းလတ်အား ယနေ့မှစ၍ မလင်းလတ်ရတနာဟု ပြောင်းလဲခေါ်ပါရန်။

**မလင်းလတ်ရတနာ**


**ပြင်ဆင်ဖတ်ရှုပါရန်**

၁၇-၅-၂၀၁၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈)မှ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် ကဆုန်လပြည့်ကျော် ၁၄ ရက်အစား နယုန်လဆန်း ၅ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# တပ်မတော်က ထိုးစစ်ဆင်၍ MNDAA သောင်းကျန်းသူများ အခြေပြု ခံစစ်ဆင်ထားသော ပွိုင့်-၁၇၈၈ တောင်ကုန်းအား သိမ်းပိုက်ရရှိ

**နေပြည်တော် မေ ၂၂**

ဖုန်ကြားရှင် ဦးစီး MNDAA သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသ၊ စီကော်လုံဒေသနှင့် စန်တအိုက်ရှန်ကုန်းမြင့်ဒေသတို့အား တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ပြီး သောင်းကျန်းသူအကြွင်းအကျန်များကိုပါ ဆက်လက်အောင်မြေချဲ့ ရှင်းလင်းတိုက်ထုတ်လျက်ရှိရာ ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများသည် တဖြည်းဖြည်း နယ်မြေကျဉ်းမြောင်းလာသဖြင့် ယင်းဒေသမှ အင်အားများကို စုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၁)မှဝင်ရောက်ပြီး မာလုရှေ့ ဒေသအတွင်းရှိ တောင်ကုန်းများတွင် အခိုင်အမာ အခြေပြု ခံစစ်ဆင်ခဲ့သည်။

မာလုရှေ့ဒေသ အတွင်း MNDAA သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မေလ ပထမပတ်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပွိုင့်- ၁၆၀၇ တောင်ကုန်း၊ ပွိုင့်-၁၇၀၉ တောင်ကုန်းနှင့် ပွိုင့်-၁၇၄၂ တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေး၍ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၁)အနီးရှိ ပွိုင့်-၁၇၈၈ တောင်ကုန်းတွင် အခြေပြုခံစစ်ဆင်ခဲ့သည်။

ပွိုင့်-၁၇၈၈ တောင်ကုန်းအား တပ်မတော်စစ်ကြောင်းများက မေ ၂၁ ရက် နံနက် ၁၀ နာရီမှစတင်၍ ထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းခဲ့ရာ သောင်းကျန်းသူများက မြေအနေအထား အသာစီးရယူကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်အားသုံး ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများကလည်း အမြောက်ပစ်ကူ၊ ခြေလျင်လက်နက်ကြီးပစ်ကူ ရယူပြီး ရဲရဲဝံ့ဝံ့ချဉ်းကပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ည ၈ နာရီတွင် ပွိုင့်-၁၇၈၈ တောင်ကုန်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများအား အမြစ်ပြတ်လိုက်လံတိုက်ခိုက် ချေမှုန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် MNDAA သောင်းကျန်းသူများထံမှ အလောင်း ၁၁ လောင်း၊ အာရ်ပီဂျီ ၂ လက်၊ ကေ(၁၂)သေနတ် ၂ လက်နှင့် ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ




## ထိုင်း၌ ဖမ်းဆီးခံရတရားမဝင် မြန်မာနိုင်ငံသားများကို ပြန်လည်လွှဲပြောင်းပေးအပ်

**မယ်ဆိုင် မေ ၂၂**

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချင်းရိုင်ခရိုင် ဝီယံချိုင်းမြို့ ဒုန်းစီလာအုပ်စု စမာမစ်ကျေးရွာရှိ အေကရတ်လိမ္မော်စိုက်ပျိုးရေးခြံရှိ မြန်မာအလုပ်သမား အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၄၂ ဦး၊ ကလေးလုပ်သား ၂၆ ဦးတို့အား မေ ၁၅ ရက် နံနက် ၁၀ နာရီက လုပ်ငန်းခွင်အတွင်း ထိုင်းတာဝန်ရှိသူများက တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးခံထားရကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသား ၈၉ ဦးအား မေ ၂၂ ရက် ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံတာဝန်ရှိသူများက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)တွင် လာရောက်လွှဲပြောင်း ပေးအပ်ရာ တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူပြီး မဟာမြတ်မုနိကျောင်းတိုက်၌ ခေတ္တနေရာချထားပေးကာ စားဝတ်နေရေးအတွက် စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါလိမ္မော်ခြံ၌ အလုပ်လုပ်ကိုင်နေကြသည့် အသက် ၁၄ နှစ်မှ ၁၈ နှစ်အကြား ကလေးလုပ်သား ၂၆ ဦးအား ချင်းရိုင်မြို့၌ ထိန်းသိမ်းထားရှိသည့်အတွက် ယင်းကလေးလုပ်သား ၂၆ ဦး လွတ်မြောက်ရေးနှင့် တရားမဝင် မြန်မာအလုပ်သမားများ၏ မှတ်ပုံတင်အပါအဝင် အသုံးအဆောင်များ၊ ရက်သတ္တနှစ်ပတ်စာလုပ်အားခများ ရရှိရေးတို့အတွက် CNCMC ကော်မတီက ထိုင်းနိုင်ငံအလုပ်သမားဖူလုံရေးဌာန၊ မဲခေါင်မြစ်ဝှမ်းလူမျိုးစု ကယ်ဆယ်စောင့်ရှောက်ရေး ဖောင်ဒေးရှင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

# လူကူးခုံးကျော်တံတားမှ သံပိုက်လက်ရန်းပြုတ်ထွက်မှုဆောင်ရွက်ပြီးစီး

**ရန်ကုန် မေ ၂၂**

သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ဘုတာအနီးရှိ ငမိုးရိပ် လူကူးခုံးကျော်တံတား၏ စံပြဈေးဘက်ခြမ်းမှ လှေကားသံပိုက် လက်ရန်းပြုတ်ထွက်မှုအတွက် သံပိုက်လက်ရန်း အစားထိုးဆောင်ရွက်မှုမှာ မေ ၂၀ ရက် ညနေ ၅ နာရီက ပြုပြင်ပြီးစီးသွားပြီဖြစ်ကြောင်း အင်ဂျင်နီယာမှူး (မြို့ပြ) တိုင်းအမှတ် (၇) မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

အဆိုပါ ငမိုးရိပ်လူကူးခုံးကျော်တံတား၏ စံပြဈေးဘက်ခြမ်းမှ လှေကားအတက် အဆင်းရှိ သံပိုက်လက်ရန်းအပေါ်ပိုင်း ပြုတ်ထွက်နေမှုမှာ လူကူးခုံးကျော်တံတား ဖြတ်သန်းသွားလာကြသော အများပြည်သူများအတွက် အန္တရာယ်ရှိနေသဖြင့် မြန်မာ့မီးရထားလုပ်ငန်း မလွှကုန်း အငယ်တန်းအင်ဂျင်နီယာ(၂)လုပ်ငန်းမှ ဝန်ထမ်းများက သံပိုက်လက်ရန်း အစားထိုးပြုပြင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး သံပိုက်အောက်ခြေလက်ရန်းများပါ အစားထိုးလဲလှယ် ပြုပြင်ဆောင်ရွက်ခဲ့ကြသည်။ **စိုးဝင်း(SP)**



**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ ကတ္တရာများကို မြန်မာ(ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက်(တန်) | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | ကတ္တရာ(၈၀/၁၀၀) | ၉၂.၀၀ | စစ်တွေခရိုင် |
| ၂။ | ။ | ၁၄၁.၀၀ | မြောက်ဦးခရိုင် |
| ၃။ | ။ | ၁၉၈.၀၀ | မောင်တောခရိုင် |
| ၄။ | ။ | ၂၂၂.၀၀ | ကျောက်ဖြူခရိုင် |
| ၅။ | ။ | ၃၆၀.၀၀ | သံတွဲခရိုင် |
| ၆။ | ။ | ၄၁၀.၀၀ | လမ်းအထူးအဖွဲ့(၁၆)၊ အမ်းမြို့ |
| ၇။ | ။ | ၄၈.၂၀ | လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့ |
| ၈။ | ။ | ၃၃၁.၀၀ | လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့ |
| | စုစုပေါင်း | ၁၈၀၂.၂၀ | |

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာများအား ထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာတစ်တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင် တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Customs Duty) ပေးဆောင်ထားပြီးဖြစ်ကြောင်း ထောက်ခံချက်၊ လမ်းသုတေသနဓာတ်ခွဲခန်းများရုံး၊ သုဝဏ္ဏ၏ ကတ္တရာအရည်အသွေး၊ စံချိန်စံညွှန်း ထောက်ခံချက်တို့နှင့်အတူ လျှောက်ထားရမည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်မှ ၄-၆-၂၀၁၅ ရက်အထိ
**တင်ဒါပိတ်မည့်ရက်** - ၄-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၊ စစ်တွေမြို့

၄။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၅-၂၀၁၅ ရက်မှစ၍ လမ်းဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၂၃၃၆၅၊ ၂၂၁၅၃၊ ၀၉-၈၅၂၂၃၇၆**

**ပြည့်ကျော် စာသင်ဝိုင်း**
ဆရာကြီး သချာ ဦးအောင်သောင်း၊ တွဲဖက်ပါမောက္ခ ဒေါက်တာခင်လှိုင် (ငြိမ်း)၊
ဦးရည်ဆန်းမွန် M.A( English)၊ ဒေါက်တာသန်းထိုက်၊ ဒေါက်တာဆွေဆွေထိုက်၊
ဒေါ်ဖြူလေးဦး (B.Ed)၊ သချာ ဦးမင်းနိုင်၊ ဦးကျော်မိုးဟိန်း တို့ ဦးစီးသည်။
ရည်မှန်းချက်မြင့်မြင့်မားမားထားသော မိဘများနှင့် ကျောင်းသားများအတွက်.....
၉တန်း၊ ၁၀တန်း ၁၀ ယောက်စာသင်ဝိုင်း
ခြံအမှတ် ၃၄ ဘီ + ၂၊ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၃၅၇၀၅၃၊ ၀၉ ၂၅၉ ၂၈၆၇၂၇

**လူနာများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်လိုသူများနှင့် ဆေးဆိုင်ဖွင့်လိုသူများအတွက်**
ပါမောက္ခဆရာဝန်ကြီးများ၊ စက်ဘ်ပူပြန်သူနာပြုဆရာမများနှင့်အတွေ့အကြုံရင့် Sister များကိုယ်တိုင်ဦးစီး၍ စာတွေ့လက်တွေ့ သင်ကြားပေးရုံသာမက ဆေးရုံများ၊ဘိုးဘွားရိပ်သာများတွင်သွားရောက်လေ့ကျင့်၍လုပ်ငန်းကျွမ်းကျင်မှုနှင့်အလုပ်အကိုင်အခွင့်အလမ်းအတွက် ဖန်တီးပေးလျှက်ရှိပါသည်။
သုခစုစံ ကုမ္ပဏီ ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။ဖုန်း - (01) 377 343 , 377 344 (ရုံးချိန်အတွင်း)
Website : www.tksstkss.com, Facebook: https://www.facebook.com/tkss.mp

# မြန်မာ-ထိုင်း ပူးပေါင်းပြီး စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းချသူများအား ဖမ်းဆီးနိုင်ခဲ့

**တာချီလိတ် မေ ၂၂**

တာချီလိတ်မြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား၊ အနံ့ဆေးရည်၊ ကဖင်းအဖြူရောင်အမှုန့်များ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများကို မြန်မာ-ထိုင်းပူးပေါင်းအဖွဲ့ဖြင့် မေ ၂၀ ရက်ညနေပိုင်းက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ ONCB မှ Mr.Thar Worn နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (ခေတ္တချင်းမိုင်)မှ ရဲမှူး မြင့်ထူးတို့၏ သတင်းဖလှယ်ချက်အရ မေ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် မဲခေါင်စစ်ဆင်ရေး (၂) မှ ခေတ္တအုပ်ချုပ်ကွပ်ကဲမှုအဖွဲ့ခေါင်းဆောင် ရဲမှူး မောင်မောင်ယဉ်၊ လေးနိုင်ငံ မဲခေါင်စစ်ဆင်ရေးရုံး(ချင်းမိုင်)မှ ရဲမှူးမြင့်ထူး၊ မူးယစ်တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ဒုတိယရဲမှူး သန်းရွှေ၊ မူးယစ်တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု (၁၀၄) နေပြည်တော်မှ ဒုတိယရဲမှူးဆိုင်းနန်၊ တာချီလိတ်ခရိုင်နှင့် မြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာလုံခြုံရေးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝန်းကျောက်ရပ်ကွက်တော်ကော့(အပြင်) အမှတ်(၁၇၆)ရှိ ဒေါ်ရွှေစင်မေ(ခ) Miss.Armual ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

နေအိမ်အတွင်း အိမ်ရှင်ဖြစ်သူ ဒေါ်ရွှေစင်အား မတွေ့ရှိရဘဲ စိုင်းနော်ခမ်း၊ အာလေလောမေ၊ မာဖိန်းယားမာ၊ အထိပတိမ်၊ ဆူဝိန်ကျန်ထနာ၊ နန်းရှိန်ရွက်နှင့် နန်းဝိုးဟွမ်တို့ ခုနစ်ဦးအားတွေ့ရှိရပြီး ရှာဖွေရာ နေအိမ်အပေါ်ထပ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၁၀၊ ကာလတန်ဖိုး ငွေကျပ် ၁၆၂ ဒသမ ၇၅ သိန်းခန့်၊ အိပ်ခန်းအတွင်းရှိ မှန်တင်ခုံပေါ်မှ 999 တံဆိပ်ရိုက် ပတ်နှစ်ခု၊ အင်းပက် အနီရောင်နှစ်ခု၊ ဒစ်ဂျစ်တယ်ချိန်ခွင် တစ်လုံးနှင့် အဝါရောင်ချိန်ခွင် တစ်လုံး ကိုလည်းကောင်း၊ နေအိမ်ဧည့်ခန်းရှိ စားပွဲပေါ်မှ နိုင်ငံကူးလက်မှတ်နှစ်အုပ်နှင့် SHWEZIN- MAY အမည်နှင့် Miss.Armual စာသားပါ ထိုင်းနိုင်ငံသား မှတ်ပုံတင်တစ်ခု၊ မြန်မာနိုင်ငံသုံး ဖုန်းဆင်းကတ်နှစ်ခုနှင့် ထိုင်းနိုင်ငံသုံး ဖုန်းဆင်းကတ် ၁၅ ခု၊ ဟန်းဆက် စုစုပေါင်း ၁၉ လုံး ကိုလည်းကောင်း၊ နေအိမ်အောက်ထပ်နှင့် အပေါ်ထပ်အိပ်ခန်းအတွင်းရှိ မီးခံသေတ္တာနှစ်လုံးအတွင်းမှ ထိုင်းနိုင်ငံသုံး ဘတ်ငွေရောရာ ၇၀၀၀ နှင့်



ရွှေထည်ပစ္စည်းငါးမျိုး၊ ရွှေအတုဖြင့်ပြုလုပ်ထားသော လက်ဝတ်တန်ဆာပစ္စည်းခြောက်မျိုး၊ ရောင်စုံကျောက်ငယ်ခြောက်လုံး၊ ခြံဝင်းအတွင်းမှ ယာဉ်အမှတ် 1H/------Honda CRV မော်တော်ယာဉ်၊ ယာဉ်အမှတ် ၄၆/------ မော်တော် ယာဉ်နှင့် အမှတ် ၃ဂ/------ TOYOTA SURF မော်တော်ယာဉ် တို့ကိုလည်းကောင်း၊ နံပါတ်မပါ KEE-WAY အနက်ရောင်နှင့် Honda Scoopy-1 အဖြူ/အညိုရောင် အမျိုးအစားသော့ပါ နှစ်စီး၊ ယာဉ်အမှတ် ၃၈ယ/----- Honda MAX 125 ဆိုင်ကယ်တစ်စီး၊ ခြံဝင်းအတွင်းမှ စက်ဘီးသုံးစီးတို့ကို ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်ဝင်းကျော်ကျော်က သက်သေများရှေ့ရှာဖွေပုံစံ ဖြင့်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှ ထိုင်းလူမျိုးများဖြစ်ကြသော စိုင်းနော်ခမ်း (၃၇ နှစ်)၊ အာလေလောမေ(၁၈ နှစ်)၊ မာဖိန်းယားမာ(၂၇ နှစ်)၊ အထိပတိမ် (၄၂ နှစ်)၊ ဆူဝိန်ကျန်ထနာ(၃၃ နှစ်) နှင့် တာချီလိတ်မြို့ ဟောင်လိတ်ရပ်ကွက် ဝမ်လုံရွာနေ နန်းရှိန်ရွက် (၂၀ နှစ်)၊ နန်းဝိုးဟွမ် (၂၂ နှစ်) တို့ ခုနစ်ဦးကို မူးယစ်ဆေးဝါး/ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(လ-၀၁၅)**

# ကလေးခရိုင်အတွင်း အမှုကြီးဖြစ်ပွားမှု ယခင်နှစ်ကထက် လျော့နည်း

**ကလေး မေ ၂၂**

ကလေးခရိုင်အနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ လူသတ်မှု ခြောက်မှု၊ မုဒိမ်းမှု သုံးမှုနှင့် လုယက်မှု တစ်မှုဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် ပထမလေးပတ်ကာလအတွင်း လူသတ်မှု သုံးမှု၊ မုဒိမ်းမှု လေးမှု စုစုပေါင်း ခုနစ်မှုဖြစ်ပွားခဲ့ရာ အမှုကြီးဖြစ်ပွားမှုအနေဖြင့် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက လျော့နည်းခဲ့ကြောင်း သိရသည်။

"ဒီနှစ်ထဲမှာအမှုကြီးဖြစ်ပွားမှုတွေ လျော့နည်းဖို့ဆိုပြီး ပညာပေးစာစောင်တွေ ဖြန့်ဝေတယ်။ ကျေးရွာတွေအထိ ကွင်းဆင်းပြီး ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ လမ်းညွှန်မှုကိုခံယူပြီး ဟောပြောပွဲတွေ ဆောင်ရွက်နေပါတယ်။ လူသတ်မှုဆိုရင်လည်း ဘယ်လိုအခြေအနေမျိုးမှာ ဖြစ်ပွားတတ်တယ်။ မုဒိမ်းမှုဆိုရင်လည်း ဖြစ်ပွားတတ်တဲ့နေရာမျိုးတွေကို ပညာပေးဟောပြောပေးပါတယ်။ နောက်ပြီး အမှုကြီးဖြစ်ပွားနိုင်တဲ့ ကြိုတင်ကာကွယ်မှုတွေကိုလည်း ဆောင်ရွက်နေပါတယ်" ဟု မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ နယ်ထိန်း ဦးလှဟန်က ပြောသည်။

"ပြစ်မှုကြီးတွေအများဆုံးဖြစ်တာက အရက်ပုန်းဆိုင်တွေ၊ ကေတီဗွီဆိုင်တွေမှာ အများဆုံးဖြစ်တာပါ၊ အမှုကြီးတွေ လျော့နည်းဖို့ဆိုရင် ဒီလိုမျိုးဆိုင်တွေကို အရင်ဖမ်းသင့်ပါတယ်" ဟု ကလေးမြို့ဒေသခံ ဦးမျိုးကပြောသည်။

**သျှင်နေမင်း**

# ကသာမြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**ကသာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက်က ကသာရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ လမ်းခွကျေးရွာမောင်းတံဂိတ်တွင် စောင့်ဆိုင်းနေစဉ် မြင့်ဦးဆိုသူရှေ့မှစီး၍ နောက်မှအုန်းဆန်းလိုက်ပါလာသော ၁၂၅ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ Love is Flower စာတန်းပါ ပန်းရောင်ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အလေးချိန် ၁၁ ဂရမ်ပါ ဆပ်ပြာခွက်နှစ်ခွက် စုစုပေါင်းအလေးချိန် ၂၂ ဂရမ်ကို ရှာဖွေတွေ့ရှိရ၍ မြင့်ဦးပါနှစ်ဦးအား ဥပဒေအရ အရေးယူပေးပါရန် တပ်ကြပ်ကြီး အောင်ဇော်လတ်က တရားလိုပြုလုပ်ကာ တိုင်ကြားထားသည်။

သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ မြင့်ဦး (၃၁ နှစ်) အောင်ကုန်းရွာ ပင်လည်ဘူးမြို့နယ်နေသူနှင့် အုန်းဆန်း(၃၄ နှစ်) နန့်နွဲ့ကျေးရွာ မဘိမ်းမြို့နယ်နေသူတို့နှစ်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ဆိုင်ကယ်ခိုးသူအား သုံးရက်အတွင်းဖမ်းမိ

**အောင်လံ မေ ၂၂**

ပြည်မြို့မရဲစခန်းတွင် မေ ၆ ရက်က ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူ စစ်နိုင်ထွဋ်ပါ လေးဦးအားစစ်ဆေးရာ ၎င်းတို့ထံမှ အမှုဖြင့်သိမ်းဆည်းရမိသော ဆိုင်ကယ်မှာ အောင်လံမြို့နယ် မောင်းမလှုပ်ရွာမူလတန်းပြဆရာမ ဒေါ်သန်းသန်းဆွေထံမှ မေ ၁၅ ရက်က ခိုးယူခဲ့သော ဆိုင်ကယ်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်မြို့မရဲစခန်းမှ ပြစ်မှုကျူးလွန်သူများဖြစ်ကြသော စစ်နိုင်ထွဋ် (၁၅ နှစ်) စက်ရုံရပ်ကွက် အောင်လံမြို့၊ ဇေယျာဖြိုး (၂၁ နှစ်) ရွှေတံခါးအပိုင်း(၄) ပြည်မြို့၊ ဖိုးလပြည့် (၁၈ နှစ်) စမ်းချောင်းကွက်သစ်(၅)လမ်း၊ အောင်လံမြို့၊ ဝေယံဖြိုး (၂၁ နှစ်) ရွာထောင်ရပ်ကွက် အောင်လံမြို့တို့ လေးဦးအား သက်သေခံဆိုင်ကယ်နှင့်အတူ လွှဲပြောင်းလက်ခံရယူပြီး အောင်လံမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သိန်းလွင်**(iprd)

# ရေနံချောင်းမြို့နယ်တွင် ဓားထိုးမှုဖြစ်ပွား

**မကွေး မေ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့နယ်တွင် မေ ၂၀ ရက် ညနေ ၆ နာရီခန့်က ဓားထိုးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရေနံချောင်း မြို့နယ်သစ်တပွေရပ်ကွက်နေသူ ဝေလင်းဖြိုး(ခ) ဝေဖြိုး (၁၇ နှစ်)သည် သူငယ်ချင်းဖြစ်သူ အောင်သူလင်းနှင့်အတူ အလုပ်မှပြန်လာစဉ် ရွာလယ်လမ်းအရောက်တွင် မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသော တစ်ရပ်ကွက်ထဲနေ ကိုအောင်ကျော်(ခ) အောင်ကျော်ဦးမှ ယခင်က စကားများခဲ့သည်ကို မကျေနပ်ကြောင်းပြောဆိုကာ ဓားဦးချွန်ဖြင့်ထိုးရာ ဝေလင်းဖြိုး(ခ) ဝေဖြိုးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဓားဖြင့်ထိုးသူ အောင်ကျော်(ခ) အောင်ကျော်ဦးကို အရေးယူ ပေးပါရန် ဝေလင်းဖြိုး(ခ) ဝေဖြိုးက တရားလိုပြုလုပ် တိုင်တန်းသဖြင့် ရေနံချောင်း မြို့နယ် မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**မွန်ပြည်နယ်-မော်လမြိုင်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းအသစ်များ သွယ်တန်းခြင်း၊ (၁၁/၀.၄) ကေဗွီဓာတ်အားခွဲရုံအသစ်များတည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းသစ်များတည်ဆောက်ခြင်း၊ စံမမီဓာတ်အားလိုင်းများအား ကွန်ကရစ်တိုင်၊ သံလက်တန်းနှင့် ကြိုးများလဲလှယ်ခြင်းလုပ်ငန်းများတို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ရက်မှ ၁၅-၆-၂၀၁၅ရက်၊ ၁၆း၀၀ နာရီအထိ
**တင်ဒါသွင်းရမည့်ရက်** - ၁၅-၆-၂၀၁၅ ရက်မှ ၁၅-၇-၂၀၁၅ ရက်အထိ
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၂၂၄၊ ၀၉-၈၇၂၅၅၇၁၊ ၀၉-၈၇၂၅၅၇၂၊ ၀၉-၃၆၁၁၉၈၂၈**



**အမည်ပြောင်း**

ဦးမျိုးမင်းထိုက်၏သား စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အထက(၂)၊ ဆဋ္ဌမတန်း(အောင်)မှ မောင်မင်းထက်ပိုင်အား မောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြင့်မြတ်**



**ပြည်ထဲရေးဝန်ကြီးဌာန**
**မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် Saloon/Van မော်တော်ယာဉ်(၃)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို၂၂-၅-၂၀၁၅ ရက်မှ ၂၉-၅-၂၀၁၅ရက်အထိ (၀၉း၃၀)နာရီမှ (၁၅း၀၀)နာရီအချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့်ရက်မှာ ၁-၆-၂၀၁၅ရက် (တနင်္လာနေ့)၊ ၁၂း၀၀နာရီဖြစ်ပြီး (၁၄း၀၀)နာရီ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ရုံးခန်းတွင် တင်ဒါဖွင့်ပွဲ ပြုလုပ်သွားမည်ဖြစ်ပါသည်။
၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်မြို့၊ဖုန်း-၀၅၇-၂၄၉၈၅**
**၀၅၇-၂၄၉၄၂၊ ၀၅၇-၂၇၄၉၁**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လက်ထောက်ညွှန်ကြားရေးမှူး (၃)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး (၄)၊ ကလေးမြို့အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းအတွက် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက်မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ အုတ်
၂။ မြစ်သဲ
၃။ ခွဲကျောက်(ဆိုဒ်စုံ)
၄။ ကျောက်စရစ်
၅။ ကျောက်ကြီး
၆။ သစ်(ဆိုဒ်စုံ)
၇။ ကတ္တရာ
၈။ Rheobuild 561 (Admixtrue)
၉။ Q.H.A
၁၀။ အခြားတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စသည်

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်ကိုထပ်မံကြေညာပါမည်။
**လျှောက်လွှာဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (၃)ရုံး၊ တည်ဆောက်ရေး (၄)၊ ဆည်မြောင်းဦးစီးဌာန၊ ကလေးမြို့

ဖုန်း-၀၇၃-၂၁၅၇၄၊ ၀၇၃-၂၂၂၅၉

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး တင်ဒါလျှောက်လွှာများကို ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရွေးချယ်ရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၈၂၇)၊ ဧရိယာ ၀ဒသမ၁၅၁ဧက၊ ဦးမြတ်ထွန်း အမည်ပေါက် နှစ်(၃၀)အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၇/၂၀၁၅ (၁၀-၄-၂၀၁၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးငြိမ်း ၉/ခအဇ(နိုင်)၀၁၅၉၉၂ (ဘ)ဦးဝင်းချစ်မှ မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**အမည်ပြောင်း**

ကျိုက်မရောမြို့နယ်၊ ငပုအင်း အမက(လွန်)သတ္တမတန်းမှ ဦးမောင်စိုး၏သမီး မဥမ္မာထွေးအား မဥမ္မာစိုးဟုပြောင်းလဲခေါ်ပါရန်။ **မဥမ္မာစိုး**



**ဖခင်အမည်မှန်**

ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁၅) ဖြုတ်ခွဲကျေးရွာ အထက်တန်းကျောင်း န၀မတန်း (A) မှ မစိုးစန္ဒာထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းညွန့်၉/တကန(နိုင်)၀၇၇၀၄၂ ဖြစ်ပါကြောင်း။ **ဦးဝင်းညွန့်**



**မိဘအမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က ရေဆင်း၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းသီဂီမော်၏ မိဘအမည်မှန်မှာ ဦးမျိုးဝင်းအောင်၉/ပမန(နိုင်)၂၄၄၃၆၅၊ ဒေါ်စန်းစန်းမော်၉/ဇယသ(နိုင်)၀၀၀၈၅၁တို့ဖြစ်ပါကြောင်း။ **ဦးမျိုးဝင်းအောင်-ဒေါ်စန်းစန်းမော်**



**မွေးသက္ကရာဇ်အမှန်**

နေပြည်တော်၊တပ်ကုန်းမြို့နယ် ထန်တောကြီး၊ အ.လ.က(ခွဲ)မှ ဦးမျိုးမင်းအောင် ၉/တကန(နိုင်)၁၁၆၇၅၇၏သား မောင်မင်းခန့်ကျော် သတ္တမတန်း(အောင်)၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စုစာရင်းအရ ၃၁-၁-၂၀၀၃ ဖြစ်ပါကြောင်း။




သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြားသင်္ဘောများ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် မေ ၂၂**

နိုင်ငံတကာမှ ပင်လယ်ကူးသင်္ဘောကြီးများ အစင်းရေ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် ရန်ကုန်ဆိပ်ကမ်းနှင့် ရေလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

"ရန်ကုန်ဆိပ်ကမ်းကို နိုင်ငံခြားသင်္ဘောတွေ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေပါတယ်။ မကြာခင်ကပဲ ပင်လယ်ဝနဲ့ ရန်ကုန်ဆိပ်ကမ်းအထိ ရေလမ်းကြောင်းသောင်တူးခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံက သောင်တူးသင်္ဘောနဲ့ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ အရင်က ရေစူးကိုးမီတာရှိတဲ့ သင်္ဘောတွေ တစ်လကို သုံးရက်မှ ငါးရက်အထိ ဝင်ရောက်နိုင်ပေမယ့် နောက်ဆိုရင် တစ်လကို ၁၀ ရက်အထိ သင်္ဘောတွေ ဝင်ရောက်နိုင်အောင် ဆောင်ရွက်နေပါတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန် သီလဝါဆိပ်ကမ်းသည် နိုင်ငံတကာ သင်္ဘောခြောက်စင်းအထိ ဆိုက်ကပ်နိုင်သည်ဖြစ်ရာ ရန်ကုန်ဆိပ်ကမ်းကိုလည်း နိုင်ငံတကာသင်္ဘောအစင်း ရေ ၂၃ စင်းခန့်အထိ ဆိုက်ကပ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းသို့ ရေယာဉ်အလျား ၁၆၇ မီတာ၊ ရေစူး ကိုးမီတာနှင့် ကုန်တန်ချိန် ၂၀၀၀၀ ရှိသောသင်္ဘောများ ဝင်ထွက်နိုင်လျက်ရှိသည်။ ရန်ကုန်မြစ်အတွင်းရှိ ရေလှိုင်းများမှာ ရေကြောင်းဝန်ဆောင်မှုကို အနှောင့်အယှက် မပေးနိုင်ဘဲ ရန်ကုန်မြစ်ဝ၌ ရေလှိုင်းအမြင့်နှစ်မီတာထက်နည်းသော လှိုင်းများသာ ဖြစ်ပေါ်လေ့ရှိသည်။

ရန်ကုန်ဆိပ်ကမ်းတွင် ဗိုလ်တထောင်တံတား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ထားသည့် MITT တံတားများ၊ MIPL တံတားများအပြင် မြန်မာ့စက်မှု ဆိပ်ကမ်းတံတား၊ အလုံတံတား (၁)၊ (၂) နှင့် (၃) စသည်တို့ တည်ရှိနေသည်။

ယင်းဆိပ်ကမ်း တံတားများသည် နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်ရာနေရာ မြန်မာနိုင်ငံ၏ နိုင်ငံတကာရေကြောင်းကုန်သွယ်မှု အဓိကဆိပ်ကမ်းဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံတကာမှ သင်္ဘောများ ပိုမိုဝင်ရောက်ဆိုက်ကပ်နိုင်ရေးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်လျက်ရှိသည်။ သင်္ဘောကြီးများ ပိုမိုဝင်ထွက်နိုင်ရေးအတွက် ရန်ကုန်မြစ်ကြောင်းကောင်းမွန်ရန် သောင်တူးသင်္ဘောများဖြင့် နေ့စဉ်သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်နေသည်။

တစ်ဖန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် တောင်ကိုရီးယားနိုင်ငံ ဘူဆန်ဆိပ်ကမ်းအာဏာပိုင်တို့ ပူးပေါင်းကာ ဆိပ်ကမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဆိပ်ကမ်းများ ဖွံ့ဖြိုးရေး၊ ဆိပ်ကမ်းဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ညီနောင်ဆိပ်ကမ်းများအဖြစ် သတ်မှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ပန်းဆိုးတန်း-ဒလ ခရီးစဉ်တွင် ချယ်ရီကူးတို့ယာဉ်စီးနှင်းသူများပြား

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ဒလဆိပ်ကမ်းသို့ နေ့စဉ်ပြေးဆွဲပေးနေသော ဂျပန်နိုင်ငံမှ လှူဒါန်းထားသည့် ချယ်ရီကူးတို့သင်္ဘောသုံးစင်းကြောင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနေလျက်ရှိပြီး အဆင်ပြေလျက်ရှိနေသည်။

"မိုးရာသီရောက်လာပြီဆိုတော့ ဘေးကင်းလုံခြုံမှုရှိတဲ့ ချယ်ရီကူးတို့သင်္ဘောတွေပဲ စီးဖြစ်ပါတယ်။ ကျွန်တော်တို့က နေ့စဉ် ရန်ကုန်မြို့ထဲမှာ လာရောက်ဈေးရောင်းတာဆိုတော့ နေ့စဉ်ချယ်ရီကူးတို့သင်္ဘောပဲ ရွေးချယ်စီးဖြစ်နေပါတယ်။ ကျယ်ဝန်းပြီး မိုးလုံလေလုံလည်း ရှိတာမို့ပါ" ဟု ဒလဘက်မှ ရန်ကုန်သို့ နေ့စဉ်လာရောက်ဈေးရောင်းသူ ကိုဝင်းအောင်က ပြောသည်။

နေ့စဉ် ဈေးရောင်းကာဝမ်းရေးအတွက် ရှာဖွေနေရသူများအနေဖြင့် ဖျားနာမှုမဖြစ်အောင် မိုးဒဏ်၊ လေဒဏ်မှ လုံခြုံစိတ်ချရသည့် ချယ်ရီကူးတို့သင်္ဘောများကို စီးခြင်းဖြင့် သတိပြုနေထိုင်ရသည်ဟု ဆိုသည်။ ပန်းဆိုးတန်းမှ ဒလသို့ ဖြတ်သန်းရာတွင် စက်တပ်ရေယာဉ်ငယ်များရှိသော်လည်း မိုးဒဏ်၊ လေဒဏ်နှင့် လှိုင်းဒဏ်များ တိုက်ရိုက်ခံရပါက နေထိုင်မကောင်းဖြစ်နိုင်၍ လက်လုပ်လက်စားအလုပ်သမားများက ချယ်ရီသင်္ဘောကိုပိုမိုစီးကြခြင်းဖြစ်သည်။

ပန်းဆိုးတန်း-ဒလ ကူးတို့လမ်းကြောင်းတွင် ဂျပန်နိုင်ငံမှ လှူဒါန်းထားသော ချယ်ရီကူးတို့သင်္ဘောသုံးစင်းမှာ နေ့စဉ်နံနက် ၅ နာရီမှ ည ၉ နာရီခန့်အထိ ပြေးဆွဲပေးလျက်ရှိသည်။ နေ့စဉ်ခရီးသည် ၂၅၀၀၀ မှ ၃၀၀၀၀ အထိ သယ်ယူပို့ဆောင်ပေးနေရသည့် ချယ်ရီသင်္ဘောနှစ်စင်းမှာ နေ့စဉ်ပြေးဆွဲပေးနေပြီး တစ်စီးမှာ အလှည့်ကျနားကာ ပြေးဆွဲပေးလျက်ရှိသည်။

ချယ်ရီးသင်္ဘောပေါ်တွင် လိုက်ပါစီးနင်းသော ခရီးသည်များအား အရေးပေါ်အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကာ အသုံးပြုနိုင်ရေးအတွက်လည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများက လက်တွေ့သရုပ်ပြဝတ်ဆင်မှုများကို ပြီးခဲ့သည့် သီတင်းသုံးပတ်က ချယ်ရီသင်္ဘောပေါ်တွင် ပြသကာ အသိပညာပေးမှုများ ပြုလုပ်ခဲ့သည်။

**သတင်း - မောင်ချစ်ကြည်၊ ဓာတ်ပုံ - စန်းယု**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| ၁။ | ကျောက်ရွယ်စုံ | ၁၃၆၃၀ ကျင်း |
| ၂။ | သဲ | ၇၁၉ ကျင်း |
| ၃။ | ချောင်း/မြစ်ကျောက်စရစ် | ၃၆၇၂ ကျင်း |
| ၄။ | မြေရောကျောက် | ၁၁၆၂ ကျင်း |
| ၅။ | ဘိလပ်မြေ | ၁၀၁၄၅ အိတ် |
| ၆။ | သံချောင်း(ရွယ်စုံ) | ၇၁ တန် |
| ၇။ | တောသစ် | ၃၂ တန် |
| ၈။ | ပျဉ်းကတိုး(ထု) | ၈ တန် |
| ၉။ | သစ်မာချော(ရွယ်စုံ) | ၁၃၉၀ လုံး |

(က) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၃-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
(ခ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၄-၆-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်း ဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့တွင် ၂၀-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၅၂၀၁၁**

## ဘဏ္ဍာထိန်း Finance Officer အလိုရှိသည်

ACTED Myanmar အမှတ်(၂၆၄)၊ ပြည်ထောင်စုလမ်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ အလုပ်လျှောက်လိုသူများ ၇-၆-၂၀၁၅ ရက်မတိုင်မီ ဖုန်း-၀၉-၄၂၀၀၉၃၁၆၈ myitkyina.finance@acted.org သို့ ကိုယ်ရေးအကျဉ်း စုံလင်စွာဖြင့် လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၆၊ မြေကွက်အမှတ် ၃၁၂၊ မြေအမည်ပေါက် ဦးမျိုးမြင့် ၁၄/ဝခမ(နိုင်)၁၂၁၀၉၉က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံတစ်မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၂-၅-၂၀၁၅ရက်မှစ၍ ၅-၆-၂၀၁၅ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၅-၆-၂၀၁၅ ရက် (၁၆း၃၀) နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။
၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## အကြောင်းကြားစာ

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အဖွဲ့မဝင်ရသေးသူ စစ်မှုထမ်းဟောင်းများသိရှိရန် -
(၁) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ဂုဏ်ထူးရကျောင်းသား/သူများ ဆုချီးမြှင့်ရာတွင် ၂၀၁၄-၂၀၁၅ အောင်စာရင်းထွက်ချိန်တွင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ခွင့်ရရှိပြီးသူစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများကိုသာ ဆုချီးမြှင့်သွားပါမည်။
(၂) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း (ဒသမတန်း)ဖြေဆိုထားသည့်ကျောင်းသား/သူများ၏မိဘများဖြစ်ကြသော စစ်မှုထမ်းဟောင်း (အငြိမ်းစားစစ်မှုထမ်း)များအနေဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ခွင့်လျှောက်ထားမှုအား အောင်စာရင်းမထုတ်ပြန်မီ ၁၀ ရက်အလိုတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်သို့ အဖွဲ့ဝင်ခွင့်လျှောက်လွှာများအား အရောက်ပေးပို့သွားရန်အတွက် ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန်။
(၃) စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ပြီးသူများ၏ သားသမီးများ ဂုဏ်ထူးရရှိပါက အောင်စာရင်းထွက်သည့်ရက်တွင် ရုံးဖွင့်စာရင်း ကောက်ခံပေးမည်ဖြစ်ပါသည်။
(၄) ဆက်သွယ်ရန် ဖုန်း-၀၆၇-၂၄၀၃၁၊ ၀၆၇-၂၂၁၃၁၊ ၀၉-၄၂၀၇၃၄၀၆၇၊ ၀၉-၉၇၄၇၈၈၅၆၇၊ ၀၉-၃၁၂၄၁၉၀၃၊ ၀၉-၂၀၂၃၆၆၉၊ ၀၉-၇၉၇၈၆၂၁၄၁ တို့သို့ ဆက်သွယ်နိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၆၊ မြေကွက်အမှတ်၂၇၃၊မြေအမည်ပေါက်ဦးဝင်းမြင့် ၈/ပဖမ(နိုင်)၀၃၀၀၃၈က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဦးဇေယံပိုင် (၁၂/မရက (နိုင်) ၁၂၆၄၅၄) Htoo & Wai Construction Co., Ltd နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ် (၁၇/C-D2) နေ ဒေါ်ချောစုစုဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့သည် (၂၃. ၇. ၂၀၁၃) ရက်စွဲပါ ဆောက်လုပ်ဆဲတိုက်ခန်းအား အပျောက်စနစ်ဖြင့် တိုက်ခန်းအရောင်း စရံပေးကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်အရ (၃၀. ၃. ၂၀၁၄) ရက်နေ့တွင် တိုက်ခန်းလက်ရောက်ပေးအပ်ရန် သဘောတူခဲ့ကြပါသည်။

လူကြီးမင်းအနေဖြင့် စာချုပ်ပါနေ့ရက်တွင် တိုက်ခန်းလက်ရောက်ပေးအပ်နိုင်ခြင်းမရှိသဖြင့်၊ လူကြီးမင်း၏တောင်းဆိုချက်အရ (၁. ၁၁. ၂၀၁၄) ရက်နေ့တွင် တိုက်ခန်းလက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ပြောဆိုသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်မိတ်ဆွေမှ (၂၄. ၃. ၂၀၁၄) ရက်စွဲပါ နှစ်ဦးသဘောတူ ရက်ရွှေ့ဆိုင်းခြင်းစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ ရွှေ့ဆိုင်းခဲ့သော်လည်း ယနေ့ချိန်ထိ တိုက်ခန်းလက်ရောက်ပေးအပ်ခြင်းမရှိဘဲ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေကို အတွေ့မခံဘဲ တိမ်းရှောင်နေလျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အမျိုးမျိုး ကြိုးစားဆက်သွယ်သော်လည်း မရရှိခဲ့ပါ။ ထို့ကြောင့် လူကြီးမင်းအနေဖြင့် မိမိရောင်းချခဲ့သောတိုက်ခန်းကို (၃၀. ၅. ၂၀၁၅) ရက်နေ့နောက်ဆုံးထားပြီး အပ်နှံပေးရန် (သို့မဟုတ်) စရံငွေများ၏နှစ်ဆဖြစ်သော ငွေကျပ်သိန်း (၇၀၀) ကို မပျက်မကွက်ပေးအပ်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ဆောင်ရွက်ပေးခြင်းမရှိပါက၊ တရားမကြောင်း၊ ပြစ်မှုကြောင်းတို့အရ ထိရောက်စွာ တရားစွဲဆိုမည်ဖြစ်ကြောင်း ထပ်မံအသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နုနုဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၅၃)
ဒေါ်အေးကျော့ဆွေ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၃)
အမှတ် (၅၆၅/၅၆၇)၊ MAC TOWER ၊ အခန်းအမှတ် (၄၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၂၀၁၉၅၈၃၊ ၀၉-၇၃၁၇၂၉၇၅

# စိုက်ပျိုးရာသီအမီပျိုးပင်ခြောက်သောင်းကျော်ပျိုးထောင်ထားရှိ



**သီပေါ မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမိုးနှင့် သစ်တောဝန်ထမ်းများသည် သစ်ပင်ပျိုးပင်များကို ပြုစုထိန်းသိမ်းစောင့်ရှောက် လျက်ရှိရာ ပျိုးပင်များ အောင်မြင်ရှင်သန်နေသည်ကိုမေ ၁၉ ရက်က ပျိုးဥယျာဉ်တို့တွင် တွေ့ရသည်။

သီပေါမြို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)က မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ်အပူရှိန် မြင့်မားကာအပူဒဏ်ကို မြေပြန့်ဒေသများနည်းတူ ခံစားရ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးရန် လိုအပ်လာသည့် အလျောက် ဝန်ထမ်းများနှင့်ဒေသခံများ ပူးပေါင်းပြီး စိုက်ပျိုးသွားမှာဖြစ်ကြောင်း၊ ဒီလိုစိုက်ပျိုးတဲ့နေရာမှာ စိုက်ပြီးပြီးရော သဘောမျိုး မဟုတ်ဘဲ တစ်ပင်သေ တစ်ပင် အစားထိုးစနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး တောင်ကတုံးများကိုလည်း ရောင်ထုံးများဖြစ်လာအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမိုးက ပြောသည်။

မြို့နယ်သစ်တောဦးစီးဌာန၏ ခိုလုံနှင့် မန်ဟဲမြို့မ သစ်တောပျိုးဥယျာဉ်များတွင် ရတနာတန်းဝင်ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ ကံ့ကော်၊ ခရေ၊ ဗာဒံ၊ စိန်ပန်း၊ တောင်တမာ၊ ချယ်ရီ၊ ရေသင်းဝင်၊ ပိတောက်၊ ပင်လယ် ကဗွီး၊ သရက်၊ ထောပတ်၊ ပိန္နဲနှင့်ဒညင်းစသည့် သစ်ပင်ပျိုးပင်ပေါင်း ၆၄၀၉၁ပင် တို့ကို အဆင်သင့်ပျိုးထောင်ထားပြီး မိုးရွာသွန်းမှုကောင်းမွန်၍ အစိုဓာတ်လုံလောက်စွာရရှိချိန်တွင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာများအပြင် ပုဂ္ဂလိကစိုက်ပျိုးလိုသူများနှင့် သစ်ပင်ချစ်သူများကို အခမဲ့ဖြန့်ဝေပေးမည် ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေး အစီအစဉ် (CTME) အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၂**

မြန်မာတိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ပူးပေါင်းကျင်းပသော တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် (CTME) အခမ်းအနားကို မေတတိယပတ်က တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးတက္ကသိုလ် ဆေးပညာဌာနမှ ဒုတိယပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေး ပံ့ပိုးကူညီပေးသော ဒေါ်ထူးထူး(မတ္တရာ)တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအား တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သန်းမောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဦးအောင်ကျော်မင်း(ပါမောက္ခ/ ဌာနမှူး၊ အနာပေါက်ကုသမှုပညာဌာန) မှ အနာပေါက်ကုသမှုပညာ၊ အနာပေါက်ကုသမှုပညာဌာနနှင့် အနာပေါက်ရောဂါကုထုံးများအကြောင်းကို လည်းကောင်း၊ဒေါ်ခိုင်ဇာလင်း (နည်းပြ၊ အနာပေါက်ကုသမှုပညာ ဌာန)မှ တိုင်းရင်းဆေးနှင့် ရင်သားကင်ဆာခေါ် မြစ်ပွားနာအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သန်းမောင်က စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# ရွှေ့လျားစာကြည့်တိုက် အိမ်တိုင်ရာရောက်ဝန်ဆောင်ပေး

**မူဆယ် မေ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ စာကြည့်တိုက်သို့ စာအုပ်စာပေလာရောက်မဖတ်ရှုနိုင်သည့် ပြည်သူများအနေဖြင့် လုပ်ငန်းခွင်မပျက်ဘဲ စာပေဖတ်ရှုလေ့လာနိုင်ရန် မြို့ပေါ်ရှိ လူစည်ကားရာနေရာများတွင် နံရံကပ်စာပေရေချမ်းစင်များ ဖြန့်ဝေထားရှိပေးလျက်ရှိပြီး ရုံးချုပ်မှပေးပို့လာသော စာစဉ်အသစ်များကို ပုံမှန်ဖြည့်တင်းပေးလျက်ရှိသည်။

ထို့ပြင် PDLS (Public Digital Library Service) ကို လည်းကောင်း၊ စာကြည့်တိုက်တွင်လည်း အများပြည်သူ စိတ်အပန်းဖြေစေရန်၊ နိုင်ငံတကာသတင်းနှင့် မြန်မာ့သတင်းများတို့ကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် (Adsl Wifi Free) ကိုလည်း တပ်ဆင်ထားသည်။

မူဆယ် ခရိုင်ရုံးအနေဖြင့် တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် ပြည်သူများကို လုပ်ငန်းခွင်တွင် အလုပ်မပျက်ဘဲ စာအုပ်စာပေများ လေ့လာနိုင်စေရန် ရည်ရွယ်ပြီး ရုံးသို့မဟုတ် အိမ်တိုင်ရာရောက် Mobile Library အဖြစ် ပြည်သူများကို အခမဲ့လိုက်လံငှားရမ်းလျက်ရှိကြောင်း သိရသည်။



**ကိုမိုင်း(iprd)**

# အခြေခံဗုဒ္ဓသာသနာယဉ်ကျေးမှုစာအုပ်များ လှူအပ်

**ဖလမ်း မေ ၂၂**

ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နာယကမှ လှူဒါန်းသော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု စာအုပ်များ လှူအပ်ပွဲကို မေ ၂၀ ရက်က ဖလမ်းမြို့ သီလရှင်ကျောင်းတိုက်၌ကျင်းပရာ ဖလမ်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့် အဖွဲ့ဝင်များ၊ သီလရှင်စာသင်တိုက်ရှိ သံဃာတော်အရှင်သူမြတ်များ တက်ရောက် ကြသည်။ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကမှ လှူဒါန်းသော အခြေခံဗုဒ္ဓသာသနာယဉ်ကျေးမှုစာအုပ်များကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သံဃာတော်အရှင်သူမြတ်တို့ကိုပေးအပ်ခဲ့ ကြောင်း သိရသည်။ **(ခရိုင်ပြန် /ဆက်)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၅-၅-၂၀၁၅) ရက်နေ့၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

သုံးနှစ်ဆက် "အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"

(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင် - ပထမဆု) ကို

"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း" ကလည်းကောင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

"နိုင်ငံ့စွမ်းဆောင်ရည်ဆု"

(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု) ကို

"ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း" ကလည်းကောင်း

အသီးသီးဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး

နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်

# ကွန်တိန်နာယာဉ်များ ဖြတ်သန်းနေခြင်းကြောင့် ကွန်ကရစ်လမ်းပျက်စီးမည်ကို ဒေသခံများစိုးရိမ်နေ



**ရန်ကုန် မေ ၂၂**

မိုးရာသီ၌ သွားလာမှုခက်ခဲသော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများကို ကွန်ကရစ်လမ်းခင်းထားမှုကြောင့် မိုးရာသီတွင် ရွှံ့ဗွက်အတွင်းသွားလာရာမှ ကွန်ကရစ်လမ်းပေါ်၌ သွားလာနေရပြီဖြစ်၍ ရပ်ကွက်ပြည်သူတို့ ဝမ်းသာလျက်ရှိသည်။

မြို့နယ်ရှိ ပြည်သူများ ကွန်ကရစ်လမ်းပေါ်၌ ဈေးရောင်းသူများကြောင့် နေ့စဉ်သွားလာမှု အခက်အခဲကြုံတွေ့နေရသည့်အပြင် ရပ်ကွက်အတွင်း ယာဉ်ကြီးများဝင်ရောက်၍ ပစ္စည်းအတင်အချ ပြုလုပ်လျက်ရှိရာ အမှတ်(၇)ရပ်ကွက် ဦးပုညလမ်းရှိ ဘိလပ်မြေအိတ်ရောင်းသောဆိုင်သို့ ၂၂ ဘီး ကွန်တိန်နာယာဉ်မှ ဘိလပ်မြေအိတ်များ ဆိုင်ရှေ့၌ ချနေသောကြောင့် ၁၈ ပေအကျယ်ရှိသော ကွန်ကရစ်လမ်းပေါ်သွားလာနေသော ပြည်သူများ သွားလာမှု အခက်အခဲကြုံတွေ့ရသည့်အပြင် ယာဉ်၏အလေးချိန်ကြောင့် လမ်းကွဲအက်မည်ကို စိုးရိမ်နေရသည်။

ရပ်ကွက်မှ တာဝန်ရှိသူများထံ အကြောင်းကြားသော်လည်း တားမြစ်မှုမရှိသောကြောင့် ဦးပုညလမ်းတွင် ယာဉ်ငယ်များ ဖြတ်သန်းခွင့်မရဘဲ လမ်းပိတ်ဆို့မှု တစ်နာရီကျော်ကြာခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကဲ့သို့ အခြားရပ်ကွက်တို့တွင်လည်း ၂၂ ဘီး သစ်တင်ယာဉ်များနည်းတူ ကျောက်၊သဲ၊ အုတ် ၁၂ ဘီးယာဉ်များဝင်ရောက်လျက်ရှိရာ ပျက်စီးသွားသောကတ္တရာလမ်းများနေရာတွင် ကွန်ကရစ်လမ်းများခင်းထားပြီဖြစ်၍ ပြန်လည်ပျက်စီးပါက ယခင်လမ်းများပျက်စီးစဉ်ကကဲ့သို့ ရပ်ကွက်ပြည်သူများ သွားလာမှု အခက်အခဲကြုံတွေ့မည်ကို စိုးရိမ်နေခြင်းဖြစ်သည်။

ခရိုင်စည်ပင်သာယာ (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးကလည်း လှိုင်သာယာမြို့နယ်အတွင်းရှိ ကွန်ကရစ်လမ်းများ ခင်းကျင်းမှု ၅၀ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး လမ်းတစ်လမ်း ရေရှည်တည်တံ့ရန်အတွက် ပြည်သူနှင့်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယာဉ်မောင်းသူများကလည်း အသိတရားလက်ကိုင်ထားကာ ဝိုင်းဝန်းထိန်းသိမ်းခြင်းနည်းတူ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများကလည်း တာဝန်ယူမှုနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပါက ငွေကြေးဆုံးရှုံးမှုမဖြစ်စေဘဲ အခြားလိုအပ်သောနေရာတွင် အစားထိုး သုံးစွဲခွင့်ရနိုင်ကြောင်း ပြောကြားသည်။

**မြင့်မြတ်သစ္စာ**



## အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲကျင်းပ

**ပျဉ်းမနား မေ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထက(၁) အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် ညနေ ၃ နာရီခွဲက အခြေခံစာတတ်မြောက်ရေး ဂုဏ်ပြုပွဲအခမ်းအနားကျင်းပသည်။ အခမ်းအနားသို့ နေပြည်တော်ကောင်စီ ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်တိုင်းပညာရေးမှ ဒေါ်မာကြူမင်း(ဒုတိယညွှန်ကြားရေးမှူး)၊ ပျဉ်းမနားမြို့နယ်ပညာရေးမှူးနှင့် ဖိတ်ကြားထားသူ ၈၀ ကျော်တက်ရောက်ခဲ့ပြီး ဂုဏ်ပြုလွှာများပေးအပ်ခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## အောင်လံမြို့တွင် နွားစာသိုလှောင်ရာမှ မီးလောင်မှုဖြစ်

**အောင်လံ မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ ရွာထောင်ရပ်ကွက်တွင် မေ ၂၀ ရက် သန်းခေါင်ကျော်က နွားစာသိုလှောင်သည့် အဆောက်အအုံမှ သိုလှောင်ထားသော နွားစာဝါစေ့များ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အမှုဖြစ်စဉ်မှာ သန်းခေါင်ကျော် ၂ နာရီ ၃၆ မိနစ်တွင် ပြည်သူတစ်ဦး၏ သတင်းပေးပို့မှုဖြင့် ရွာထောင်ရပ်ကွက်၌ မီးလောင်နေကြောင်း သိရသဖြင့် အောင်လံမြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၂ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် မြေစိုက်၊ နွားစာသို လှောင်သည့် အဆောက်အအုံနှင့် နွားစာဝါစေ့ပိဿာ ၂၀ ခန့် မီးလောင်ခဲ့ပြီး မီးလောင်မှုကြောင့် ထွန်းထွန်း ရွာထောင်ရပ်ကွက်နေသူအား အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းလွင်(iprd)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၈/၁၉၈၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃စ/၁၅၅၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**



## တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲသားများဖမ်းဆီးရမိ

**စစ်ကိုင်း မေ ၂၂**

ခြောက်ဘီးကားတစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲသားများကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းမကြီးပေါ် ကံတလူတိုးဂိတ်အနီး၌ မေ ၁၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး၊ တောအုပ်ကြီးဦးအောင်စိုးမြင့်နှင့် တောအုပ်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန်းဆွေနှင့် သစ်တောဝန်ထမ်းများ၊ (စစစ)မှ ဒုတိယစုံစမ်းဆေးရေးမှူး စိုင်းနေမျိုးထွန်း၊ ရွာသစ်ကြီးစခန်းမှူးရဲအုပ်ထိန်လင်းနှင့် ကံတလူရဲကင်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် နယ်မြေသတင်းအရ တရားမဝင်သစ်ရှာဖွေဖမ်းဆီးခြင်း လုပ်ငန်းများကို မေ ၁၈ ရက်က ဆောင်ရွက်နေစဉ် စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းမပေါ် ကံတလူတိုးဂိတ်အနီး၌ ဘုတလင်မြို့မှ ယာဉ်မောင်းကျော်ကျော်ထွေး မောင်းနှင်လာသည့် ကန်တာ ခြောက်ဘီးအဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် ပိတောက်ခွဲသားများကို စပါးခွံအိတ်နှင့် ဆန်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိသော သစ်ခွဲသားများကို ပိုးတန်းရပ်ကွက်ရှိ မြို့နယ်သစ်တောရုံးသို့ မောင်းနှင်ချတိုင်းစစ်ဆေးရာ တရားမဝင်ပိတောက်ခွဲသားကိုးချောင်း အလေးချိန် ၁ ဒသမ ၀၅၇၄ တန်ရှိကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ပိတောက်ခွဲသားများ သယ်ဆောင် မောင်းနှင်လာသူ ယာဉ်မောင်း ကျော်ကျော်ထွေးအား မြို့နယ်သစ်တောဦးစီးဌာနက စစ်ကိုင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး ဖမ်းဆီးရမိသောသစ်များကို ပိုးတန်းရပ်ကွက်ရှိ မြို့နယ်သစ်တောဦးစီးဌာနရုံး၌ သိမ်းဆည်းထားကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## ငါးရစ်ငါးသန် ရာသီချိန်၌ ရှော့ခ်တိုက်၍ ငါးခိုးဖမ်းသူများကိုဖမ်းဆီးအရေးယူလျက်ရှိ

**ကသာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် ငါးရစ်ငါးသန် ရာသီချိန်ကာလ၌ ဧရာဝတီမြစ်အတွင်း တရားမဝင် ငါးဖမ်းခြင်းကို တားမြစ်ထားပြီး တရားမဝင် ငါးခိုးဖမ်းနေသူများကိုလည်း ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ငါးများကို လျှပ်စစ်ရှော့ခ်တိုက်၍ ငါးခိုးဖမ်းသူများသည် ငါးအင်းများအတွင်းရှိ ငါးများကို ခိုးယူဖမ်းဆီးခြင်း၊ ဧရာဝတီမြစ်အတွင်း ငါးခိုးဖမ်းခြင်းများ လုပ်ဆောင်လျက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ရေလုပ်သားများ စုပေါင်းကာ ဝိုင်းဝန်းဖမ်းဆီးနေရကြောင်း သိရသည်။

ကသာမြို့နယ်မှရေလုပ်သားတစ်ဦးက“ကျွန်တော်တို့ မြို့နယ်မှာ ရေလုပ်ငန်းအကြောင်း၊ ငါးအင်းလုပ်ငန်းအကြောင်းနဲ့ အင်းလုပ်သား ရေလုပ်သား စည်းကမ်းချက်တွေ လိုက်လံဟောပြောဆွေးနွေးတာတွေ လုပ်ပေးတာက ကောင်းပါတယ်။ ဆောင်ရန်ရှောင်ရန် အချက်အလက်တွေလည်း သိရတာပေါ့။ လျှပ်စစ်ရှော့ခ်တိုက်ပြီး ငါးဖမ်းတဲ့သူတွေကတော့ ဖမ်းဆီးမှုတွေရှိနေတာကို သိလျက်နဲ့ ဆက်လုပ်နေကြတယ်။ ငါးခိုးဖမ်းသူတွေက အုပ်စုဖွဲ့ပြီး ငါးခိုးဖမ်းကြတယ်။ သူတို့မှာ ခုခံဖို့ လက်နက်တွေ ပါလာကြတယ်။ တော်ရုံလူအင်အားနဲ့ သွားမဖမ်းရဲဘူး။ အဖွဲ့စုံ စုဖွဲ့ပြီး ဖမ်းဆီးမှသာ ငါးခိုးဖမ်းသူတွေကို နှိမ်နင်းနိုင်ကြတယ်။ ကျွန်တော်တို့လို ရေလုပ်သား တွေအတွက်ကတော့ ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမတုန်း ဆောင်ပုဒ်နဲ့အညီ လုပ်ကိုင်ရင် အကောင်းဆုံးပဲပေါ့ဗျာ”ဟု ပြောသည်။

> **ငါးခိုးဖမ်းသူတွေက အုပ်စုဖွဲ့ပြီး ငါးခိုးဖမ်းကြတယ်။ သူတို့မှာ ခုခံဖို့လက်နက်တွေပါလာကြတယ်။ တော်ရုံ လူအင်အားနဲ့ သွားမဖမ်းရဲဘူး။ အဖွဲ့စုံစုဖွဲ့ပြီး ဖမ်းဆီးမှ ငါးခိုးဖမ်းသူတွေကို နှိမ်နင်းနိုင်တယ် . . .**

ငါးများကို တရားမဝင်ရှော့ခ်တိုက်ဖမ်းယူနေသူများအား ဖမ်းဆီးအရေးယူခြင်းအပြင် ငါးမျိုးစိတ်များ ပြုန်းတီးခြင်းမှ ကာကွယ်ရန်အတွက် ဧရာဝတီမြစ်အတွင်းနှင့် ငါးအင်းများအတွင်း ငါးမျိုးစိတ်များစိုက်ထည့်ခြင်းကိုလည်း ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ အစဉ်တစိုက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဝိသမလောဘသားများ၏ မဆင်မခြင် လျှပ်စစ်ရှော့ခ်တိုက်၍ ငါးဖမ်းခြင်းကြောင့် ငါးမျိုးစိတ်များ ပြုန်းတီးပျောက်ကွယ်သွားခြင်း မရှိစေရန်အတွက် ကသာခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများက ပူးပေါင်းဖော်ထုတ်ဖမ်းဆီးခြင်း၊ အင်းလုပ်သား ရေလုပ်သားများကို အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ကသာမြို့နယ်သည် ဧရာဝတီမြစ်ကမ်းဘေးဝဲယာ၌ တည်ရှိပြီး ငါးအင်းပေါင်းမြောက်များစွာကို ပိုင်ဆိုင်ထားသည့် မြို့နယ်ဖြစ်ကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

## ကလေးများ ကျန်းမာဖွံ့ဖြိုးစေရေး ကိုယ်အလေးချိန်စစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးမှုများ ပညာပေးဟောပြော

**ရေဦး မေ ၂၂**

ရေဦးမြို့နယ် မြို့ပေါ်ရပ်ကွက်များရှိ အသက် ၅ နှစ်အောက်ကလေးများ ကျန်းမာဖွံ့ဖြိုးကာ ကိုယ်အလေးချိန်မှန်ကန်စေရေးအတွက် ကိုယ်အလေးချိန်တိုင်းတာစစ်ဆေးပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ဒေါက်တာစန်းဌေး၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မေ ၂၀ ရက်က အောင်ဆန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလေးများပေါင်ချိန်ပေးရာတွင် ပုံမှန်ကိုယ်အလေးချိန် ၂ ဒသမ ၅ ကီလိုဂရမ်ရှိရမည်ဖြစ်ပြီး အလေးချိန်မပြည့်သော ကလေးများအတွက် အစားအသောက်ကျွေးမွေးရမည့် ပုံစံများကိုလည်း ကလေးမိဘများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ အသက်ခြောက်လအရွယ် ပုံမှန်ကိုယ်အလေးချိန်မပြည့်သောကလေးများအား ဆန်ပြုတ်၊ ဗွန်းနှင့်ချေထားသောထမင်း၊ ငှက်ပျောသီးမှည့်၊ သင်္ဘောသီးမှည့် စသည့်အစားအစာများကျွေးရန်၊ ခုနစ်လအရွယ်တွင် ထမင်း၊ နူးအောင်ချက်ထားသောအသား၊ ငါး၊ ပဲနှင့် ဟင်းရွက်များ၊ ဥအနှစ်၊ သစ်သီးအမှည့်များကို ကျွေးရန်၊ အသက်တစ်နှစ်ပြည့်ပြီး ကလေးများကို အပူ၊ အစပ်၊ အခါးနှင့် ငန်လွန်းသောအစားအစာများမှလွဲ၍ လူကြီးစားသည့်အတိုင်း ကျွေးပေးရန် စသည့် အစားအသောက်ကျွေးမွေးမှုပုံစံများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ကလေးများအား ဖြည့်စွက်စာကျွေးမွေးပုံများ၊ မိခင်နို့ တိုက်ကျွေးရမည့်အချိန်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအတွက် အစာစားနည်းများ၊ ကျန်းမာရေးစစ်ဆေးပြီးသောကလေးများ လစဉ်တစ်လတစ်ကြိမ် ခန္ဓာကိုယ် ကိုယ်အလေးချိန်စစ်ဆေးရန်စသည့် ကလေးမိဘများ သိထားသင့်သော အချက်များကို ထပ်ဆင့်ပညာပေးရှင်းလင်းပြောကြားခဲ့သည်။ ကလေးများအား ကိုယ်အလေးချိန် တိုင်းတာစစ်ဆေးပေးခြင်းကို ဗိုလ်အောင်ဇေယျရပ်ကွက်၊ အောင်မင်္ဂလာ၊ အောင်ချမ်းသာနှင့် ရွှေပြည်သာရပ်ကွက်များ၌လည်း အပတ်စဉ် အလှည့်ကျဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**














### ကုမ္ပဏီအမည် ပြောင်းလဲပြင်ဆင်ကြောင်း ကြေညာခြင်း

(မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအင်အားစု (အများပိုင်) ကုမ္ပဏီ လီမိတက်) (MYANMAR GROUP OF GEMS ENTERPRISE (PUBLIC) COMPANY LIMITED) အား ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ်-၄၇၀၂/၂၀၁၂-၂၀၁၃(၄-၂-၂၀၁၃) နေ့စွဲဖြင့် အများပိုင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ခွင့် ရရှိထားပြီး ဖြစ်ပါသည်။

ယခုအခါ ကုမ္ပဏီ၏ (၅-၃-၂၀၁၅) နေ့တွင် ကျင်းပသော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **(မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအင်အားစု (အများပိုင်) ကုမ္ပဏီလီမိတက်)(MYANMAR GROUP OF GEMS ENTERPRISE (PUBLIC) COMPANY LIMITED)** မှ **(အမ် ဂျီ ဂျီ အီး (အများနှင့်သက်ဆိုင်သော) ကုမ္ပဏီ လီမိတက်) (M G G E (PUBLIC) COMPANY LIMITED)** အမည်သို့ ပြင်ဆင်မည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေး အကြောင်းကြားအပ်ပါသည်။

M G G E (PUBLIC) COMPANY LIMITED
အကွက်အမှတ် (၂၂)၊ ရွှေကြာပင်ရပ်ကွက်၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်။
Ph : ၀၆၇-၄၂၂၃၁

# တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ထိုင်းနိုင်ငံတွင် အလုပ်ရရှိမည်ဟုစည်းရုံး၍ ငွေကြေးရယူခေါ်ဆောင်လာသူတစ်ဦးကို မြန်မာ-ထိုင်းနယ်စပ်၌ ဖမ်းမိ

**တာချီလိတ် မေ ၂၂**

မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့ရှိ အမှတ်(၁)ချစ်ကြည်ရေးတံတားအနီး၌ တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရရှိအောင် ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးလျက် အခကြေးငွေရယူခေါ်ဆောင်နေသူတစ်ဦးကို တာချီလိတ်မြို့မရဲစခန်းတွင် မေ ၂၀ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအနီး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စု ပုံဟောင်းခုံကျေးရွာနေ စိုင်းကြာထွန်း(၃၃ နှစ်)နှင့်အတူ တန့်ယန်းမြို့ အမှတ်(၁)ရပ်ကွက် အုပ်စု(၁)နေသူများဖြစ်ကြသည့် စိုင်းစိန်ဌေး (၁၉ နှစ်) နှင့် စိုင်းနော်ခမ်း(၂၂ နှစ်)တို့ သုံးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့ တပ်စိတ်(၁)တာချီလိတ်မှ ရဲတပ်ကြပ်ကြီးချစ်ရန်က မသင်္ကာဖွယ်ရာတွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ စိုင်းစိန်ဌေးနှင့် စိန်းနော်ခမ်းတို့နှစ်ဦးအား စိုင်းကြာထွန်းက ထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရှာဖွေပေးမည်ဟု ပြောဆိုစည်းရုံးကာ တစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီ အခကြေးငွေရယူပြီး ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ စိုင်းကြာထွန်းမှာ တရားဝင်အကျိုးဆောင်လိုင်စင်ရရှိထားသူမဟုတ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဝင်အကျိုးဆောင်လိုင်စင်မရှိဘဲ ပြည်ပထိုင်းနိုင်ငံ၌ အလုပ်အကိုင်ရှာဖွေပေးမည်ဟုပြောဆိုစည်းရုံးလျက် အခကြေးငွေရယူခေါ်ဆောင်လာသူ စိုင်းကြာထွန်းအား တာချီလိတ်မြို့မရဲစခန်းက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အိုင့်ကိုင်းကျေးရွာအုပ်စု မုန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများ၏ထည့်ဝင်ငွေ ကျပ်သိန်း ၃၀ နှင့် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၉၀ ဖြင့် တည်ဆောက်ခဲ့သော အလျား ၆၈ ပေ၊ အနံ ပေ ၃၀ နှင့် အမြင့် ၁၁ ပေရှိ အမက(မူလွန်)ကျောင်းဆောင်သစ် မေ ၂၀ ရက်က တည်ဆောက်ပြီးစီးနေသည်ကို တွေ့ရစဉ်။ ဉာဏ်တိုး(iprd)


**အထူးလျှော့ဈေး**
ယခင် ကျပ်သိန်း (၉၅၀) ရောင်းမည့် တစ်ထပ်တိုက်သစ်အား ယခု ကျပ်သိန်း (၇၅၀) ဖြင့် ရောင်းပေးပါမည်။
၀၉-၇၃၁၃၅၄၄၄၊ ၂၅၀၂၈၃၁၆၅

**ကမ္ဘာ့အဖိုးတန်သစ်မွှေး**
စိုက်နည်း၊ ပျိုးနည်း
တအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ရှိပြီး ရှိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

**SEVEN စံ** ဗ၅
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
"ပွဲခလုံးဝမယူပါ"
Ph:09-33333 511, 09-33333 514
09-33333 644

ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း အထူးကုပါမောက္ခဆရာဝန်ကြီး၏ ခွဲစိတ်ကုသပေးမည့် ဖွန်လအစီအစဉ်

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

(၁၂.၆.၂၀၁၇) တစ်ရက်တည်းသာ ပြင်ပလူနာ ကြည့်ရှုပေးမည်ဖြစ်ပါသည်။

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားလေးရောဂါများကို Cochlear Implant နှင့် Bone Conduction Implant များ ခွဲစိတ်တပ်ဆင်ပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အဏုစိတ်ခွဲစိတ်ကုသပေးခြင်း။

ကြိုတင်စီစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် (ဇွန်လ ၈ ရက်) မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

လူဦးရေ အကန့်အသတ်ရှိပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WitoriyaGeneralHospital
Hunt Line +95 1 9666141 Ext : 7065

PMG Peace Myanmar Group Co., Ltd.
(ISO 9001:2008 Certified Company)

(ဝန်ထမ်းအမြန်အလိုရှိသည်)

SKYWARD
Skyward International Trade Limited.

1. Marketing Manager — Male (1)Post
- Any University Graduate, A Diploma (or ) Certificate in Marketing & Sales is of additional advantage
- Age under 45 years, At least 5 years experience in Marketing field
- Development and implementation of strategic marketing plans, and budget management
- Computer literate - MS Word, Excel, Power Pont & E-mail

2. Sales Manager (National / Area) — Male (2)Post
- Any University Graduate, Age under 45 years, At least 5 years experience in Sales management field
- Development and implementation of strategic sales plans, and budget management
- Computer literate - MS Word, Excel, Power Pont & E-mail

3. Sales & Marketing Manager(Mdy Branch) — Male (1)Post
- Any University Graduate
- Age under 45 years, At least 5 years experience in Sales & Marketing management field
- Development and implementation of strategic sales & marketing plans, and budget management
- Computer literate - MS Word, Excel, Power Pont & E-mail

4. Manager (Promotion) — ကျား/မ(၁)ဦး
- ဘွဲ့ရ၊ အသက်(၃၀-၄၅ နှစ်အတွင်း)၊ Promotion Team (PG) များကို ဦးဆောင်နိုင်သူဖြစ်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ (ရုံးချုပ်)

5. Sales Supervisor — ကျား(၃)ဦး
- ဘွဲ့ရ၊ အသက်(၂၅-၃၅ နှစ်အတွင်း)၊ FMCG နှင့်ပတ်သက်၍ Sales Supervisor ရာထူးဖြင့် အတွေ့အကြုံ(၂)နှစ်ရှိရမည်။ (ရုံးချုပ်)

6. Sales Representative — ကျား(၅)ဦး
- ဘွဲ့ရ၊ အသက်(၂၀-၃၀ နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ရှိပြီး ရန်ကုန်နယ်မြေ ဗဟုသုတရှိရမည်။ (ရုံးချုပ်)

7. Asst: Finance Manager (Budgetary Control) — ကျား/မ(၁)ဦး
- B.Com၊ အသက်(၃၀-၄၅ နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ (ရုံးချုပ်)

8. Store Keeper / Supervisor — ကျား(၂)ဦး
- ဘွဲ့ရ၊ အသက်(၂၅-၃၅နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ (ရုံးချုပ် ၊ ရွှေပြည်သာစက်ရုံ)

9. Senior Auditor / Auditor — ကျား(၃)ဦး
- ဘွဲ့ရ၊ အသက်(၃၅နှစ်အောက်)၊ စာရင်းစစ်ဆေးခြင်း အတွေ့အကြုံ(၂)နှစ်ရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ (B.Com (or) LCCI Level-3 ဦးစားပေးမည်) (ရုံးချုပ်)

10. Transport Clerk — ကျား/မ(၂)ဦး
- ဘွဲ့ရ၊ အသက်(၂၀-၃၅ နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်။ (ရုံးချုပ်)

11. Mechanic Technician (မော်တော်ယာဉ်စက်ပြင်) — ကျား(၁)ဦး
- မော်ဒယ်မြင့် ကားများကျွမ်းကျင်စွာ ပြင်ဆင်နိုင်ရမည်။ (ရုံးချုပ်)

12. မော်တော်ယာဉ်စက်ပြင်အကူ (ပညာသင်) — ကျား(၂)ဦး
- မော်တော်ယာဉ် ပြင်ဆင်ရေးအပိုင်းတွင် စိတ်ဝင်စားသူများ။ (ရုံးချုပ်)

13. Maintenance Engineer — ကျား(၂)ဦး
- B.E (Mechanical)၊ အသက်(၅၀နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၅)နှစ်ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

14. Asst: Maintenance Engineer — ကျား(၃)ဦး
- BE / AGTI (Mechanical / Electrical Power)၊ အသက်(၃၅-နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

15. Asst: Production Manager — ကျား(၁)ဦး
- BE / AGTI (Mechanical / Electrical Power)၊ အသက်(၄၅နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

16. Machine Operator — ကျား(၂)ဦး
- AGTI (Electrical Power / Mechanical)၊ အသက်(၃၀နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ်ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

အမှတ်(၁)၊ ဇောတိကလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးထောင့်၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ နှင့် pmghrd.2012@gmail.com သို့ လျှောက်ထားနိုင်သည်။

17. တွင်ခုံကျွမ်းကျင် — ကျား(၁)ဦး
- T.H.S(သို့)အလယ်တန်းအောင်၊ အသက်(၃၅နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

18. Senior Clerk — ကျား/မ(၁)ဦး
- ဘွဲ့ရ၊ အသက်(၃၅-နှစ်အောက်)၊ Computer literate - MS Word, Excel, Pagemaker ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိရမည်။ (ရွှေပြည်သာစက်ရုံ)

19. Accountant — ကျား/မ(၃)ဦး
- B.Com (or) B.Act (or) LCCI (Level-3) အောင်မြင်ပြီးသူ၊ အသက်(၃၅-နှစ်အောက်)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၁)နှစ် ရှိရမည်။ ကွန်ပျူတာ Excel ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ (ရွှေပြည်သာစက်ရုံ)

20. QC Supervisor — ကျား/မ(၁၄)ဦး
- B.E (Chemical) (or) B.Sc (I.C) (or) B.Sc (Chemistry / Food & Tech:)၊ အသက်(၃၅-နှစ်အောက်)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိရမည်။ (ရွှေပြည်သာစက်ရုံ)

21. Security Supervisor — ကျား(၁)ဦး
- ဘွဲ့ရ၊ အသက်(၄၅-နှစ်အတွင်း)၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။ (ရွှေပြည်သာစက်ရုံ)

22. Promotion Girl (အချိန်ပိုင်းဝန်ထမ်း) — မ(၃၀)ဦး
- အသက် (၁၈-၂၅ နှစ်အတွင်း)၊ အခြေခံပညာအလယ်တန်းအဆင့်၊ ရုပ်ရည်သန့်ပြန့် ချောမော၍ ဆက်ဆံရေးကောင်းမွန်ရမည်။ နယ်ခရီးသွားနိုင်ရမည်။ (အချိန်ပိုင်းဝန်ထမ်း လျှောက်ထားလိုသူများအနေဖြင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ထားဝယ်၊ မကွေး၊ မော်လမြိုင်မြို့ များအတွက်လည်း သက်ဆိုင်ရာဒေသရှိ ရုံးခွဲများတွင် လျှောက်ထားနိုင်ပါသည်)

မန္တလေး-ရုံးခွဲ
အမှတ်(၂၁၆)၊ ၈၄လမ်း၊ (၃၄×၃၅)လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

တောင်ကြီး-ရုံးခွဲ
အမှတ်(ရ/၁၃၉)၊ အနောက်မြို့ပတ်လမ်း၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့။

မကွေး-ရုံးခွဲ
အမှတ်(ဘ-၁၆)၊ အောင်စေတနာ(ခ)ရပ်ကွက်၊ တောင်တွင်းလမ်း၊ မကွေးမြို့။

ထားဝယ်-ရုံးခွဲ
အမှတ်(၅၄၉-က)၊ ဆေးရုံလမ်း၊ မြောက်ရွာ၊ ထားဝယ်မြို့။

မော်လမြိုင်-ရုံးခွဲ အမှတ်(၇၅၆)၊ အောက်လမ်းမကြီး၊ ကွင်းရပ်၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့။

# ယူအီးအက်ဖ်အေ ယူ - ၂၁ ပြိုင်ပွဲ

ယူအီးအက်ဖ်အေ ယူ ၂၁ ဘောလုံးပြိုင်ပွဲကို လာမယ့်ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ ချက်နိုင်ငံမှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်မယ့် ဒီပြိုင်ပွဲမှာ အိမ်ရှင်ချက်အသင်းနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့ ဒိန်းမတ်၊ အင်္ဂလန်၊ ဂျာမနီ၊ အီတလီ၊ ပေါ်တူဂီ၊ ဆာဘီးယားနဲ့ ဆွီဒင်အသင်းတို့ ပါဝင်ဆင်နွှဲကြမှာဖြစ်ပါတယ်။

၁၉၇၈ ခုနှစ်ကစတင်ပြီး နှစ်နှစ် တစ်ကြိမ် ကျင်းပလာတဲ့ ဒီပြိုင်ပွဲဟာ ဥရောပရဲ့ လူငယ်ကြယ်ပွင့် ကစားသမားတွေ အများအပြား မွေးထုတ်ဖော်ရာ ပြိုင်ပွဲဖြစ်တာမို့ ကမ္ဘာ့ထိပ်တန်းကလပ်တွေက လူငယ်ခြေတက်ကစားသမားတွေကို စောင့်ကြည့်ခေါ်ယူဖို့ ပြင်ဆင်နေကြပြီဖြစ်ပါတယ်။

ဒီနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းအစားဆုံး အသင်းကတော့ အိမ်ရှင်ချက်အသင်းနဲ့ အင်္ဂလန်အသင်းတို့ဖြစ်ပြီး ဒုတိယရေပန်းအစားဆုံးက အီတလီနဲ့ ဂျာမနီတို့ပဲဖြစ်ပါတယ်။ တတိယ ရေပန်းအစားဆုံးအသင်းတွေကတော့ ပေါ်တူဂီ၊ ဒိန်းမတ်၊ ဆွီဒင်နဲ့ ဆာဘီးယားတို့ ဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့်ပွဲကောင်းတွေအဖြစ် အားပေးရဦးမှာ ဖြစ်ပါတယ်။

ပါဝင်ဆင်နွှဲမယ့် အသင်းရှစ်သင်းကို အုပ်စု နှစ်စုခွဲပြီး ယှဉ်ပြိုင်စေမှာ ဖြစ်တာမို့ အုပ်စု (A)မှာ ချက်၊ ဒိန်းမတ်၊ ဂျာမနီနဲ့ ဆာဘီးယားအသင်းတွေ ပါဝင်နေပြီး အုပ်စု (B)မှာတော့ အင်္ဂလန်၊ အီတလီ၊ ပေါ်တူဂီနဲ့ ဆွီဒင်အသင်းတွေ ပါဝင်နေပါတယ်။

အုပ်စု (A)ရဲ့ အုပ်စုပွဲစဉ်တွေကို ချက်နိုင်ငံ ပရာဂွေးမြို့မှာရှိတဲ့ အီဒင်အရီနာကွင်းနဲ့ ဂီနီရာလီကွင်းတို့မှာ ကစားမှာဖြစ်ပြီး ဇွန် ၁၇ ရက်မှာ ချက်နဲ့ ဒိန်းမတ်၊ ဂျာမနီနဲ့ ဆာဘီးယားအသင်းတို့ ဂီနီရာလီကွင်းမှာ ယှဉ်ပြိုင်ကြပါလိမ့်မယ်။ ဇွန် ၂၀ ရက်မှာတော့ ဆာဘီးယားနဲ့ ချက်၊ ဂျာမနီနဲ့ ဒိန်းမတ်တို့ အီဒင်အရီနာကွင်းနဲ့ ဂီနီရာလီ ကွင်းတွေမှာ ကစားကြမှာဖြစ်ပါတယ်။ ဇွန် ၂၃ ရက်မှာ ချက်နဲ့ ဂျာမနီ၊ ဒိန်းမတ်နဲ့ ဆာဘီးယားတို့ အုပ်စု နောက်ဆုံးပွဲတွေ ယှဉ်ပြိုင်ကြပါလိမ့်မယ်။

အုပ်စု (B)ရဲ့ အုပ်စုပွဲတွေအဖြစ် ဇွန် ၁၈ ရက်မှာ အီတလီနဲ့ ဆွီဒင်၊ အင်္ဂလန်နဲ့ ပေါ်တူဂီတို့ ကစားကြမှာဖြစ်ပြီး ဇွန် ၂၁ ရက်မှာတော့ ဆွီဒင်နဲ့ အင်္ဂလန်၊ အီတလီနဲ့ပေါ်တူဂီတို့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဇွန် ၂၈ ရက်မှာတော့ အင်္ဂလန်နဲ့ အီတလီ၊ ပေါ်တူဂီနဲ့ ဆွီဒင်တို့ ဆင်နွှဲကြမှာဖြစ်ပါတယ်။

အကြိုဗိုလ်လုပွဲကိုတော့ ဇွန် ၂၇ ရက်မှာ အုပ်စု (A) ပထမနဲ့ အုပ်စု (B)ဒုတိယတို့ ယှဉ်ပြိုင်ရမှာဖြစ်သလို အုပ်စု (B) ပထမနဲ့ အုပ်စု (A) ဒုတိယတို့ ကစားကြမှာ ဖြစ်ပါတယ်။ တတိယနေရာလုပွဲကို ဇွန် ၂၈ ရက်မှာ အုပ်စု (A) နဲ့ အုပ်စု (B) တို့က တတိယနေရာမှာရှိတဲ့ နှစ်သင်းယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

နောက်ဆုံးဗိုလ်လုပွဲကိုတော့ ဇွန် ၃၀ ရက်မှာ ပရာဂွေးမြို့ အီဒင်အရီနာ



ကွင်းမှာ ဆင်နွှဲကြမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲ အစအဆုံးယှဉ်ပြိုင်မှုတွေကို ဘရာဇီးနိုင်ငံက Spor TV၊ ကနေဒါနိုင်ငံက TSN, RDS၊ ချက်နိုင်ငံက CT၊ ဒိန်းမတ်နိုင်ငံက Viasat၊ ပြင်သစ်က Ma Chane Sport ၊ ဂျာမနီက ARD, ZDF၊ အင်ဒိုနီးရှားမှ RCT၊ မလေးရှားက Astro၊ နော်ဝေမှ Viasat၊ ပေါ်တူဂီမှ RTP၊ ဆလိုဗက်ကီးယားမှ TV JOJ၊ ဆွီဒင်မှ TV 4၊ ဗြိတိန်မှ BT Sport၊ အမေရိကန်မှ ESPN၊ ရုပ်မြင်သံကြားလိုင်းတွေက ထုတ်လွှင့်ပြသမှာ ဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ဆက်နေဖို့ ဆုံးဖြတ်ချက်ချရတော့မယ့် ဆန်းဒါးလန်းနည်းပြ အက်ဒ်ဗိုတက်

ဆန်းဒါးလန်းနည်းပြ ဒစ်အက်ဒ်ဗိုကတ်အနေနဲ့ အာဆင်နယ်အသင်းကို သရေကျအောင် ကစားခဲ့ပြီးနောက် လာမယ့် သီတင်းပတ်မှာ သူ့ရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချရတော့မှာဖြစ်ပါတယ်။ ဒတ်ချ်နည်းပြ အက်ဒ်ဗိုကတ်အနေဖြင့် အန်းမရိတ်မှာ သရေကျခဲ့ပြီးတဲ့နောက် မျက်ရည်များကျအောင်ပင် ပျော်ရွှင်မှုရခဲ့တယ်လို့ ဆိုပါတယ်။ လက်ရှိအခြေအနေမှာ နယူးကာဆယ်နဲ့ ဟားလ်စီးတီးတို့သာ တန်းဆင်းတိုက်ပွဲရှိပါတော့တယ်။ လာမယ့် သီတင်းပတ်မှာ ဒီနှစ်သင်းရဲ့ ရလဒ်တွေအပေါ် မူတည်ပြီး တန်းဆင်းရမယ့်အသင်း အဖြေထွက်လာမှာဖြစ်ပါတယ်။ အက်ဒ်ဗိုကတ်ဟာ မတ်လအတွင်း ဂုစ်ပိုယက်စ် နုတ်ထွက်ပြီးနောက် ရာသီကုန်အထိ ဆန်းဒါးလန်း နည်းပြအဖြစ် တာဝန်ယူထားတာ ဖြစ်ပါတယ်။ အက်ဒ်ဗိုကတ်အနေနဲ့ ဆန်းဒါးလန်းကို တနင်္ဂနွေနေ့ ချယ်လ်ဆီးနဲ့ ကစားမယ့်ပွဲအထိ ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဆန်းဒါးလန်းကို တန်းဆင်းလွတ်မြောက်အောင် ကြိုးစားပေးနိုင်ခဲ့တဲ့အတွက် လက်ရှိနည်းပြ အက်ဒ်ဗိုကတ်အား နည်းပြအဖြစ် ဆက်လက်ခန့်ထားဖွယ်ရှိပါတယ်။ သူ့အနေနဲ့ ဆုံးဖြတ်ချက်တစ်ခုခုချရတော့မှာ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်**

# တန်းဆင်းလွတ်မြောက်ဖို့ သေချာနေတဲ့ ဆန်းဒါးလန်း

ဆန်းဒါးလန်းအသင်းဟာ တန်းဆင်းရမယ့် ပရီမီယာလိဂ် သုံးသင်းအနက်မှ တစ်သင်းဖြစ်ပါတယ်။ သို့ပေမယ့် ပွဲစဉ် ၃၆ မှာ အာဆင်နယ်ကို ဂိုးမရှိသရေ ကစားနိုင်ခဲ့တဲ့အတွက် ဆန်းဒါးလန်းတို့ တန်းဆင်းလွတ်ဖို့ သေချာသလောက် ဖြစ်သွားပါပြီ။ ဆန်းဒါးလန်းအနေနဲ့ အာဆင်နယ်အသင်းထံမှ တစ်မှတ်သာ အလိုရှိတာပါ။ အလိုရှိတဲ့ တစ်မှတ်ကိုလည်း ရယူနိုင်ခဲ့ပါပြီ။ အာဆင်နယ်အသင်းအနေနဲ့ ဒီပွဲမှာ သရေကျခဲ့ပေမယ့် ပရီမီယာလိဂ် အမှတ်ပေးဇယား တတိယနေရာအတွက် သေချာပါတယ်။ ဆန်းဒါးလန်းအနေနဲ့ တန်းဆင်းဇုန် လွတ်ခဲ့ပေမယ့် ဟားလ်စီးတီးနဲ့ နယူးကာဆယ်တို့ ရဲ့ အခြေအနေကိုတော့ စောင့်ကြည့်ဖို့ လိုပါတယ်။ ဟားလ်စီးတီးအနေနဲ့




မန်ယူနဲ့ ကစားရမှာဖြစ်ပြီး နယူးကာဆယ်က ဝက်စ်ဟမ်းအသင်းနဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ နယူးကာဆယ် သရေကျပြီးဟားလ်စီးတီးက မထင်မှတ်ဘဲ မန်ယူကို အနိုင်ကစားလိုက်မယ်ဆိုရင်တော့ ဆန်းဒါးလန်းဟာတန်းဆင်း လွတ်မြောက်ပြီးမှ ဂိုးကွာခြားချက်နဲ့ တန်းဆင်းသွားနိုင်ပါတယ်။ သို့ပေမယ့်ဟားလ်စီးတီးဟာ မန်ယူကိုနိုင်ဖို့ မလွယ်ပါဘူး။ ဒီအတွက်ဆန်းဒါးလန်း တန်းဆင်းလွတ်ဖို့သေချာနေပါတယ်။



# ဖလားသုံးလုံးအိပ်မက်အတွက် အခွင့်အလမ်းရှိလာတဲ့ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်ကလည်း ဘာစီလိုနာလိုပဲ ဒီနှစ်မှာဖလားသုံးလုံးအိပ်မက် အခွင့်အလမ်း ရှိသွားပါပြီ။ အီတလီစီးရီးအေအပြင် ကိုပါအီတာလျံဖလားကိုပါ ဆွတ်ခူးသွားပါပြီ။ လာဇီယိုအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး အီတာလျံဖလားကို ဆွတ်ခူးခဲ့တာပါ။ ဒီဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဂျူဗင်တပ်စ်အသင်းဟာ ဖလားသုံးလုံးရဖို့ နောက်တစ်လုံးပဲ လိုပါတော့တယ်။ အဲဒီဖလားကတော့ ချန်ပီယံလိဂ်ဖလားပါ။ စီးရီးအေဖလားကို လေးနှစ်ဆက်တိုက် ဗိုလ်စွဲခဲ့တဲ့ဂျူဗင်တပ်စ်အသင်းဟာ လာမယ့် ဇွန် ၆ ရက်မှာ ဘာလင်မြို့မှာ ဘာစီလိုနာအသင်းနဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကစားရမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းရဲ့ အီတာလျံဖလား ဆွတ်ခူးနိုင်မှုဟာ ၁၉၉၅ ခုနှစ် နောက်ပိုင်း ၁၀ ကြိမ်မြောက် ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဖလားနှစ်လုံး ပိုင်ဆိုင်ထားပြီဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကိုသာ နိုင်လိုက်မယ်ဆိုရင် ဒီနှစ်ထဲမှာ ဂျူဗင်တပ်စ်အသင်းက အဓိကဖလားသုံးလုံးကို ဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းဟာ ဘာစီလိုနာရဲ့ အဓိကပြိုင်ဘက် ရီးရဲမက်ဒရစ်ကို နိုင်ပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့တာပါ။ ဒီအတွက် ဂျူဗင်တပ်စ်အသင်းအနေနဲ့ ဘာစီလိုနာကိုနိုင်ပြီး မျှော်မှန်းထားတဲ့အတိုင်း ဖလားသုံးလုံး မရဘူးလို့ မပြောနိုင်ပါဘူး။


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်၊ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး၊ Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"** ချီးမြှင့်ပွဲအခမ်းအနားတွင်

သုံးနှစ်ဆက် **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော**

**လုပ်ငန်းရှင်-ပထမဆု)**ကို

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား လည်းကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏

**"နိုင်ငံ့စွမ်းဆောင်ရည်ဆု"**

**(နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြု အကောင်းဆုံးလူမှုရေး**

**အသင်းအဖွဲ့ဆု)**ကို **"ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာ**

**ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"** အား လည်းကောင်း

ဂုဏ်ပြုဆုများချီးမြှင့်ခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး၊ နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတွင်ဆတက် ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဒေါက်တာကျော်မင်းဦး + ဒေါ်သင်းသင်းဦး**

**ချမ်းငြိမ်းအောင် အထူးကုဆေးရုံ**

**ချမ်းငြိမ်းအောင် ကုမ္ပဏီလီမိတက်**

# လုပ်ငန်းခွင်ဆိုင်ရာ အင်ဂျင်နီယာပညာမြှင့်တင်ရေးစီမံကိန်းဆောင်ရွက်မည်

**ရန်ကုန် မေ ၂၂**

မဲခေါင်မြစ် အောက်ပိုင်းဒေသနိုင်ငံများမှ အင်ဂျင်နီယာနှင့် သိပ္ပံလုပ်ငန်းနယ်ပယ်ရှိ တက်သစ်စလူငယ်များ၏ နည်းပညာစွမ်းရည်များ မြှင့်မားပြီး ဒေသတွင်း လုပ်သားအင်အားကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာစေရန် လုပ်ငန်းခွင်အခြေပြု သင်တန်းများ ပံ့ပိုးပေးမည့်အစီအစဉ်များကို စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို အမေရိကန် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ (USAID ) နှင့် အမေရိကန်အခြေစိုက် ကော်ပိုရေးရှင်းကုမ္ပဏီ (NI)တို့ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လာမည့် ၅နှစ်အတွင်း USAID နှင့် NI တို့မှ သင်ကြားရေးစင်တာတစ်ရပ် ပူးပေါင်းထူထောင်၍ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းကောလိပ်များမှ ကျောင်းသားများနှင့် အသက်မွေးဝမ်းကျောင်းနယ်ပယ်များမှ အတတ်ပညာရှင်များအား NI ၏ အဆင့်မြင့် နည်းပညာသုံးပစ္စည်းများ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးခြင်းအပြင် သင်တန်းများစီစဉ်ပေးခြင်းနှင့် နည်းပညာများရရှိနိုင်ရန်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တက္ကသိုလ်ကျောင်းသားများနှင့် အသက်မွေးဝမ်းကျောင်းနယ်ပယ်မှ အတတ်ပညာရှင်များ အနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင်အသုံးချနိုင်မည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အတတ်ပညာများ သင်ယူလေ့လာပြီးနောက် ကုမ္ပဏီအသစ်များတည်ထောင်လုပ်ကိုင်လာနိုင်ရန်နှင့် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ပုံ နည်းလမ်းသစ်များ ဆောင်ရွက်လာနိုင်ကြောင်းသိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုတွင် တက္ကသိုလ်ကောလိပ်များ၏ သင်ရိုးညွှန်းတမ်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း၊ သိပ္ပံစမ်းသပ်ခန်းသုံး စက်ကိရိယာပစ္စည်းများ ထောက်ပံ့ပေးခြင်းအပါအဝင် လုပ်ငန်းစတင် တည်ထောင်သူများနှင့် အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ထောက်ပံ့ပေးမည့် အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

မဲခေါင်မြစ် အောက်ပိုင်းဒေသအတွင်း စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်၊ မော်တော်ယာဉ်ထုတ်လုပ်သည့်ကဏ္ဍ ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့် ခရီးသွားကဏ္ဍတို့တွင် အင်ဂျင်နီယာနှင့် သိပ္ပံဆိုင်ရာ အတတ်ပညာရှင်များ လိုအပ်ချက်သည် မြင့်မားလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကျွမ်းကျင်မှု လိုအပ်ချက်နည်းပါးသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စက်ပစ္စည်းများတပ်ဆင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများတွင် အမျိုးသမီးဝန်ထမ်း ဦးရေသည် မြင့်တက်နေသော်လည်း ဒေသတွင်းလုပ်သားအင်အားပမာဏကို ကြည့်ပါက အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် လျော့နည်းနေ သေးသည်ကို တွေ့နေရသေးကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**



# ဆူနာမီကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ဖျာပုံ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ ပြည်သူများ ဆူနာမီသဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်နိုင်ရန်အတွက် မေ ၂၀ ရက်က ဖျာပုံခရိုင် မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးသန့်ဇင်မင်း၊ ဘိုကလေး မြို့နယ်ဦးစီးမှူး ဦးပြည့်စိုးထွဋ်၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအတွက် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ခန်းကို ဘိုကလေးမြစ်ကမ်းပါးဘေးတွင် သရုပ်ပြလေ့ကျင့်ရာ ရေနစ်နေသောသူများကို သက်ကယ်ဘောကွင်းဖြင့်ကယ်ဆယ်၍ ကယ်ဆယ်ရရှိသူများကို မြစ်ကမ်းပါးပေါ်တွင် ရှေးဦးသူနာပြုစုခြင်းများကို ရှာဖွေကယ်ဆယ်ရေးဝတ်စုံပြည့်ဖြင့် သရုပ်ပြလေ့ကျင့်ကြသည်။

ယခုလိုလေ့ကျင့်ခဲ့ရတာက အိန္ဒိယသမုဒ္ဒရာအတွင်း Barren ကျွန်းပေါ်ရှိ မီးတောင်တစ်ခုက မီးခိုးပြာထွက်လျက်ရှိပြီး မီးတောင်ပေါက်ကွဲခဲ့ပါက ဆူနာမီလှိုင်းများဖြစ်ပေါ်လာပြီး ထိုင်းနိုင်ငံအနောက်ပိုင်းကမ်းခြေဒေသများနှင့် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများအပေါ် ထိခိုက်လာနိုင်သဖြင့် မိမိတို့ဒေသရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ယခုလို ကြိုတင်သရုပ်ပြလေ့ကျင့်နေရခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးသန့်ဇင်မင်းက ပြောသည်။

**(၀၇၁)**

# စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနား ညောင်လေးပင်မြို့၌ ကျင်းပ



**ညောင်လေးပင် မေ ၂၂**

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် ၃/၂၀၁၅ ဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ထံက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေနွယ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး သင်တန်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းပိုင်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို တစ်လခွဲ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဝမ်းတွင်းရှိ လွှယ်တာရိုးတစ်ဖက်ဆည်ကန် မိုးသည်းထန်၍ ကျိုးပေါက်မှုဖြစ်ပွား

**မိတ္ထီလာ မေ ၂၂**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရိုးစုံကျေးရွာအုပ်စု သပြေသာကျေးရွာရှိ လွှယ်တာရိုးတစ်ဖက်ဆည်ကန်မှာ ရေပြည့်ရေလျှံ၍ မေ ၂၀ ရက် နံနက် ၁၀နာရီခွဲက ကန်ကျိုးပေါက်မှုဖြစ်ပွားကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်တွင် မေ ၁၉ ရက်နှင့် မေ ၂၀ ရက်တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သပြေသာကျေးရွာရှိ လွှယ်တာရိုးတစ်ဘက်ဆည်ကန်မှာ မေ ၂၀ ရက် နံနက် ၅ နာရီခွဲက ကန်ရေပြည့်ခဲ့ပြီး နံနက် ၁၀ နာရီခွဲတွင် ကန်၏အနောက်ဘက်မှ အလျား ပေ ၅၀ခန့် ကန်ပေါင်ကျိုးပေါက်မှုဖြစ်ပွားခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အဆိုပါ လွှယ်တာရိုးတစ်ဘက်ဆည်ကန်မှာ အလျား ပေ ၂၀၀၊ အနံ ရှစ်ပေ၊ အမြင့်ပေ ၂၀ ရှိပြီး ၂၀၁၄-၂၀၁၅ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တူးဖော်ပြုပြင်ခဲ့သောကန်ဖြစ်သည်။ လွှယ်တာရိုးတစ်ဘက်ဆည်ကန်ကျိုးပေါက်မှုကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဟောပြော

**တပ်ကုန်း မေ ၂၂**

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်၊ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့သည် မေ ၁၉ ရက် နံနက်က နေပြည်တော် တပ်ကုန်းမြို့ သိင်္ဂီရတနာသီလရှင်စာသင်တိုက်၌ ဆန်၊ ဆီ၊ ကြက်သွန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၏ သားဖွားခန်းသို့ သွားရောက်၍ အလှူငွေနှင့် အားဖြည့်အစားအစာများပေးအပ်ခဲ့ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၏ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းရှိ ကျောင်းသား ကျောင်းသူလေးများအား နွားနို့ဘူးနှင့် မုန့်များ ဝေငှခဲ့သည်။

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးက ကြီးမှူးကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်အကြောင်း သိကောင်းစရာနှင့် သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများ ကျန်းမာရေးဟောပြောပွဲသို့ တက်ရောက်သည့် အခမ်းအနားတွင် သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာ ဒေါ်ဝင်းဝင်းမြက ကိုယ်ဝန်ဆောင်မိခင်အကြောင်း ဟောပြောကာ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ဆွေဦးက သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများ ဟောပြောပို့ချပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၀၂၁)**


## လမ်းအထူးအဖွဲ့(၁၈)

## Open Tender ခေါ်ယူခြင်း တင်ဒါအမှတ် ၂/၂၀၁၅-၂၀၁၆

ရခိုင်ပြည်နယ်၊ လမ်းအထူးအဖွဲ့(၁၈)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ပါလုပ်ငန်းသုံးပစ္စည်းများကို လမ်းပိုင်းအလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ဝယ်ယူမည့်ပစ္စည်းအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | ၆"-၉"ကျောက် | ၄၄၇၁ ကျင်း | ၁။ ရန်ကုန်-ကျောက်ဖြူလမ်း မိုင်၄၄/၀ စုပုံကွင်းအရောက် |
| ၂။ | သဲ | ၁၃၄ ကျင်း | ၂။ လုပ်ငန်းခွင်အရောက် |
| ၃။ | ဒီဇယ်ဆီ | ၂၀၀၀၀ ဂါလန် | ၃။ တောင်ကုတ်စတိုအရောက် |
| ၄။ | Heavy Guard Rail | ၅၂၈၀ ပေ | ၄။ ပန်းတောင်း-တောင်ကုတ်လမ်း မိုင် ၄၁/၀- ၇၄/၀အတွင်း |

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၆-၂၀၁၅ရက်
**တင်ဒါဖွင့်မည့်နေရာ** - လမ်းအထူးအဖွဲ့(၁၈)၊ တောင်ကုတ်မြို့
**တင်ဒါဖွင့်မည့် ရက်/အချိန်** - ၁၁-၆-၂၀၁၅ရက် နံနက် ၉ နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၃-၆၀၀၂၉၊ ၀၉-၄၉၆၆၈၄၀၀**



JUNE PHARMACEUTICAL LTD.

ငွေဆောင်နှင်း

စပီရှုလိုင်းနား ပေါင်းတင်ဆေး

Spirulina
Aloe Vera
Thanakha

- အင်တီ အောက်ဆီဒင့်၊ စူပါအောက်ဆိုဒ်ဒစ်မျူးတေ့၊ ဂမ်မာလီနိုလီနစ်အက်ဆစ်၊ ဗီတာမင် အီး နှင့် သတ္တုဓာတ်များ ပါဝင်ခြင်း
- ဖရီးရယ်ဒီကယ်များကို တိုက်ဖျက်ခြင်းဖြင့် အိုမင်းရင့်ရော်မှုကိုကာကွယ်ပေးနိုင်ခြင်း
- အရေပြား ဆဲလ် အသစ် ဖြစ်ပေါ်မှုကို အားပေးသဖြင့် အမာရွတ်များ သက်သာ ပျောက်ကင်းစေခြင်း
- မျက်နှာပြင် အရေပြားပေါ်မှ အဆီပ်အတောက်များနှင့် ပိုးမွှားများကို ဖယ်ရှားခြင်း ဖြင့် ဝက်ခြံ၊ တင်းတိပ်၊ အမည်းစက်များကို သက်သာ ပျောက်ကင်းစေခြင်း
- အရေပြားဆဲလ်နှင့် ကြွက်သားများ တည်ငြိမ်မှုကို ကာကွယ်ပေး သဖြင့် အသားအရေကို တင်းရင်းစေခြင်း

www.junepharmaceuticals.com

● Ygn: + 95 9 730 12000, 730 13000, 730 14000 ● Mdy: + 95 2 24490, 39985, 39725, 36122

## အမည်ပြောင်း

အ. မ. က(၁၇)ဒဂုံတောင်၊ စတုတ္ထတန်း(A)မှ မောင်မင်းသစ်အား မောင်မင်းသစ်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းသစ်ပိုင်

## အမည်ပြောင်း

အဖ ဦးခင်ရှိန်၏သားဖြစ်သူ NEC မြတ်ပညာ (Noble Education Centre)တတိယတန်း(P-3)တွင်ပညာသင်ကြားနေသော မောင်ရဲဝင့်အောင်အား မောင်နေဝင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်နေဝင်းအောင်

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၅၉၉၊ မြေကွက်တည်နေရာ အမှတ် ၅၉၉၊ ကံ့ကော်လမ်း၊ (၁၂) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဗက-ရည်မွှန်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗကရည်မွှန် ၁၂/ဒဂန(နိုင်) ၀၁၁၀၈၁ ကိုယ်တိုင်က ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင် ကတိဝန်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန် မြေငှားစာချုပ် (ဂရန်သစ်) လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်နည်းလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၀၁၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ပြင်ဦးလွင်-မြေကွက်များရောင်းမည်

အရှုပ်အရှင်းကင်းသည့် နေရာကောင်းသော မြေကွက်များအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဈေးနှုန်း သိန်း -(185 မှ 16,000 အတွင်း)

စုံစမ်းရန်- အမှတ် -(506) ပထမထပ်၊အခန်း (A -2)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ရုံးချိန်အတွင်း)

## မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မဥဥခင်(၁၂/ဒဂတ(နိုင်)၀၄၉၈၁၆)နှင့် ကိုစည်သူဖြိုး(၁၂/ဥကမ(နိုင်)၂၂၄၇၅၇)တို့သည် တာမွေမြို့နယ်ရုံး၌ (၈-၁-၂၀၁၅)ရက်နေ့တွင် လက်ထပ်စာချုပ်ချုပ်ဆိုပြီးနောက် ကိုစည်သူဖြိုးမှာ နိုင်ငံခြားသို့ ထွက်ခွာသွားပါသည်။ ၎င်းထွက်ခွာသွားပြီးနောက် ကျွန်မအနေဖြင့် ကိုစည်သူဖြိုးထံ နည်းအမျိုးမျိုးဖြင့် ဆက်သွယ်စုံစမ်းခဲ့ခြင်း၊ ၎င်း၏မိဘများနှင့် တွေ့ဆုံပြောကြား၍ အသိပေးခဲ့သော်လည်း ယနေ့အချိန်ထိ ကျွန်မအား ခင်ပွန်းတစ်ယောက်အနေဖြင့် ဆက်သွယ်ခဲ့ခြင်းမရှိခဲ့သောကြောင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ကျွန်မ မဥဥခင်နှင့် ကိုစည်သူဖြိုးတို့မှာ မည်သို့မျှ ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း တရားဝင်ကြေညာအပ်ပါသည်။

မဥဥခင် (၁၂/ဒဂတ(နိုင်)၀၄၉၈၁၆)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၅ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ ရက်၊ ညနေ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကင်းကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**

**ဆက်သွယ်ရမည့် ဖုန်း-၀၁-၈၅၅၀၆၈၄၊ ၀၁-၈၅၅၀၆၈၅၊ Ext:၁၁၅**

**ဆက်သွယ်ရမည့်လိပ်စာ-အမှတ် ၉၀၊ သစ္စာလမ်းမကြီး(ကံဘဲ့)၊ ရန်ကင်းမြို့နယ်**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကချင်ပြည်နယ်၊ မချမ်းဘော့-ဖရုခ-နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ် (၁/၁)၊ မလိခတံတား (မချမ်းဘော့)တွင် အသုံးပြုရန်အတွက် Main Cable ကြိုးနှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်၊ အချိန်** - ၃၀-၆-၂၀၁၅ ရက်၊ ၁၆:၃၀ နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေဌာနခွဲ၊ တံတားဦးစီးဌာန၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၄၆၅**

---

## စိမ်းကမ္ဘာပီနန်အိတ်စက်ရုံ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိမ်းကမ္ဘာပီနန်အိတ်စက်ရုံတွင် အသုံးမလိုတော့သည့်တစ်ပတ်ရစ်ရက်ကန်းစက်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးပြိုင်ရောင်းချမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၅မှ ၂၈-၅-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါဖွင့်မည့်ရက်** - ၂၉-၅-၂၀၁၅ ရက်

(ဂ) **တင်ဒါဖွင့်မည့်အချိန်** - ၁၂:၀၀နာရီ

**စုံစမ်းရန်**
**စိမ်းကမ္ဘာပီနန်အိတ်စက်ရုံ**
**အမှတ် ၁၄၊ ၁၅၊ ၁၆၊ ကင်းဝန်မင်းကြီးလမ်း၊**
**စက်မှုဇုန်(၄)၊ ရွှေပြည်သာစက်မှုမြို့၊**
**ဖုန်း-၀၁-၆၁၈၁၅၃၊ ၆၁၈၀၂၅၊ ၀၁-၆၁၈၀၂၄**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ရန်ရှိသော ဆည်၊ ကန်နှင့် ရေပေးမြောင်းများ ပြုပြင်ချဲ့ထွင်တူးဖော်ခြင်းနှင့် ရေပေးအဆောက်အအုံများ တည်ဆောက်ခြင်း စုစုပေါင်းလုပ်ငန်း(၂၂)ခုအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၅-၅-၂၀၁၅ ရက်မှ ၂၄-၆-၂၀၁၅ ရက်အထိ

(ခ) **တင်ဒါတင်သွင်းရန်** - ၂၅-၆-၂၀၁၅ ရက်၊ ၁၆:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး

၃။ လုပ်ငန်းစာရင်းအသေးစိတ်နှင့် အခြားစုံစမ်းသိရှိလိုသည်များအတွက် ဖုန်း-၀၇၁-၂၂၇၆၉၊ ၀၇၁-၂၃၆၂၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်တာယာများအား ဌာနသို့ အရောက်ပို့စနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (၁) | Tyre 205x 80 R17.5 (Use Type) | ၆ လုံး |
| (၂) | Tyre 750x18 R (Use Type) | ၆ လုံး |

၂။ အိတ်ဖွင့်တင်ဒါများကို ၁-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၁၅:၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၈၈၊ ၀၆၇-၄၁၃၄၃၃**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်းများ၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် နည်းပြများခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Front Office Operations

(ခ) Housekeeping Operations

(ဂ) Retail Operations

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၂၉-၅-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အဆိုပါသင်တန်းများအတွက် သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (သုံး)နှစ်ရှိရမည်။

(ဂ) အင်္ဂလိပ်ဘာသာ၊ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။

(ဃ) လုပ်ငန်းခွင်သင်တန်း တက်ရောက်ဖူးသူများ ဦးစားပေးမည်။

(င) Microsoft Word, Excel, Powerpoint များအား တတ်ကျွမ်းရမည်။

(စ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဆ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၇၇ ခုနှစ် နယုန်လဆန်း ၆ ရက်
## ၂၀၁၅ ခုနှစ် မေလ ၂၃ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၅ခုနှစ် ဇွန် ၂၄ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်နှင့်ကျောက်စိမ်းအတွဲများကို ၂၀၁၅ ခုနှစ် မေလ ၁၈ရက်မှ ဇွန်လ ၁၀ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC)လိုင်စင် ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင် အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ၂၀၁၅ ခုနှစ် ဇွန် ၁ရက်မှ ၁၂ရက်အထိ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မိုးကုတ်မြို့တို့ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းရုံးများတွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများတွင် ပြည်တွင်းရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ ၂၀၁၅ခုနှစ် ဇွန် ၁၅ရက်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက် ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၇။ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှစတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် သတ္တုတွင်းဝန်ကြီးဌာန၊ Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-Line မှတစ်ဆင့် လျှောက်ထားလိုပါက www.mge.gov.mm On-line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၈။ ၂၀၁၅ ခုနှစ် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ချင်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဟားခါးမြို့နယ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝန်ထမ်းအိမ်ရာ (25' x 102' x 18' h)RC လေးခန်းတွဲ နှစ်ထပ် (၄) လုံး (ရေ/မီးစနစ်အပါ)

၂။ (က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၀-၅-၂၀၁၅ ရက် (ရုံးချိန်)

(ခ) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၅-၆-၂၀၁၅ ရက်၊ ညနေ ၄နာရီ

(ဂ) **တင်ဒါပေးသွင်းမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့

(**မှတ်ချက်** - ၂၀၁၅ခုနှစ် အောက်တိုဘာ ၃၁ ရက် (အပြီးသတ်) တည်ဆောက်နိုင်ရမည်)

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၂၄၂၀**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး လက်အောက်ရှိအောက်ဖော်ပြပါ ဌာနများတွင်အဆောက်အအုံသစ်များ ဆောက်လုပ်ရန်အတွက် ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပါအိတ်ဖွင့်တင်ဒါပေးသွင်းလိုသည့် လုပ်ငန်းရှင်များသည်တင်ဒါအဆိုပြုလွှာနှင့်တင်ဒါစည်းကမ်းချက်များကို ၂၃-၅-၂၀၁၅ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးတွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၈-၆-၂၀၁၅ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးသို့ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည်တင်ဒါအဆိုပြုလွှာ နှင့်အတူကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကိုတင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၅၅၂၉၅၇၊ ၅၅၂၉၂၇၊ ၅၅၂၈၂၃

(က) ရွှေပြည်သာမူလတန်းကြိုကျောင်း
- (၁၅၀×၃၀×၁၁)ပေတစ်ထပ်အာရ်စီကျောင်း အဆောက်အအုံ (ရေမီးမိလ္လာအပါအဝင်)။

(ခ) နားမကြားသောကလေးများကျောင်း
- (၅၂×၂၈×၃၁)ပေနှစ်ခန်းတွဲသုံးထပ်အာရ်စီသင်တန်းသူ အိပ်ဆောင် (ရေမီးမိလ္လာအပါအဝင်)

(ဂ) သုံးခွမူလတန်းကြိုကျောင်း
- (၁၅၀×၃၀×၁၁)ပေ တစ်ထပ်အာစီအဆောက်အအုံ (ရေမီးမိလ္လာအပါအဝင်)

(ဃ) သုံးခွမူလတန်းကြိုကျောင်း
- ရေစက်၊ ရေတွင်းတူးဖော်ခြင်း။

(င) သုံးခွမူလတန်းကြိုကျောင်း
- အမြင့်(၂၅)ပေသစ်မာရေစင် ဆောက်လုပ်ခြင်း(ဂါလန်-၈၀၀)ခန့်၊ ရေတိုင်ကီနှင့် ကွန်ပရက်ဆာ၊ ရေစက်အပါအဝင်ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာသင်တန်း၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သင်တန်းနယ်ပယ်တစ်ခုအတွက် နည်းပြများခန့်အပ်သွားမည်ဖြစ်ပါသည်။

(က) Food & Beverage Operations

၂။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ) အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သောစာရွက်စာတမ်းများပူးတွဲ၍ ၂၉-၅-၂၀၁၅ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် အသိအမှတ်ပြုဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် ဒီပလိုမာ ရရှိသူ

(ဂ) Food & Beverage Operations နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ(၃)နှစ် ရှိရမည်။

(ဃ) အင်္ဂလိပ်ဘာသာရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူဖြစ်ရမည်။

(င) သင်တန်းပို့ချဖူးသည့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။

(စ) Microsoft Word,Excel,Powerpoint များအား တတ်ကျွမ်းရမည်။

(ဆ) ဥပဓိရုပ်ကောင်းမွန်ပြီး သေသပ်ကျနစွာဝတ်စားဆင်ယင်တတ်သူဖြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

(ဇ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။လူတွေ့စစ်ဆေးခြင်းအောင်မြင်ပြီးပါက သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၄၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
# ဗိသုကာပုံစံပြိုင်ပွဲ ရက်တိုးမြှင့်သတ်မှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက် စက်မှု (၁)လမ်းနှင့် ရန်ရှင်းလမ်းထောင့်ရှိရန်ကင်းအိမ်ရာစခန်းမှ လေးထပ်တိုက်ဟောင်းခြောက်လုံး ဖျက်သိမ်းထားသော အိမ်ရာစီမံကိန်းမြေ(၃.၂၆၃)ဧက တွင် အဆောက်အအုံဗိသုကာပုံစံရေးဆွဲမှု ယှဉ်ပြိုင်တင်သွင်းရန် သတ်မှတ်ထားသောရက်ကို ၁-၆-၂၀၁၅ ရက်အစား ၁၉-၆-၂၀၁၅ ရက်သို့ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
ဖုန်း-၀၆၇-၄၀၇၅၂၇၊ ၀၉-၅၁၄၅၃၁၁

## တင်ဒါကြော်ငြာပုံစံ
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီးဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
## ရန်ကုန်တိုင်းဒေသကြီး
# ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် အသုံးပြုရန်လိုအပ်သည့် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၅-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ

**တင်ဒါပိတ်ရက်** - ၁၂-၆-၂၀၁၅ ရက်၊ ညနေ ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၇)လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၅)လုံး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၃)လုံးနှင့်အဆောက်အအုံ (၂)လုံး စုစုပေါင်းသိုလှောင်ရုံ (၁၅) လုံးနှင့် အဆောက်အအုံ (၂)လုံးတို့အား (မြေမပါ) ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၇)လုံး**

Lot(1) (၁) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (မြဲဒေါက်-၉) ထူးကြီး၊ကျောက်စက်လမ်း၊ အင်္ဂပူမြို့နယ်
(၂) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (မြဲဒေါက်-၁၀) မဲဇလီကုန်း၊ လက်ပံကုန်း၊ အင်္ဂပူမြို့နယ်
(၃) (၇၂'×၅၁'×၁၄') (သွပ်၊ ပျဉ်၊ ပျဉ်) (မြဲ-၆) ဇောင်းတန်း၊ အင်္ဂပူမြို့နယ်

Lot(2) (၄) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ပျဉ်) (မြဲ-၄) ကွင်းကောက်၊ အင်္ဂပူမြို့နယ်
(၅) (၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (မြဲ-၁၂) ကွင်းကောက်၊ အင်္ဂပူမြို့နယ်

Lot(3) (၆) (၈၀'×၄၀×'၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (မြဲဒေါက်-၆)ညောင်ကျိုး၊ အင်္ဂပူမြို့နယ်

Lot(4) (၇) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (မြဲ-၄၁) ကွယ်လွယ်ရပ်၊ မြောင်းမြမြို့နယ်

(ခ) **ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ (၅)လုံး**

Lot(5) (၁) (၁၄၄'×၅၀'×၁၂')(သွပ်၊ ပျဉ်၊ ပျဉ်) (ညပ-၅)(ညပ-၆) ပိန်းဇလုပ်ဒေသ၊ ညောင်လေးပင်မြို့နယ်

Lot(6) (၂) (၁၄၀'×၄၃'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (အပ-၈) ကျွဲပွဲဒေသ၊ အုတ်တွင်းမြို့နယ်
(၃)(၁၄၇'×၅၈'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (အပ-၁၈) ညောင်ခြေထောက်ဒေသ၊ အုတ်တွင်းမြို့နယ်

Lot(7) (၄) (၁၄၄'×၄၃'×၁၃') (သွပ်၊ ပျဉ်၊ ပျဉ်) (၃/၃) မြို့မ၊ ဝေါမြို့နယ်

(ဂ) **စစ်ကိုင်းတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၃)လုံး အဆောက်အအုံ (၂)လုံး**

Lot(8) (၁) (၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (မြဲ-၂) (၁/၈၀) ထန်းကုန်းဒေသ၊ ကန့်ဘလူမြို့နယ်
(၂) (၂၅'×၁၆'×၂၀') (ကပ်၊ ပျဉ်၊ ပျဉ်)(ဒိုင်ရုံးခန်း)ထန်းကုန်းဒေသ၊ကန့်ဘလူမြို့နယ်

Lot(9) (၃) (၈၀'×၄၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (၂/၈၀) ဇီးကုန်းလေး၊ကန့်ဘလူမြို့နယ်
(၄) (၁၀'×၁၀'×၁၆') (ကပ်၊ ပျဉ်၊ ပျဉ်) (ဘန်ကာ) ဇီးကုန်းလေး၊ကန့်ဘလူမြို့နယ်

(ဃ) **တင်ဒါရောင်းချရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်မှ ၃-၆-၂၀၁၅ ရက်ထိ
**အချိန်** ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ

(င) **တင်ဒါစည်းကမ်းရှင်းလင်းမည့်ရက်၊ အချိန်** - ၄-၆-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

(စ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၄-၆-၂၀၁၅ ရက်၊ မွန်းလွဲ ၁၃း၀၀ နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာ

(ဇ) **Deposit ပေးသွင်းရမည့်နေရာ** - ပေးသွင်းရမည့် Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကို(P.O) Cheque ဖြင့်မြန်မာနိုင်ငံသားများဘဏ်(နေပြည်တော်၊ ရန်ကုန်)၊ မြန်မာ့စီးပွားရေးဘဏ် (ပုသိမ်၊ ပဲခူး၊မုံရွာ)တို့တွင် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

**(ဈ) စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် (၅၂)၊ နေပြည်တော်

(ည) တင်ဒါတင်သွင်းရမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၄၂-၂၄၅၂၃၊ ၀၅၂-၂၂၂၁၈၄၄၊ ၀၇၁-၂၃၆၃၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**


# ရောင်းမည်

မှော်ဘီမြို့နယ်၊ (ရှမ်းကုန်းရွာ)နှင့် လှည်းကူးမြို့နယ် (ကျောက်အိုင်ရွာ)တွင် ပေ(၄၀×၆၀)မြေကွက်များနှင့် ပေ(၂၀×၆၀)မြေကွက်များရောင်းရန်ရှိသည်။

(လယ်မြေမဟုတ်ပါ။)
Ph: 09-5505618,
09-255972638


# ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၉က/၈၈၉၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော Relay, Transformer Accessories and Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)၏
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၈

မမေနွယ်လှိုင် **နှင့်** မောင်မျိုးလှိုင်စိုး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၉)လမ်း၊ အမှတ်(၂၃၅)နေ မောင်မျိုးလှိုင်စိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမေနွယ်လှိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိပြီဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၈ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေမာဦး)**
**ဒုတိယမြို့နယ်မြို့နယ်တရားသူကြီး(၁)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## လှိုင်သာယာမြို့နယ်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၁

နော်နှင်းသီတာ **နှင့်** ဦးကျော်ထင်
**တရားလို** **တရားပြိုင်**

လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၆၃၇)နေ (ယခင်နေရပ်လိပ်စာ) ယခုနေရပ်လိပ်စာမသိသူ သိစေရမည်။

သင့်အပေါ်၌ တရားလို နော်နှင်းသီတာက ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုသဖြင့် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၈ ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းထွဋ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**လှိုင်သာယာမြို့နယ်တရားရုံး**

# တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ပန်းဘဲစုအုပ်စု၊ အခြံချောင်းကျေးရွာနေ ဦးမောင်၏သား ဦးသန်းဝင်း(ခ)ဦးသန်းထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဝင်း(ခ)ဦးသန်းထွန်း**
**၁၄/ကလန(နိုင်)၀၃၇၆၉၀**

# ပျောက်ဆုံးခြင်း

CROWN VENEER AND TIMBER MANUFACTURING CO., LTD. ၏ထသက ကတ်မူရင်း-၂၅၄၈၁ (၁-၄-၁၁)မှာလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၂၆၂၀၀**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၉)လမ်း၊ အမှတ် ၁၂၃၊ မြေညီထပ်နေ ဦးမြသိန်း ၁၂/ဥကတ(နိုင်)၁၀၁၂၄၀ နှင့် ဒေါ်မြင့်မြင့်အေး ၁၂/လမတ(နိုင်)၀၂၂၈၁၈၈တို့၏သား မောင်သက်နိုင်ထွန်း ၁၂/လသန(နိုင်)၀၂၁၈၀၃ သည် မိဘများ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြသိန်း-ဒေါ်မြင့်မြင့်အေး**

# ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၏ အမှိုက်သိမ်းယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ယန္တရားများအား မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်ထားနိုင်ပါသည်-

(က) ယာဉ်မောင်းလုပ်သက် (၁)နှစ်ရှိသူဖြစ်ရမည်။
(ခ) ယာဉ်မောင်းလိုင်စင်(ခ) ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဂ) အသက်(၂၀)မှ (၄၅)နှစ်ကြား ဖြစ်ရမည်။
(ဃ) အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ကြားဖူးသူဖြစ်ရမည်။
(င) နေ့/ညအချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်ထားသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်ဖြစ်သည်။

၃။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ယာဉ်မောင်းဝန်ထမ်းခန့်ထားခံရပါက သတ်မှတ် အခြေခံလစာအပြင် နေထိုင်ရန် လိုင်းခန်းစီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ ဖုန်း-၅၀၄၈၉၃၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၃၄

ဦးရဲကျော်ဦး **နှင့်** ဒေါ်ခင်ညို
**တရားလို** **တရားပြိုင်**

အမှတ်(၃၁)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားပြိုင် ဒေါ်ခင်ညို သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဦးရဲကျော်ဦးမှ ၁၈-၇-၂၀၁၃ရက်စွဲပါ အိမ်နှင့် မြေအပြီးအပိုင်အရောင်းအဝယ်သဘောတူစာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၄ရက် (၁၃၇၇ခုနှစ် နယုန်လပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် မေ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်လမ်း၊အမှတ်(၁၁)ရှိခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သစ်သစ်ဇင်(၁၂/စခန(နိုင်)၀၂၄၅၅၁)သည် (၁၄. ၃. ၂၀၁၅)ရက်နေ့ မှစတင်၍ ဒါရိုက်တာအဖွဲ့မှ အပြီးအပိုင်နုတ်ထွက်သွားပြီဖြစ်ပါသည်။ Mrs. Annelie Moog နှင့် ဒေါ်သစ်သစ်ဇင်၊ ဒေါ်နွယ်နွယ်ခိုင်(၁၂/ကမရ (နိုင်) ၀၄၂၂၃၈) တို့အကြားလွှဲပြောင်းပေးအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်း(၂၅. ၃. ၂၀၁၅)နေ့က တရားလွှတ်တော်ရှေ့နေဦးခင်ဝင်းနှင့် ကျွန်ုပ်ရှေ့မှောက်တွင်အပြီးအပိုင်နှစ်ဘက်သဘောတူ ရုပ်သိမ်းပယ်ဖျက်လိုက်ကြပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခင်ဇော်(မရမ်းကုန်း)**
အထက်တန်းရှေ့နေ (စဉ်-၉၂၂၇)
တိုက်(၂)၊ အခန်း(၁၃)၊ ပထမထပ်၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(၀၉-၇၃၀၇၀၄၃၃၊ ၀၉-၂၅၂၂၀၀၀၄၄)

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၈၇၇၈ ၏ Toyota Lexus SW(4×4) ယာဉ်လက်ဝယ်ရှိသူ AYSMFG Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၁၁၄၉ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8198 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**




## ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ကြေညာချက်နှင့် တုပသုံးစွဲခြင်းမပြုရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အိမ်အမှတ် (၃၇၁-ခ)နေ ဒေါ်တင်ထွေး ၉/မခန(နိုင်)၀၁၄၃၂၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်တင်ထွေးသည် အောက်ဖော်ပြပါ "ကြက်တံဆိပ်" အမည်ရှိ အရောင်တင်မဆလာလုပ်ငန်းကို တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းချရန်အတွက် ကုန်အမှတ်တံဆိပ်အမှတ်အသားကို မြင်းခြံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှုးရုံးတွင် ကုန်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် စာချုပ်အမှတ်(၄၅/၉၂)ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

REGD မတင်ထွေး ကြက်တံဆိပ်
အရောင်တင်မဆလာ
ပဲကျော်တန်း ၊ ဈေးကြီးအတွင်း ၊ မြင်းခြံမြို့ ။ ဖုန်း(၀၆၆) ၂၁၈၅၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်လုပ်ငန်းအမည် အမှတ်အသားဖြင့် ဒေါ်တင်ထွေး မိသားစုသည် သန့်ရှင်းလတ်ဆတ်သော သဘာဝရတ်သီးစစ်စစ်မှ ထုတ်လုပ်ထားပြီး ဓာတုဗေဒနှင့် ဘေးဥပဒ်ဖြစ်စေတတ်သောပစ္စည်းများ လုံးဝမပါရှိဘဲ အရည်အသွေးပြည့်မီစွာ အမှုန့်ကြိတ်ထုတ်လုပ်၍ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဓာတ်ခွဲစမ်းသပ်မှုခံယူကာ မြန်မာပြည်အနှံ့ ဈေးကွက်များတွင် ဆိုဒ်မျိုးစုံဖြင့် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့်လုပ်ငန်းအမည်ကို ဈေးကွက်တွင် ဆင်တူယိုးမှားပြုလုပ်၍လည်းကောင်း၊ အတုအပပြုလုပ်၍လည်းကောင်း၊ ဖြန့်ချိရောင်းချနေကြောင်း တွေ့ရှိနေရပါသည်။ ဒေါ်တင်ထွေးမိသားစု၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ဖော်ပြပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အမည်တူသုံးစွဲခြင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ တစ်နည်းနည်းတုပ၍ ကုန်ပစ္စည်းထုတ်လုပ်ပြီး ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခြင်း၊ အတုအပများ မှာယူတင်သွင်းရောင်းချခြင်း၊ တစ်ဆင့်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆင်တူယိုးမှားနှင့်တံဆိပ်အတုများအား ပုံနှိပ်ထုတ်လုပ်ပေးခြင်းများမပြုကြပါရန်နှင့် လိုက်နာခြင်းမရှိပါက မိမိလုပ်ငန်းအကျိုးစီးပွားကို ထိခိုက်နစ်နာမှုအရပ်ရပ်အတွက် သက်ဆိုင်ရာ တရားရုံးတော်တွင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၂၈၁၆)**
**(၁၅၉/၁၆) ရပ်ကွက်၊ မြင်းခြံမြို့၊ ဖုန်း-၀၉-၂၂၁၂၅၂၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒေ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄၈**

ဒေါ်ခင်အေးလွင် **နှင့်** ၁။ ဒေါ်ခိုင်ခိုင်သင်း
၂။ ဦးနန္ဒစိုး
၃။ ဒေါ်စန္ဒီထွန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂-က)စံပြရပ်ကွက်၊ ရှုဝံလမ်း၊ အမှတ်(၃၈)နေ (၁)တရားပြိုင် ဒေါ်ခိုင်ခိုင်သင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားလိုဝယ်ယူထားသော အိမ်နှင့်မြေအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက် (၁၃၇၇ ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် မေ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကြည်မြင်တိုင်မြို့နယ် အထက(၃)အခြေခံပညာအထက်တန်းကျောင်း ပဋ္ဌမတန်း (B) မှ မောင်ကျော်ဆင့်နိုင် ၏ဖခင်အမည်မှန်မှာ ဦးရဲဝင်းအောင် ၁၂/သကတ(နိုင်)၁၈၈၁၇၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် ၈၉/၄၀၈၀ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၂၂/ခ၊ ဦးညိုခြံ၊ ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးမင်းဇော်(ခ)ဦးကျင်သိန်း ၁၂/သဃက(နိုင်)၁၀၃၀၆၅ ၏သားမောင်အောင်ချမ်းမြေ့ ၁၂/သဃက(နိုင်)၁၆၅၄၄၆ သည် ဖခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဘာသာ အလိုအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဖခင် ဦးမင်းဇော်(ခ)ဦးကျင်သိန်း**

## ဒေါ်ချောချော ၁၂/စခန(နိုင်)၀၀၃၆၂၄ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အေးအေးထွေး ၁၂/မဘန(နိုင်)၀၀၆၉၅၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချောချော ၁၂/စခန(နိုင်)၀၀၃၆၂၄နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မှော်ဘီမြို့နယ်၊ တိုးချဲ့(၄)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် (ကဆ-၁၃) ဟု ခေါ်တွင်သော (ပေ၆၀×ပေ၄၀)ရှိမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေက ၎င်း၏ဖခင်အမည်ဖြင့် ဦးစန်းဟိန်း ၄/ထတလ(နိုင်)၀၂၂၇၉၅ ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည်မှာ (၈)နှစ်ကျော်ခန့်ရှိပြီဖြစ်ပါသည်။ ဒေါ်ချောချောမှ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ဖြေရှင်းပါရန်နှင့် အကယ်၍လာရောက် ဖြေရှင်းခြင်းတစ်စုံတစ်ရာမရှိဘဲ ကျွန်ုပ်တို့မိတ်ဆွေဝယ်ယူပိုင်ဆိုင် လက်ရှိထားမှုအား လူကြီးမင်းမှ ဆက်လက်နှောင့်ယှက်နေမည်ဆိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ချောချောနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်၎ဝါ LL.B,D.B.L** — **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၄၃၆)**
**ဒေါ်ဝင်းသီတာဝေ LL.B** — **အထက်တန်းရှေ့နေ (စဥ်-၃၇၈၂၆)**
**ရှေ့နေများရုံးခန်း၊ မှော်ဘီတရားရုံး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၂၀၇၃၄၂၊ ၀၉-၄၂၀၁၇၇၂၁၅**

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး**
## ဒေါ်လှငွေ (ပုသိမ်)
**အသက်(၉၉)နှစ်**

ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)-ဒေါ်တင်တင်ညွန့်တို့၏မိခင်ကြီး ဒေါ်လှငွေ (ပုသိမ်) အသက်(၉၉)နှစ်သည် ၁၁-၅-၂၀၁၅ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်-ဒေါ်ခင်ရဲမွန် မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသိန်း
**အသက်(၉၀)**

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)၊ အင်ဂျင်နီယာမှူးကြီး ဒုတိယဗိုလ်မှူးကြီးမိုးဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူလွင်တို့၏မိခင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၆နေ ဒေါ်မြသိန်း အသက်(၉၀)သည် ၂၁-၅-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့် အရာထမ်း/အမှုထမ်းများ**
**အမှတ်(၁)ဘိလပ်မြေစက်ရုံ (တန်-၉၀၀)**
**မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသိန်း
**အသက်(၉၀)**

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၂)ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)၊ အင်ဂျင်နီယာမှူးကြီး ဒုတိယဗိုလ်မှူးကြီးမိုးဝင်း(ငြိမ်း)-ဒေါ်ဖြူဖြူလွင်တို့၏မိခင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၆နေ ဒေါ်မြသိန်း အသက်(၉၀)သည် ၂၁-၅-၂၀၁၅ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးကြီးနှင့် အရာထမ်း/အမှုထမ်းများ**
**အမှတ်(၂)ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**
**မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးမြင့်လွင် (ငြိမ်း)
**တပ်မတော်တပ်ထိန်းချုပ်၊ ပေါက်ခေါင်းမြို့**
**အသက်(၈၁)နှစ်**

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကန်တော့ခံ ဂုဏ်ထူးဆောင်နာယကကြီး ဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)သည် ၁၇-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)**

---

### ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
**အသက်(၅၄)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးအောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးချုပ်ဝင်းနိုင်ထွန်းနှင့် ဇနီး ဒေါ်ကက်စီ**
**လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင်
**အသက်(၅၄)နှစ်**

ဒေါ်မြတ်မြင့်မိုရ် (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဖခင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့မှ ရဲမှူးကြီး အောင်ထွန်းထွန်းလွင် အသက်(၅၄)နှစ်သည် ၁၉-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီးအောင်ထွန်းထွန်းလွင် (ရဲ-၁၆၂၀)
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ ၉လမ်း၊ ခရေပင်လမ်းခွဲ၊ အမှတ် ၂၁၂၇နေ ဗိုလ်မှူးခင်အေးနွယ်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စွာထွန်း-မမေဇွန်မျိုးမြင့်၊ မမြတ်မြင့်မိုရ် (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ မောင်လရောင်ထွန်းတို့၏ချစ်လှစွာသောဖခင် ရဲမှူးကြီးအောင်ထွန်းထွန်းလွင်သည် ၁၉-၅-၂၀၁၅ရက် ထိုင်းစံတော်ချိန် ည ၁၀း၀၅နာရီတွင် ထိုင်းနိုင်ငံ Bumrungrad ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရဲမှူးကြီးမျိုးဆွေဝင်းနှင့်ဇနီး ဒေါ်စိုးစိုးသက်**
**မွန်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## ဗိုလ်မှူးစိန်လင်း (ငြိမ်း)
**BC-10885**
**အသက်(၈၆)နှစ်**

ကျိုက်လတ်မြို့နေ (ဦးထိန်ညွှန့်-ဒေါ်ငွေ)တို့၏သား၊ ရွှေပြည်သာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ထော်ပိုင်(၁)လမ်း၊ အမှတ် ၈၀၈နေ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးရွှေဝင်း-ဒေါ်ခင်လင်း၊ 2/E Lin Nung (Franklin Off Shore-Col.,Ltd. Singapore)-ဒေါ်စီစီ(စက်မှု/သီးနှံ၊ ပဲခူးတိုင်းဒေသကြီးရုံး)၊ (ဦးတင်စိုး)-ဒေါ်သက်လင်း၊ ဗိုလ်မှူးကြီးလင်းမောင်-ဒေါ်ခင်အိအိခိုင်၊ ဒုဗိုလ်မှူးကြီးကိုကိုလင်း (ငြိမ်း) (ဌာနမှူး၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ YCDC)-ဒေါ်ငုဝါကြိုင်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၂-၅-၂၀၁၅ရက်(သောကြာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**HAJI AHMED DAWOOD SIMJEE (ခ)**
## ဟာဂျီ ဦးမောင်မောင်
**(ခေတ်သစ်သံဆိုင်၊ ပြည်မြို့)**
**အသက်(၈၁)နှစ်**

ပြည်မြို့၊ လက်သမားလမ်းနေ (ဦးခင်မောင်-ဒေါ်နီနီ)တို့၏သား၊ (ဟာဂျီမဒေါ်ခင်မြင့်)၏ခင်ပွန်း၊ ဟာဂျီ ဦးခင်မောင်၊ ဟာဂျီဦးဝင်းမောင်၊ (ဟာဂျီမဒေါ်ခင်နှင်းကြူ)၊ ဟာဂျီမဒေါ်ခင်နှင်းဖြူ(ခေတ်သစ်ဆောက်လုပ်ရေးနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၅ရက် နံနက်တွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေပိုင်း အဆွရ်နမားဇ်အပြီးတွင် ဒါဖနာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းရီ
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ ၇လမ်း၊ အမှတ် ၂၉၄နေ (ဦးချစ်ဖိုး-ဒေါ်ပိန်)တို့၏သမီး၊ ဦးတင်ထွန်း၏ဇနီး၊ ဦးလှမောင်-(ဒေါ်သန်းကြွယ်)၊ (ဦးခင်မောင်)-ဒေါ်သန်းကြည်တို့၏ညီမ၊ မစန်းစန်းမော်၊ မသိန်းသိန်းစိုး၊ ကိုဇော်ဦး-မလှလှထွေး၊ ကိုဇော်ထွန်း-မခင်သန့်ဇင်မြင့်တို့၏မိခင်၊ မောင်ရန်ပိုင်၊ မမိုမိုဇော်တို့၏အဘွားသည် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအေးအေးသော်
**ဒုတိယညွှန်ကြားရေးမှူး၊ အာဟာရ(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက်(၆၄)နှစ်**

ဒေါက်တာဦးမျိုးသိမ်း(ဒုတိယညွှန်ကြားရေးမှူး၊ဥပဒေ/စည်းကမ်း၊ ငြိမ်း)၏ဇနီး ဒေါက်တာအေးအေးသော် (ဒုတိယညွှန်ကြားရေးမှူး၊ အာဟာရ၊ ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)သည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအေးအေးသော်
**ဒုတိယညွှန်ကြားရေးမှူး၊ အာဟာရ(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက်(၆၄)နှစ်**

ဒေါက်တာဦးမျိုးသိမ်း(ဒုတိယညွှန်ကြားရေးမှူး၊ဥပဒေ/စည်းကမ်း၊ ငြိမ်း)၏ဇနီး ဒေါက်တာအေးအေးသော် (ဒုတိယညွှန်ကြားရေးမှူး၊ အာဟာရ/ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)သည် ၂၀-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုနှင့်ပြည်နယ်/တိုင်းဒေသကြီး အာဟာရမိသားစု**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သီတာမိုး
**အမက(၂)၊ ဒဂုံ(တောင်) အလယ်တန်းပြဆရာမ**
**အသက်(၄၉)နှစ်**

ဦးဉာဏ်ဝင်းထိုက် (ရုံးအဖွဲ့မှူး၊ Adventure Myanmar Tours & Incentives Co.,Ltd.)၏ချစ်လှစွာသောဇနီး ဒေါ်ခင်သီတာမိုး အသက်(၄၉)နှစ်သည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးမင်းဒင်-ဒေါ်အေးအေးမြင့်**
**Adventure Myanmar Tours & Incentives Co.,Ltd.**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ**
## ဦးမြတ်လင်းရွှေ A.G.T.I (Civil)
**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၅၈-ခ)နေ (ဦးတင်ရွှေ)-ဒေါ်ကျင်ယုံတို့၏သား၊ ဦးခင်မောင်သန်း-ဒေါက်တာဒေါ်လှလှမူ (မြသဇင်ဆေးခန်း၊ဟသ်ာတ)၊ဦးစန်းအောင်(စိုက်ပျိုးရေးညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်)-ဒေါ်သန်းသန်းအေး၊ ဦးမြင့်သိန်း-ဒေါ်စပါယ်ထွန်း၊ (ဦးမြင့်ဇော်)-ဒေါ်ခင်မေဦး၊ ဦးလှထွေး-ဒေါ်သီတာရွှေတို့၏ညီ/မောင်၊ ဦးဇော်မင်းထွန်း-ဒေါ်စန္ဒာဝင်းတို့၏အစ်ကို၊ ဦးကျော်လင်းနိုင်(MFMA)-ဒေါက်တာဒေါ်မိုးစန္ဒာအောင်(NGO)၊ ဦးမိုးဆက်ယံ-ဒေါ်ခင်သန္တာမြင့်တို့၏ဦးလေး၊ လှိုင်မြို့နယ်၊ အမှတ် ၁၄နေ (ဦးပု)-ဒေါ်လှညွှန့်တို့၏သားသမက်၊ ဦးချစ်ဝင်း-ဒေါ်လှသန်း၊ ဦးစိုးမြင့်-ဒေါ်အေးကြွယ်၊ ဦးသိန်းဝင်း-ဒေါ်ဘေဘီစိုး၊ ဦးမြင့်ဆွေ-ဒေါ်ကြည်ကြည်ညွှန့်၊ ဦးအောင်သန်းဝင်း-ဒေါ်စိန်စိန်၊ ဦးသိန်းစိုးဝင်း-ဒေါ်အေးအေးမူ(U.S.A)တို့၏ညီမောင်၊ ဦးမင်းဇော်-ဒေါ်နန်းဝင်းဝင်းခိုင်တို့၏အစ်ကို၊ တူ၊ တူမ ၂၆ယောက်တို့၏ဦးလေး၊ မြေး ၁၁ယောက်တို့၏အဘိုးလေး၊ လှိုင်မြို့နယ်၊ ပါရမီအိမ်ရာ၊ (၁၆)ရပ်ကွက်၊ တိုက် ၁၊ အခန်း ၂၀၂နေ ဒေါ်တင်တင်မြို့၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၅း၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်ကြီးစိန်ဖေ (ငြိမ်း)
**(ကြည်း-၈၆၄၉)**
**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ စံပယ်မြိုင်လမ်း၊ အမှတ် ၁၆၄၀နေ (ဦးဘခင် - ဒေါ်နှင်းစိန်)တို့၏ သား၊ (ဦးမောင်မောင်ခင်)၊(ဒေါ်တင်ဥ)တို့၏ ညီ/မောင်၊ ဒေါ်သီသီ၏ခင်ပွန်း၊ ဦးစိုးဟန် (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်လှဲ့လှဲ့ဝါ၊ ဦးကျော်ခိုင်ထွန်း (Uniteam) - ဒေါ်မာမာချို တို့၏ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၅ရက် ညနေ ၆နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြည်ကြည်ရွှေ(စလင်း)
**ဦးစီးအရာရှိ(ငြိမ်း)**
**အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးမှူး**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ယခင် ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၂၅၅/၂၅၇နေ ဦးထွန်းအောင်၏ဇနီး၊ ဦးသက်ရွှေအောင်-ဒေါ်ဆွေဆွေဦး၊ ဒေါ်နှင်းဖြူဖြူ၊ ဦးဇော်အောင်၊ဦးကျော်ကျော်မိုး၊ဒေါ်ခင်သူဇာအောင်-ဦးကျော်ဝင်းဦး၊ ဦးဟန်လင်း-ဒေါ်ခင်စန္ဒာထွန်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ် ၉၅၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်ထွန်းမေ
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အသင်းဝင်-၁၂၃၇**
**အသက်(၇၄)နှစ်**

ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ၆×၇ ဦးပြုံးချိုလမ်း၊ အမှတ် ၇၂နေ ကျိုက်လတ်မြို့နယ် ကန်တော့ခံဆရာမ ဒေါ်ထွန်းမေ(အထပြ၊ ငြိမ်း)သည် ၁၂-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဒေါ်ခင်သီတာမိုး
**(အလယ်တန်းပြဆရာမ)**
**အမက(၂)ဒဂုံတောင်**
**အသက်(၄၉)နှစ်**

မွန်ပြည်နယ်၊မော်လမြိုင်မြို့၊ ဘီလူးကျွန်း၊ကွမ်းသဲရွာနေ ဦးပါနီ-(ဒေါ်သင်းဥ)တို့၏သမီး၊ ဦးကျော်ဝင်း(မူ-အုပ်၊ ငြိမ်း)-ဒေါ်တင်တင်မြင့်(မူ-အုပ်၊ငြိမ်း)တို့၏သမီးချွေးမ၊ (ဦးသောင်းရွှေ-ဒေါ်တင်ကြည်)၊ (ဒေါ်ရင်ကြည်)၊ ဦးဟုတ်ကြည်-ဒေါ်တင်ရီ၊ ဒေါ်စန်းစန်းကြည်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ကြည်ကြည်အေး၊ ဦးခင်မောင်ညွှန့်-ဒေါ်ကြည်ကြည်နွယ်တို့၏ ညီမငယ်၊ ဦးဇော်စိုးဆက်၊ ဦးဇော်မျိုးဆက်-ဒေါ်မိုးမိုးတို့၏အစ်မ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ကတန်ကျွန်းလမ်း၊ အမှတ် ၄၃၂ (က)နေ ဗိုလ်ကြီးဉာဏ်ဝင်းထိုက်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်မင်းသီဟ (အထက-၃၊တောင်ဒဂုံ)၊မောင်ကောင်းလွန်းကျော် (အလက-၁၊ ဒဂုံတောင်) တို့၏ချစ်လှစွာသောမိခင်သည်၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဦးမင်းညွှန့်
**B.A (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ လဝက)**
**အသက်(၈၃)နှစ်**

ရွှေနေကြာအသင်း ဥက္ကဋ္ဌ ဦးနိုင်မင်းထွဋ်-ဒေါ်ခိုင်ခိုင်ကျော်တို့၏ဖခင် ဦးမင်းညွှန့်သည် ၁၉-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေနေကြာအသင်း**
**အမှုဆောင်အဖွဲ့**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်လှိုင်
**အသက်(၈၂)နှစ်**

သူငယ်ချင်း သက်နိုင်၏မိခင်ကြီး ဒေါ်ကြည်လှိုင် အသက်(၈၂)နှစ်သည် ၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**86-95 RIT CLUB**

**ရန်ကုန်စက်မှုတက္ကသိုလ်သူငယ်ချင်းများ**

---

## ဒုတိယဗိုလ်မှူးကြီးမြင့်အောင်
**လက်ထောက်စစ်ဥပဒေချုပ်(ငြိမ်း)**
**OTS (47) စည်သူတပ်ခွဲ**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်မောင်၊ ကျောင်းအုပ်ဆရာကြီး)-ဒေါ်ရင်မေတို့၏သားကြီး၊ လားရှိုးမြို့နေ (ဦးကျင်စန်း-ဒေါ်ခင်ညွှန့်)တို့၏သားသမက်၊ ဒေါ်အေးအေးစန်း၏ချစ်လှစွာသောခင်ပွန်း၊ မခင်အေးယုအောင် (ပြည်နယ် လဝက၊ လားရှိုး)၊ မောင်ဟိန်းလတ်အောင်(ပြည်တွင်းအခွန်လားရှိုး)၊ ဒုတိယဗိုလ်မှူးကြီး စိုင်းအေးနိုင်-မဇင်အေးယုအောင်(ဦးစီးအရာရှိ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန နေပြည်တော်)တို့၏ဖခင်သည် ၂၁-၅-၂၀၁၅ရက် နံနက် ၄း၂၀နာရီတွင် ပြင်ဦးလွင် တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးမြင့်အောင် (ငြိမ်း)
**ကြည်း-၁၂၇၃၈၊ ဗသက(၄၇)**
**အသက်(၆၄)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)သည် ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄း၂၀နာရီတွင် ပြင်ဦးလွင်တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇)မှ သူငယ်ချင်းများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ချိုချိုစန်း (မော်လမြိုင်)
**(B.Sc, Botany)**
**အသက်(၆၀)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းနယ်မြေ၊ အောက်လမ်းမကြီး၊ အမှတ် ၆/၆နေ (ဦးကျင်တိတ်-ဒေါ်ခင်သိန်း၊ မြန်မာ့ဆေးမျိုးစုံဆိုင်)တို့၏ ဒုတိယသမီး၊ (ဦးအုန်းလှိုင်-ဒေါ်စိန်ရီ)တို့၏သမီးချွေးမ၊ ဦးကျော်တင့်၏ဇနီး၊ (ဦးတင့်လွင်)-ဒေါ်ငွေးကျင်တို့၏ညီမ၊ ဦးတင်မောင်ဝင်း - ဒေါ်စန်းစန်းမြင့်၊ ဦးစိုးသန်း-ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်တင်တင်လှတို့၏အစ်မ၊ မခိုင်ဇာလွင်၊ ဒေါက်တာကျော်ကျော်သက်၊ မစိုးယမုံခင်၊ မနွေးအိဝင်း၊ မအေးမြတ်သင်း၊ မောင်ဝေယံအောင်တို့၏ကြီးတော်သည် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) နံနက် ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမင်းဆွေ (ရဲတပ်ကြပ်)
**(လကရ-၂၊ ဝက်ထီးကန်)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာနီလမ်း၊ အမှတ် ၁၁၅၉၁နေ(ဦးအောင်မြင့်-ဒေါ်ခင်မာချို)တို့၏ဒုတိယသား၊ရဲတပ်ကြပ်ဝင်းဆွေ (ရထားရဲ၊ ပြင်ဦးလွင်)-ဒေါ်ခင်ဝေတို့၏ညီ/မောင်၊ ကိုနှင်းဆွေ (ဆသရ၊ ရွှေပြည်သာ အိတ်ချိန်း)၊ (ဒေါက်တာချိုချိုအောင်၊ ကထိက၊ ရူပဗေဒဌာန၊ ထားဝယ် တက္ကသိုလ်)၊ ဦးကျော်ကျော်အောင်-မမာမာဦးတို့၏ အစ်ကို၊ ဗိုလ်မှူးဆန်းထိုက်(ကကကြီး၊ ထောက်)-မခင်အိအိချို၊ ကိုကျော်သူမင်းသိန်း(စစစ၊တောင်ကြီး)၊ ကိုဝေဖြိုးအောင်၊ မအင်ကြင်းမွှေး၊မနှင်းဥမ္မာဝင်းတို့၏ဦးလေးသည် ၂၁-၅-၂၀၁၅ရက် ည ၉း၂၀နာရီတွင် ပြည်မြို့ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့်၂၂-၅-၂၀၁၅ရက်တွင် ပြည်သူ့ဆေးရုံကြီးမှ အေးငြိမ်ရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးဝင်း
**(MPPE) (ငြိမ်း)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၄၈နေ ဒေါ်လုံး၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယရွာသစ် တောင်ပိုင်းနေ (ဦးကျော်မြင့်)-ဒေါ်စိန်ရင်တို့၏ သမီး၊ ဦးစိုးမြင့်-ဒေါ်ကျင်နှစ်၊ ဒေါ်ထားရီ၊ မိတ္ထီလာနေ ဦးဝင်းမောင်-ဒေါ်ဝင်းကြည်တို့၏ညီမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်စန်းမြင့်၊(ဦးကျော်ဝင်း)-ဒေါ်ခင်ဝင်းချို၊ ဒေါ်သန်းသန်းထွေးတို့၏အစ်မ၊ ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ အမှတ် ၃၈/၃င၊ မြသိင်္ဂါလမ်း၊ (၃)ရပ်ကွက်နေ(ဦးလှဝင်း)၏ချစ်လှစွာသောဇနီး၊ ကိုဝင်းထူး-မဖြူသက်နွယ်တို့၏မိခင်၊ မြေးတစ်ယောက်၏အဘွားသည် ၂၂-၅-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ ဒါယိကာမကြီး**
## ဆရာမ ဒေါ်လှဦးကြည်
**အလက(၈)သာကေတ**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊သာကေတမြို့နယ်၊ (၅) မြောက်ရပ်ကွက်၊ သီဂီ ၄လမ်း၊ အမှတ် ၁၃၃နေ (ဦးမွေးပန်းအောင်-ဒေါ်သည့်)၊ (ဦးဖိုးမှီ-ဒေါ်အေး)တို့၏မြေး၊ (ဦးလှဖေ-ဒေါ်ကြည်အေး)တို့၏ သမီးကြီး၊ (ဦးခင်မောင်ဇော်) - ဒေါ်သန်းအေး၊ ဦးကျော်မျိုး ဝင်း-ဒေါ်အေးအေးစန်း(ခ) အေးစန္ဒာအောင်(ဝင်းစတိုး)၊ ဒေါ်ယဉ်ယဉ်ထွေး(CB Bank)တို့၏အစ်မကြီး၊ မအိမွန်ဇော်၊ မောင်အောင်သူဟိန်းတို့၏အဒေါ်သည်၂၁-၅-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၅၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၅ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# မိဘပြည်သူများ၏ မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် ရေကုန်ရေခန်း အားထုတ်ကြိုးပမ်း

သတင်း၊ စာမျက်နှာ-၃



# မောင်တောမြို့ ကမ်းလွန်ပင်လယ်ပြင်၌ စက်လှေနှစ်စင်းနှင့်အတူ ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို တွေ့ရှိသဖြင့် ထိန်းသိမ်းခေါ်ဆောင်ပြီး စိစစ်ဆောင်ရွက်လျက်ရှိ



လူမှောင်ခို စက်လှေအတွင်း လိုက်ပါလာသော ပင်လယ်တွင်း လှေစီး ဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို တွေ့ရစဉ်။

**မောင်တော မေ ၂၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ အနောက်ဘက် ပင်လယ်ပြင်၌ တပ်မတော်ရေယာဉ်မှ တာဝန်ထမ်းဆောင်နေစဉ် မေ ၂၁ ရက် ညနေ ၃ နာရီခွဲခန့်က စက်လှေနှစ်စင်းနှင့်အတူ ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး လိုက်ပါလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထိန်းသိမ်းခေါ်ဆောင်ခဲ့ပြီး မေ ၂၂ ရက် နံနက် ၂ နာရီခွဲတွင် အငူမော်ကျေးရွာ၌ သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ စက်လှေများအနက် အရွယ်အစား အလျားပေ ၈၀၊ အနံ ၂၀ ဒသမ ၅ ပေ၊ ရေစူးခြောက်ပေ၊ အင်ဂျင် (EK-100)၊ မြင်းကောင်ရေ ၁၅၀ တပ်ဆင်ထားသော တံကေးစက်လှေတစ်စင်းမှာ ထိုင်းနိုင်ငံ ရနောင်းမြို့နေ အုမင့်ဆိုသူပိုင်ဆိုင်ကြောင်း၊ ၎င်းစက်လှေသည် ရနောင်းမြို့မှ ဧပြီ ၈ ရက်က ထွက်ခွာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်သို့ ဧပြီ ၁၃ ရက်က ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းစက်လှေသည် ဧပြီ ၂၀ ရက်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်းရှိ အုန်းကျွန်း အနောက်ဘက် ပင်လယ်ပြင်တွင် ရပ်တန့်ထားရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို လှေငယ်များဖြင့် အဖွဲ့လိုက် အဆိုပါစက်လှေပေါ်သို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကို တင်ဆောင်၍ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ပို့ဆောင်ပေးရန် ထွက်ခွာခဲ့ခြင်းဖြစ်သော်လည်း ၎င်းနိုင်ငံများတွင် ပင်လယ်ပြင်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသဖြင့် မေ ၁၅ ရက်က နောက်ကြောင်းသို့ ပြန်လှည့်ပြီး မောင်းနှင်လာစဉ် မြိတ်မြို့နေ ကိုခိုင်ဆိုသူ ပိုင်ဆိုင်သော စက်လှေတစ်စင်းနှင့်အတူ မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

## မြန်မာယူ -၂၃ ဗီယက်နမ်ကို သရေကစား

**ဟိုချီမင်း မေ ၂၂**

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၂၃ အသင်းတို့သည် ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ထိုင်းအသင်းနှင့် ခြေစမ်းပွဲတွင် ခြေစွမ်းမပြနိုင်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မြန်မာယူ-၂၃ အသင်းသည် ယခုပွဲတွင် ယင်းပွဲမှ အမှားများကို ပြင်ဆင်နိုင်ခဲ့ပြီး ရလဒ်ကောင်းတစ်ခု ရယူနိုင် ခဲ့သည်။ မြန်မာယူ-၂၃ အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ ပေးခဲ့ရသော်လည်း ပယ်နယ်တီများမှတစ်ဆင့် ချေပဂိုးများရယူကာ သရေရလဒ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းသည် ထိုင်းအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲထွက် လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ထားသည်။ မြန်မာအသင်းသည် နေလင်းထွန်း၊ ကျော်ဇင်ဖြိုး၊ စည်သူအောင်၊ ဟိန်းသီဟဇော်တို့ဖြင့် ပွဲထွက်လာခဲ့ပြီး အိမ်ရှင်ဗီယက်နမ် အသင်းမှာလည်း ကွင်းလုံးပြည့် ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၄ ✳



မြန်မာ့ပင်လယ်ပြင်ပိုင်နက်အတွင်း တပ်မတော်ရေယာဉ်က ထိန်းသိမ်းခဲ့သည့် လူမှောင်ခိုစက်လှေကို တွေ့ရစဉ်။

ယနေ့ မာတိကာ

တင့်ကားပျက်လက်နက် ၂၀၀၀ကျော် အမေရိကန်က အီရတ်သို့ပို့ — စာမျက်နှာ - ၄

မြန်မာသင်္ဘောသား ၂၂ဦး အား နှစ်နာကြေး/ လျော်ကြေးပေးအပ် — စာမျက်နှာ - ၁၁

APEX Airlines
The Smart Way to Fly
SPECIAL FARE
Yangon - Dawei 60,000 ks
Yangon - Myeik 80,000 ks
Yangon - Kawthaung 100,000 ks
Yangon - Nay Pyi Taw 75,000 ks
Gate
24 Hours Service Tel : 95 (9) 9771 01333 ~ 334, Customer Service Tel : 95 (1) 653 545 ~ 548,
T : 95 (1)653 545 ~ 548 , 95 (9) 97710 1333 ~ 334, 95(1)533 311
W : www.apexairline.com
f : www.facebook.com/apexairlinesmyanmar

R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁ ။ ဤဥပဒေကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂ ။ ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစ၍တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်တွင်စတင်အာဏာတည်စေရမည်။

၃ ။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သူနာပြုအတတ်ပညာ** ဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လိုအပ်သောလူမှုရေးဆိုင်ရာပြုစုမှုများကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေး ပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာပညာရပ်များလည်းပါဝင်သည်။

(ခ) **သားဖွားအတတ်ပညာ** ဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအားမမွေးဖွားမီ ပြုစုစောင့်ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသောမိခင်နှင့်မွေးကင်းစကလေးတို့အား ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာပညာရပ်များကိုဆိုသည်။

(ဂ) **သူနာပြု** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုလိုင်စင်ရရှိသူကိုဆိုသည်။

(ဃ) **သားဖွား** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သားဖွားမှတ်ပုံတင်လက်မှတ်နှင့် သားဖွားလိုင်စင်ရရှိသူကို ဆိုသည်။

(င) **သူနာပြုသားဖွား** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုသားဖွားမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုသားဖွားလိုင်စင်ရရှိသူကို ဆိုသည်။

(စ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီသူနာပြုနှင့်သားဖွားဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် အမည်စာရင်းရေးသွင်းခြင်းကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရခန့်ထားသောသူနာပြုနှင့် သားဖွားကောင်စီ၏မှတ်ပုံတင်အရာရှိကို ဆိုသည်။

(ဇ) **လိုင်စင်** ဆိုသည်မှာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီကထုတ်ပေးသော သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်နှင့် သူနာပြုသားဖွားလိုင်စင်တို့ကိုဆိုသည်။

(ဈ) **သူနာပြုလိုင်စင်** ဆိုသည်မှာ သူနာပြုအတတ်ပညာဖြင့် သူနာပြုလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **သားဖွားလိုင်စင်** ဆိုသည်မှာ သားဖွားအတတ်ပညာဖြင့် သားဖွားလုပ်ငန်းကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီကထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဋ) **သူနာပြုသားဖွားလိုင်စင်** ဆိုသည်မှာ သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ဖြင့် သူနာပြုနှင့် သားဖွားလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်နိုင်ရန် အရည်အချင်းပြည့်မီသူအား ကောင်စီက ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည်။

(ဌ) **ကန့်သတ်လိုင်စင်** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုမှ သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားအတတ်ပညာကို အောင်မြင်လာသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားတစ်ဦးဦးအား သူနာပြု သို့မဟုတ် သားဖွားလုပ်ငန်းကိုဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်ကောင်စီကလုပ်ငန်း၊ နေရာဒေသနှင့် အချိန်ကာလတို့ကို ကန့်သတ်၍ထုတ်ပေးသောသူနာပြုကန့်သတ်လိုင်စင်၊ သားဖွားကန့်သတ်လိုင်စင်နှင့် သူနာပြုသားဖွားကန့်သတ်လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ဍ) သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းဆိုသည်မှာ သူနာပြုအတတ်ပညာကိုဖြစ်စေ၊ သားဖွားအတတ်ပညာကိုဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာကိုဖြစ်စေ သင်ကြားပေးသည့်အောက်ပါတစ်ခုခုကိုဆိုသည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်ထားသည့် ဝန်ကြီးဌာနများက ဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသောအဖွဲ့အစည်းကဖြစ်စေ ဖွင့်လှစ်သင်ကြားပြီး ကောင်စီကအသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း သို့မဟုတ် သင်တန်းကျောင်း၊

(၂) ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင် ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားချက်အပေါ် ကောင်စီ၏ စိစစ်ထောက်ခံချက်ဖြင့် အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက လုပ်ငန်းလိုင်စင်ထုတ်ပေးထားသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း သို့မဟုတ် သင်တန်းကျောင်း။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဆိုသည်။

(တ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏အဖွဲ့ဝင်တစ်ဦးဦးကိုဆိုသည်။

(ထ) **ဗဟိုအလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာကောင်စီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည်။

(ဒ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာသူနာပြုနှင့် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေအရဖွဲ့စည်းထားသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကြီးကြပ်ရေးအဖွဲ့အသီးသီးကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၄ ။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီသော သူနာပြုစုစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သူနာပြုနှင့်သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သူနာပြုနှင့် သားဖွားအတတ်ပညာကို တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ လေ့လာသင်ယူနိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုပေးနိုင်စေရန်၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သူနာပြုနှင့် သားဖွားအတတ်ပညာကို သူနာပြုနှင့် သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သူနာပြုနှင့်သားဖွားများ၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းရေးနှင့် ဂုဏ်သိက္ခာကို အစဉ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(စ) သူနာပြုနှင့်သားဖွားများ၏ လုပ်ငန်းပိုင်းဆိုင်ရာဆောင်ရွက်ရာတွင် အကာအကွယ်ပေးနိုင်ရန်၊

(ဆ) သူနာပြုနှင့် သားဖွားအတတ်ပညာအရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားစွာလေ့ကျင့်သင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းမှုပြုရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**ကောင်စီဖွဲ့စည်းခြင်း**

၅ ။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆိုင်သော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သူနာပြုနှင့် သားဖွားကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၆ ။ ဝန်ကြီးဌာနသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရ တင်ပြသော ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ ပါဝင်သည့် စုစုပေါင်း ၆၀ ဦးထက်မပိုသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းရမည်။

၇ ။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဖြစ်မြောက်ရေးကော်မတီသည်-

(က) အောက်ဖော်ပြပါသူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားကိုယ်စားလှယ်များ၏အမည်စာရင်းကိုတောင်းခံပြီး ပဏာမကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားရမည်-

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ၊ — ၁ ဦး

(၂) ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အောက် မနိမ့်သော သူနာပြု အရာရှိ၊ — ၁ ဦး

(၃) ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်း ခံရသည့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် အောက်မနိမ့်သော သူနာပြုအရာရှိ၊ — ၁ ဦး

(၄) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်းခံရသည့်သူနာပြုအရာရှိ၊ — ၁ ဦး

(၅) သူနာပြုတက္ကသိုလ်များမှ ကထိက အဆင့် အောက် မနိမ့်သော သူနာပြုကိုယ်စားလှယ်၊ — ၂ ဦး

(၆) တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်မှတာဝန်ပေးခြင်းခံရသည့် အရာရှိ၊ — ၁ ဦး

(၇) သူနာပြုအုပ်ကြီး၊ — ၁ ဦး

(၈) သူနာပြုသားဖွားအတတ်ပညာသင်တန်းကျောင်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော် ကောင်စီနယ်မြေ ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခြင်းခံရသော ကျောင်းအုပ်အဆင့်အောက်မနိမ့်သော ကိုယ်စားလှယ်၊ — ၁၅ ဦး

(၉) လိုင်စင်ရသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများကမိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြုသူနာပြု သားဖွားကိုယ်စားလှယ်၊ — ၁၅ ဦး

(၁၀) မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းမှဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားလှယ်၊ — ၁ ဦး

(၁၁) ပုဂ္ဂလိက ဆေးရုံဆေးခန်းများမှ သူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွား ကိုယ်စားလှယ်၊ — ၈ ဦး

(၁၂) အငြိမ်းစားသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများအနက်မှ သင့်လျော်သော အငြိမ်းစားကိုယ်စားလှယ်။ — ၁၃ ဦး

(ခ) ပုဒ်မခွဲ (က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

(၃) လုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) သူနာပြုသားဖွားလိုင်စင်ကို လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ပြီး လက်ရှိလိုင်စင်သက်တမ်းတိုးမြှင့်ထားသူဖြစ်ရမည်။

(၅) သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

(၆) ပြစ်ဒဏ်တစ်မျိုးမျိုးဖြင့် ထောင်ဒဏ်ကျခံခဲ့ရခြင်း မရှိသူဖြစ်ရမည်။

(၇) သူနာပြုသားဖွားလုပ်ငန်းတွင် အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များက ၎င်းတို့အနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က)နှင့် (ဂ)တို့အရ ကောင်စီဝင်များအဖြစ် ရွေးချယ်လျာထားသော ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များပါဝင်သည့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီကို ဖွဲ့စည်းနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ ကောင်စီသည်-

(က) ကောင်စီဝင် တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ကောင်စီဝင် တစ်ဦးဦးအား စာရင်းစစ်အဖြစ်တာဝန်ပေးအပ်ရမည်။

(ဂ) လိုအပ်ပါကကောင်စီဝင်များအနက်မှတွဲဖက်ဘဏ္ဍာရေးမှူးနှင့် တွဲဖက်စာရင်းစစ်တို့အဖြစ် တာဝန်ပေးအပ်နိုင်သည်။

၉ ။ ကောင်စီသည် ကောင်စီအတွင်းရေးမှူးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ရမည်။

၁၀။ ကောင်စီသက်တမ်းနှင့် ကောင်စီဝင်များ၏ ရာထူးသက်တမ်းတို့နှင့်စပ်လျဉ်း၍ -

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင်လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ ရာထူးသက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့်အညီဖြစ်သည်။

(ဂ) ကောင်စီဝင် တစ်ဦးဦးသည် ကောင်စီဝင်ရာထူးသက်တမ်း တစ်ဆက်တည်းနှစ်ကြိမ်အထိသာဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဃ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီ အသစ်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရမည်။

၁၁။ ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့် နေရာအလိုက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်သည်။

၁၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ ကောင်စီဝင်အဖြစ်မှ ရပ်စဲစေရမည်-

(က) သေဆုံးခြင်း၊ စိတ်ပေါ့သွပ်ခြင်း သို့မဟုတ် သာသနာ့ဘောင်သို့ အပြီးကူးပြောင်းခြင်း၊

(ခ) နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ အစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်းသုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ကြားခြင်းမရှိဘဲ ပြည်ပသို့ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(င) မှတ်ပုံတင်စာရင်းနှင့် လိုင်စင်ပယ်ဖျက်ခံရခြင်း၊

(စ) ကျင့်ဝတ်သိက္ခာပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

၁၃။ ကောင်စီဖွဲ့စည်းခြင်းနှင့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

*စာမျက်နှာ ခ သို့*

စာမျက်နှာ က မှ

## အခန်း (၄)
## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) သူနာပြုနှင့် သားဖွားလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ကွပ်ကဲနိုင်ရန်သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်သူနာပြု၊ သားဖွားလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) ပြည်ပရှိ သူနာပြု သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အသိအမှတ်ပြုရေးအတွက် အရည်အချင်းစစ်ဆေးရန် ကင်းလွတ်ခွင့်ပေးခြင်း၊

(ဂ) ပြည်တွင်းပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို အရည်အချင်း စစ်ဆေးရန် ကင်းလွတ်ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ဃ) သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် အကြောင်းပေါ်ပေါက်ပါကကောင်စီဝင်တစ်ဦးဦးက ဦးဆောင်၍ အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကောင်စီဝင် ၃ ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီး တွေ့ရှိချက် အစီရင်ခံစာကိုကောင်စီသို့ တင်ပြစေခြင်း၊

(င) မှတ်ပုံတင်ကြေး၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ခြင်းနှင့်ကောက်ခံခြင်း၊

(စ) သူနာပြုနှင့်သားဖွားများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) အစိုးရဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ သူနာပြုစုစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်၍အခါအားလျော်စွာဆန်းစစ်အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာတို့ကို နိုင်ငံတကာအဆင့်မီစေရန် ဆောင်ရွက်ခြင်း၊ ယင်းအတတ်ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ညီ မညီ အခါအားလျော်စွာ စစ်ဆေး၍ လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဈ) ပုဂ္ဂလိကသူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်အကဲဖြတ်ချက်များပြုလုပ်ပြီး ခွင့်ပြုရန်သင့် မသင့် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြပြီးခွင့်ပြုပါက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊

(ည) သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတွင် လေ့ကျင့်သင်ကြားမှုများနှင့်စပ်လျဉ်း၍ အရည်အချင်းပြည့်မီခြင်း စံချိန်စံညွှန်းကိုက်ညီခြင်း ရှိ မရှိ အခါအားလျော်စွာ ဆန်းစစ်အကဲဖြတ်ခြင်း၊

(ဋ) သူနာပြုနှင့် သားဖွားဆိုင်ရာ အကျိုးပြုမည့် လုပ်ငန်းကိစ္စရပ်များကို ပြည်တွင်းပြည်ပရှိအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) အစိုးရဆေးရုံ၊ ဆေးခန်းများနှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့်သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်တို့ကိုဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးခြင်း၊

(ဍ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့် သားဖွားတို့၏ ဝတ်စုံနှင့် အဆောင်အယောင်များကို အသိအမှတ်ပြုခြင်း၊

(ဎ) ကောင်စီ၏ ရုံးအဖွဲ့ကို ဖွဲ့စည်း၍ သင့်လျော်သော သတ်မှတ်လစာနှုန်းထားများဖြင့် လိုအပ်သော ဝန်ထမ်းများကို ကာလသတ်မှတ်ချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းနှင့် ထုတ်ပယ်ခြင်း၊

(ဏ) ကောင်စီပုံမှန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် နှစ်ပတ်လည်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပခြင်း၊

(တ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း

၁၅။ ကောင်စီသည်-

(က) မိမိ၏ လုပ်ငန်းတာဝန်များကို ကောင်စီကိုယ်စား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အဖွဲ့ဝင် ၁၅ ဦး ထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်-

| | | |
|---|---|---|
| (၁) | ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ကောင်စီဝင်များ | အဖွဲ့ဝင်များ |
| (၄) | ကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |
| (၅) | ကောင်စီတွဲဖက် အတွင်းရေးမှူး | တွဲဖက် အတွင်းရေးမှူး |

(ခ) မိမိ၏ လုပ်ငန်းတာဝန်များကိုပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ငါးဦးထက် မပိုသော ကောင်စီဝင်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့်အဖွဲ့ဝင် ၁၀ ဦးထက်မပိုသောအောက်ဖော်ပြပါလုပ်ငန်းကော်မတီများကိုသတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမည်-

(၁) သူနာပြုသားဖွားအတတ်ပညာနှင့် လုပ်ငန်းအဆင့်အတန်း စံချိန်စံညွှန်း သတ်မှတ်ရေးလုပ်ငန်းကော်မတီ၊

(၂) သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေး အာမခံမှုအကဲဖြတ်ရေးလုပ်ငန်းကော်မတီ၊

(၃) သူနာပြုသားဖွား ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

(၄) သူနာပြုသားဖွား စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီ၊

(၅) သူနာပြုသားဖွားဆိုင်ရာ အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများ။

## အခန်း (၆)
## မှတ်ပုံတင်ခြင်း

၁၆။ (က) ကောင်စီက ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဈ) အရ အသိအမှတ်ပြုသော ပြည်တွင်းရှိ သူနာပြု သားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၁၇။ (က) ကောင်စီက ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့အရ အသိအမှတ်ပြုသော ပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်ရရှိသူသည် သူနာပြုအဖြစ်သော်လည်းကောင်း၊ သားဖွားအဖြစ်သော်လည်းကောင်း၊ သူနာပြုသားဖွားအဖြစ်သော်လည်းကောင်း မှတ်ပုံတင်ပေးရန်ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်းစစ်ဆေးမှု ပြုလုပ်၍ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန်ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီးလျှောက်ထားသူအား ကာလသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးရမည်။

၁၈။ (က) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသောလိုအပ်ချက်များနှင့်အညီဆောင်ရွက်၍ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန်ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ပြန်လည်မှတ်ပုံတင်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ်ထုတ်ပေးရမည်။

## အခန်း (၇)
## လိုင်စင်နှင့် ကန့်သတ်လိုင်စင်

၁၉။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ရရှိသူသည် သူနာပြု အတတ်ပညာဖြင့် ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွား အတတ်ပညာဖြင့်ဖြစ်စေလုပ်ကိုင်လိုပါက သက်ဆိုင်ရာလိုင်စင်ကိုထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များသတ်မှတ်၍သက်ဆိုင်ရာလိုင်စင်ကို ထုတ်ပေးရမည်။

၂၀။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေလုပ်ကိုင်လိုပါက လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါကသတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား သက်ဆိုင်ရာလိုင်စင်ကို စည်းကမ်းချက်များသတ်မှတ်၍ ထုတ်ပေးရမည်။

၂၁။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်ရရှိသော နိုင်ငံခြားသားသည် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေလုပ်ကိုင်လိုပါက ကန့်သတ်လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ကန့်သတ်လိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ကန့်သတ်လိုင်စင်ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအားကန့်သတ်လိုင်စင်ကိုစည်းကမ်းချက်များ သတ်မှတ်၍ထုတ်ပေးရမည်။

၂၂။ (က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ (က) သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် သူနာပြုအတတ်ပညာဖြင့်ဖြစ်စေ၊ သားဖွားအတတ်ပညာဖြင့်ဖြစ်စေ၊ သူနာပြုသားဖွားအတတ်ပညာဖြင့်ဖြစ်စေ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန်အဆိုပါ သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ်ငြင်းပယ်ခြင်းပြုနိုင်သည်။ သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုးမြှင့်ကြေးကို ပေးသွင်းစေပြီး လျှောက်ထားသူအား စည်းကမ်းချက်များ သတ်မှတ်၍ သက်ဆိုင်ရာ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရမည်။

၂၄။ (က) ပုဒ်မ ၂၇ အရ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခံရပါက လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ပြန်လည်ထုတ်ပေးရန် ကောင်စီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ပြန်လည် ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသောလိုင်စင်ကြေးကို ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၈)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၂၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းအတွင်း သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ခ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သားဖွားလိုင်စင်ရရှိပြီးသူသည် သူနာပြုသင်တန်း တက်ရောက်အောင်မြင်ပြီးပါက သားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြုသားဖွားမှတ်ပုံတင်နှင့် လိုင်စင်ကို လျှောက်ထားနိုင်သည်။

(ဃ) သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက်ဖြစ်စေ၊ သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားလိုင်စင်ရရှိပြီးနောက်ဖြစ်စေ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားနှင့် စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်မံရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန် တင်ပြရမည်။

(င) သူနာပြုနှင့် သားဖွားကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် မိမိ၏သိက္ခာကို ထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(စ) ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဝတ်စုံနှင့် အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဆ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေ အခန်း(၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။

(ဇ) လိုင်စင်နှင့် စပ်လျဉ်း၍ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို အယူခံပါက ဝန်ကြီးဌာန၏အယူခံဆုံးဖြတ်ချက်အရ ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါ လိုင်စင်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၉)
## ကန့်သတ်လိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၂၆။ ကန့်သတ်လိုင်စင်ရရှိသူသည် ဤဥပဒေအခန်း (၈) ပါလိုင်စင်ရရှိသူ၏ တာဝန်နှင့်ရပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း

၂၇။ ကောင်စီသည် -

(က) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုင်စင် သို့မဟုတ်

စာမျက်နှာ ဃ ❍

# လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေပြဋ္ဌာန်း

**လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း လူဦးရေသိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်းနှင့် ကလေးမွေးဖွားနှုန်းမြင့်မားခြင်းတို့ မဖြစ်စေရန် ထိန်းညှိခြင်းကို ဆိုသည်။

(ခ) **ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများပါဝင်သည်။

(ဂ) **သားဆက်ခြားခြင်း** ဆိုသည်မှာ အိမ်ထောင်ရှင်မိခင်တစ်ဦး ကလေးမွေးဖွားပြီးနောက် အနည်းဆုံး ၃၆ လ ခြားပြီးမှ နောက်ထပ်ကလေးမွေးဖွားခြင်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးဌာနက သတ်မှတ်တာဝန်ပေးသော ဦးစီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့လည်း ပါဝင်သည်။

(ဆ) **မြို့နယ်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြို့နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုဘဝ မြင့်မားစေရေးအတွက် အထောက်အကူပြုနိုင်ရန်၊

(ခ) အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ ရရှိစေရန်၊

(ဂ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**
**ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်း**

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေသိပ်သည်းမှုများပြားခြင်း၊ လူဦးရေတိုးပွားနှုန်း မြင့်တက်ခြင်း၊ ကလေးမွေးဖွားနှုန်းမြင့်မားခြင်း၊ မိခင်နှင့် ကလေးသေနှုန်းမြင့်မားခြင်းနှင့် ပြောင်းရွှေ့နေထိုင်မှုနှုန်း မြင့်မားခြင်းတို့ကြောင့် လူဦးရေနှင့် သယံဇာတအရင်းအမြစ် အချိုးညီမျှမှုမရှိခြင်း၊ လူမှုစီးပွားရေးအညွှန်းကိန်းများ နိမ့်ကျခြင်းနှင့်ဒေသတွင်း စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းတို့ ပေါ်ပေါက်ခြင်း ရှိမရှိနှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ် ရှိ မရှိတို့ကို သုံးသပ်ရန် ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ စစ်တမ်းကောက်ယူနိုင်သည်။

၅။ ပုဒ်မ ၄ ပါ အချက်များ ပေါ်ပေါက်ကြောင်းနှင့် နောင်တွင် ယင်းသို့ ပေါ်ပေါက်လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေအုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

၆။ ပုဒ်မ ၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွက်လည်းကောင်း ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ပုဒ်မ ၆ အရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသအဖြစ် သတ်မှတ်လျှင်-

(က) ဝန်ကြီးဌာနသည် ယင်းဒေသများအတွက် မိမိ၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ကို ဖွဲ့စည်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၈။ (က) ကျန်းမာရေးစောင့်ရှောက်မှုကို ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်းတွေ့ရှိရပါက ပြည်ထောင်စုနယ်မြေဖြစ်လျှင် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်ရေးအဖွဲ့က နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို လက်ခံရရှိပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း (၄)**
**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ**

၉။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ လိုအပ်သလို လမ်းညွှန်ခြင်း၊

(ခ) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ဦးစီးဌာနများနှင့်ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဂ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) လက်ခံရရှိသောဆေးဝါးများ အရည်အသွေးပြည့်မီခြင်း ရှိ မရှိနှင့် အသုံးပြုရန် သင့်မသင့် စစ်ဆေးခြင်း၊

(င) ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဖြူးခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်မည့်သူများ၏ အရည်အသွေး တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူဦးရေပြောင်းလဲမှု၊ လူဦးရေနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် အပြန်အလှန်ဆက်စပ်မှုကို သုတေသနပြုခြင်း။

**အခန်း (၅)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၀။ (က) ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည်-

(၁) လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(၂) ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ

(၃) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ပညာရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံး — အဖွဲ့ဝင်

(၅) ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ဦးစီးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးရုံး — အဖွဲ့ဝင်

(၇) ဆေးရုံအုပ်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်

(၈) သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်

(၉) ကလေးအထူးကုဆရာဝန်ကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ဆေးရုံကြီး — အဖွဲ့ဝင်

(၁၀) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်

(၁၁) ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်

(၁၂) ကိုယ်စားလှယ်တစ်ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းခွဲ၊ မြန်မာနိုင်ငံဆရာဝန်အသင်း — အဖွဲ့ဝင်

(၁၃) အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၄) ဦးစီးဌာနမှူးများ၊ သက်ဆိုင်ရာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၅) ဒုတိယဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် ပြည်ထောင်စုနယ်မြေအတွက် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့သည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအတွက် ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၂။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာနကဖြန့်ဝေသော ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လက်ခံရယူခြင်း၊ ဖြန့်ဖြူးခြင်းနှင့် မှတ်တမ်းပြုစုခြင်း၊

(င) ပြည်တွင်း ပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လက်ခံရရှိသောဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာအသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှု ခံယူရမည့်သူများ လိုက်နာရန်အချက်များ သတ်မှတ်ခြင်းနှင့် ကျန်းမာရေးအသိပညာ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်စေရေးအတွက် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းနှင့် အသိပညာပေးခြင်း၊

(ဈ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၆)**
**မြို့နယ်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၃။ ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော မြို့နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန — ဥက္ကဋ္ဌ

(ခ) ဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဦးစီးဌာနမှူး၊မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး — အဖွဲ့ဝင်

(င) ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်

(စ) ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း — အဖွဲ့ဝင်

(ဆ) အတွင်းရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်း — အဖွဲ့ဝင်

(ဇ) ဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ — အဖွဲ့ဝင်

(ဈ) သက်ဆိုင်ရာမြို့နယ်မှ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဆရာဝန်တစ်ဦး — အဖွဲ့ဝင်

(ည) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး — အတွင်းရေးမှူး

၁၄။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ မြို့နယ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသတွင် နေထိုင်သူများအတွက် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို ပြည်သူများအား အခမဲ့ဖြန့်ဝေခြင်း၊

(ဃ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊

(င) အိမ်ထောင်ရှင်ဇနီးမောင်နှံများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း၊

(စ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေးတိုးတက်စေရေးအတွက် အိမ်ထောင်ရှင်ဇနီးမောင်နှံများကို သားဆက်ခြားခြင်း နည်းလမ်းများကို ကျင့်သုံးစေရန် ပညာပေးစည်းရုံးဆောင်ရွက်ခြင်း၊

(ဆ) ပျို့ရွယ်သူမျိုးပွားကျန်းမာရေးဖွံ့ဖြိုးရေးဆိုင်ရာ သတင်းအချက်အလက်များကို လူငယ်လူရွယ်များ သိရှိလက်လှမ်းမီစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဇ) သားဆက်ခြားခြင်းနှင့်ဆိုင်သော သတင်းအချက်အလက်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အသိပညာပေးခြင်း၊

(ဈ) လှူဒါန်းသော ငွေ၊ ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လက်ခံခြင်း၊ စနစ်တကျသုံးစွဲခြင်းနှင့် မှတ်တမ်းများ ထားရှိခြင်း၊

(ည) လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သို့ လစဉ်အစီရင်ခံစာတင်ပြခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

*စာမျက်နှာ ဃ သို့* ●

❍ စာမျက်နှာ ခ မှ

ကန့်သတ်လိုင်စင် စည်းကမ်းချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) ကာလအကန့်အသတ်ဖြင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ယာယီရပ်ဆိုင်းခြင်း၊

(၄) မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ်ကန့်သတ်လိုင်စင် ပယ်ဖျက်ခြင်း။

(ခ) လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင်ရရှိသူက ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူ၏မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

**အခန်း (၁၁)**

**အယူခံခြင်း**

၂၈။ ကောင်စီက ချမှတ်သည့် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည် -

(က) ပြည်တွင်း ပြည်ပရှိ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို စိစစ်၍ အရည်အချင်းစစ်ဆေးပြီး အသိအမှတ်ပြုရန် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ခ) မှတ်ပုံတင်ရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ဂ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(ဃ) မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန်ဖြစ်စေ ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့်ဆုံးဖြတ်ချက်ကိုပယ်ဖျက်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ဖြစ်စေ၊ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးရန်ဖြစ်စေ ပြန်လည်လျှောက်ထားချက်ကို ဆိုင်းငံ့သည့် သို့မဟုတ် ငြင်းပယ်သည့် ဆုံးဖြတ်ချက်၊

(င) ပုဒ်မ ၂၇ အရ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ရသူအား ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်။

၂၉။ ပုဒ်မ ၂၈ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် ကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ ချမှတ်သော ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၂)**

**ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခြင်း**

၃၁။ ပုဂ္ဂလိကသူနာပြု သားဖွားအတတ်ပညာသင်ကျောင်း တစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ် သင်ကြားလိုသူသည် -

(က) လုပ်ငန်းလိုင်စင်ရရှိရန် ကောင်စီမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) မိမိဖွင့်လှစ်မည့်သင်တန်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲ၍ သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်းပြီး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ရန် ကောင်စီသို့ တင်ပြရမည်။

(ဂ) လုပ်ငန်းအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သီးသန့်အချိန်တို သင်တန်းများကို ဖွင့်လှစ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့တင်ပြရမည်။

၃၂။ ကောင်စီသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါတင်ပြချက်အရ ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုရန် သင့် မသင့် သဘောထားမှတ်ချက်ကို ဝန်ကြီးဌာနနှင့် လျှောက်ထားသူထံသို့ ပြန်ကြားရမည်။ခွင့်ပြုပါကအသိအမှတ်ပြုခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၃၂ အရ ကောင်စီက အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပါက ပုဂ္ဂလိကသူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတည်ထောင်ဖွင့်လှစ်ခွင့်ပြု၍ လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းကမ်းချက်များနှင့်လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လုပ်ငန်းလိုင်စင်ကြေးပေးသွင်းစေခြင်းပြုပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၃၄။ ပုဂ္ဂလိက သူနာပြု၊ သားဖွား၊သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင် ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လေ့ကျင့်သင်ကြားရေးအတွက်လိုအပ်ချက်များ၊သင်ကြားသည့်သင်ရိုးညွှန်းတမ်းများ၊ ကျောင်းဝင်ခွင့် အရည်အချင်းများ၊ သင်ကြားမှုစနစ်များ၊ သင်ကြားပို့ချသူများ၏ အရည်အချင်းများ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းကိရိယာများနှင့် စာမေးပွဲစစ်ဆေးကျင်းပမှုများစသည်တို့နှင့်စပ်လျဉ်း၍ ကောင်စီ၏တာဝန်ပေးအပ်ချက်အရ သူနာပြုသားဖွားပညာရေးနှင့် လုပ်ငန်းအရည်အသွေးအာမခံမှုအကဲဖြတ်ရေးလုပ်ငန်းကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူပြီး ယင်းလုပ်ငန်းကော်မတီကိုလိုအပ်သော အကူအညီများ ပေးရမည်။

(ဂ) လေ့ကျင့်သင်ကြားမှုအခြေအနေကိုလည်းကောင်း၊ သူနာပြုသားဖွားများ အရည်အသွေးနှင့် အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့အစီရင်ခံရမည်။

(ဃ) လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနနှင့် ကောင်စီတို့၏ အခါအားလျော်စွာ ညွှန်ကြားချက်ကို လိုက်နာရမည်။

**အခန်း (၁၃)**

**တားမြစ်ချက်များ**

၃၅။ မည်သူမျှ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများက ဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေ ထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့်ကောင်စီကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု ၊သားဖွား၊ သူနာပြုသားဖွား အတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၃၆။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် ကန့်သတ် လိုင်စင်မရှိဘဲ သူနာပြုလုပ်ငန်း၊ သားဖွားလုပ်ငန်း သို့မဟုတ် သူနာပြုသားဖွားလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၇။ မည်သူမျှ လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဟုတ်ဘဲ ကောင်စီက ကျွမ်းကျင်မှုနှင့်အဆင့်အလိုက် သတ်မှတ်ထားသော သို့မဟုတ် အတည်ပြုထားသော သူနာပြု၊ သားဖွား သို့မဟုတ်သူနာပြုသားဖွား၏ ဝတ်စုံနှင့် အဆောင်အယောင်များကို မရိုးမဖြောင့်သော သဘောဖြင့် ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း သို့မဟုတ် တပ်ဆင်ခြင်းမပြုရ။

၃၈။ မည်သည့် လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမျှ-

(က) မိမိ၏လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေးခြင်း၊ လုပ်ငန်းလုပ်ကိုင်စေခြင်း သို့မဟုတ် အသုံးပြုစေခြင်းမပြုရ။

(ခ) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

**အခန်း (၁၄)**

**ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို ပုဒ်မ ၃၅ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သူမဆို -

(က) ပုဒ်မ၃၆ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး သူနာပြု သို့မဟုတ် သားဖွားအလုပ်ကို ပြုလုပ်ရာ၌ သူတစ်ဦးဦးသေဆုံးစေခြင်း သို့မဟုတ် ပြင်းထန်သော ဒဏ်ရာရရှိစေခြင်းဖြစ်ပါက ထိုသူကိုအနည်းဆုံး သုံးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သည့်လိုင်စင်ရရှိသူ သို့မဟုတ် ကန့်သတ်လိုင်စင် ရရှိသူမဆို ပုဒ်မ ၃၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၅)**

**ဘဏ္ဍာရေး**

၄၃။ ကောင်စီသည် -

(က) ကောင်စီ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(၁) ဤဥပဒေအရ ပေးသွင်းသော မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေး၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများ၊

(၂) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၃) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

(ခ) ပုဒ်မခွဲ (က) အရ ထူထောင်သည့် ရန်ပုံငွေဖြင့် ရပ်တည်နိုင်ရန် ကြိုးပမ်းရမည်။

(ဂ) ချက်ချင်းအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားစေရန် ငွေစုဘဏ်တွင် အပ်နှံစုဆောင်းနိုင်သည်။

(ဃ) ကောင်စီရုံးနှင့် စာမေးပွဲခန်းမ၊ သင်တန်းနှင့်လက်တွေ့လေ့ကျင့်သရုပ်ပြခန်းများ၊ အစည်းအဝေးခန်းမ၊ အဆောင်များအတွက် လိုအပ်သောမြေနှင့် အဆောက်အအုံတို့၏ ကုန်ကျစရိတ်ကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှနိုင်ငံတော်အစိုးရ၏ ထည့်ဝင်မှုအနေဖြင့် ထောက်ပံ့နိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြတောင်းခံနိုင်သည်။

၄၄။ ကောင်စီသည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်းနှင့်စာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသတ်မှတ်ပြီး လိုက်နာဆောင်ရွက်ရမည်။

**အခန်း (၁၆)**

**အထွေထွေ**

၄၅။ ကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့် ကောင်စီပိုင်တံဆိပ်တစ်ခုရှိသော တရားဝင်အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့အမည်ဖြင့် တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိသည်။

၄၆။ ကောင်စီသည် ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန် တာဝန်များကိုလည်းကောင်းအသီးသီး ဆက်ခံရမည်။

၄၇။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့်ဆောင်ရွက်သည့်ကောင်စီဝင်များ၊ ကောင်စီက ဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေး အဖွဲ့ဝင်များကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၄၈။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကောင်စီကဖွဲ့စည်းသော အဖွဲ့အစည်းတစ်ရပ်ရပ်မှ အဖွဲ့ဝင်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့်တရားစွဲဆိုရာတွင်ဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၅၀။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၅၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သူနာပြုနှင့်သားဖွားဆိုင်ရာ ဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ သူနာပြုနှင့် သားဖွားဆိုင်ရာဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၉/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

---

● စာမျက်နှာ ဂ မှ

**အခန်း (၇)**

**အထွေထွေ**

၁၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့နှင့်မြို့နယ်အဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၇။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၈။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပူးပေါင်းကူညီဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရမည့် ဒေသမဟုတ်သော တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတွင် ဝန်ကြီးဌာနက ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေ အုပ်ချုပ်မှုအဖွဲ့နှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပြဋ္ဌာန်း

**ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။)**
**၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်**
**( ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် သက်ဆိုင်ခြင်း**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေယာဉ်**ဆိုသည်မှာ ခရီးသည်နှင့်ကုန်စည်တစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း၌ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်များသည် လည်းကောင်း၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲနှင့် ရေတွင်ပေါ်သောအခြားတွဲများသည်လည်းကောင်း၊ လေကူရှင်သုံးရေယာဉ်၊ အပျော်စီးရေယာဉ်၊ ဖောင်နှင့် ရွက်လှေများသည်လည်းကောင်း ပါဝင်သည်။

(ဂ) **ပြည်တွင်းရေကြောင်း**ဆိုသည်မှာ နိုင်ငံတော်အတွင်း ရေယာဉ်သွားလာနိုင်သော မြစ်၊ ချောင်း၊ တူးမြောင်း၊ အင်း သို့မဟုတ် ရေကန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အခြားရေပြင်ဧရိယာတစ်ခုခုလည်းပါဝင်သည်။

(ဃ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသောရေယာဉ်ကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ပိုင်ရှင်က လွှဲအပ်တာဝန်ပေးထားသော မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်တို့ ပါဝင်သည်။

(င) **တိုင်းတာစစ်ဆေးရေးမှူး**ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေးရန် ဤဥပဒေအရတာဝန်ပေးအပ်ထားသူကို ဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များကိုစစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဆ) **ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်**ဆိုသည်မှာ ရေယာဉ် အန္တရာယ်ကင်းရှင်းစေရန် ဤဥပဒေနှင့်အညီလိုအပ်သည့် တည်ဆောက်မှု၊ တပ်ဆင်မှုနှင့်ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေး အတည်ပြုထားသည့်အထောက်အထားသက်သေခံလက်မှတ်ကို ဆိုသည်။

(ဇ) **တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာ**ဆိုသည်မှာ ရေယာဉ်ကို တိုင်းတာစစ်ဆေးတွေ့ရှိမှုအခြေအနေကို ဖော်ပြသော အစီရင်ခံစာကို ဆိုသည်။

(ဈ) **အမြန်ရေယာဉ်**ဆိုသည်မှာ အောက်ပါရေယာဉ်တစ်မျိုးမျိုးကို ဆိုသည်-

(၁) ပြည်တွင်းရေကြောင်းအတွင်း တစ်နာရီရေမိုင် ၁၅ မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သော ရေယာဉ်၊

(၂) ရေယာဉ်အလျားနှင့် ဗျက်အချိုးသည် ၇ နှင့်အထက်ရှိပြီး တစ်နာရီရေမိုင် ၁၂ မိုင်နှုန်းနှင့်အထက် မောင်းနှင်နိုင်သောရေယာဉ်၊

(၃) ရေမျက်နှာပြင်ပေါ်တွင်ရှပ်ပြီး လူပ်ရှားသွားလာနိုင်သော ရေယာဉ်၊

(၄) ရေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ရေပြင်နှင့်ထိစပ်၍သော်လည်းကောင်း၊ ရေပြင်မှကင်းလွတ်၍သော် လည်းကောင်း မောင်းနှင်နိုင်သောရေယာဉ်။

(ည) **ပတ်ဝန်းကျင်ညစ်ညမ်းမှု**ဆိုသည်မှာ ပြည်တွင်းရေကြောင်းတွင် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကိုသော်လည်းကောင်း၊ ရေထု၊ လေထုပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့တို့၏ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု၊ ဆုံးရှုံးနစ်နာစေမှု၊ ပြောင်းလဲစေမှု သို့မဟုတ် သက်ရောက်စေမှုကိုသော်လည်းကောင်း ဆိုသည်။

(ဋ) **ခရီးစဉ်**ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ် ထွက်ခွာမည့်နေရာမှ ရောက်ရှိလိုသည့်နေရာအကြား ခရီးလမ်းကြောင်း တစ်လျှောက်ကို ဆိုသည်။ ယင်းစကားရပ်တွင်ရေယာဉ်ရပ်နား သည့်နေရာများလည်း ပါဝင်သည်။

(ဌ) **ဝန်တင်မျဉ်း**ဆိုသည်မှာ ရေယာဉ်တွင် တင်ဆောင်သည့် ကုန်စည်များ၏ ဝန်အလေးချိန်အတွက် ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စည်းမျဉ်းများအရ ရေယာဉ်၏ကိုယ်ထည်တွင် ရေးဆွဲမှတ်သားထားသည့် ဝန်တင်မျဉ်းအမှတ်အသားကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဏ) **ရေယာဉ်အုပ်**ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူ၊ ရေယာဉ်အား ဦးစီးမောင်းနှင်ခြင်းတွင် အဓိက တာဝန်အရှိဆုံးသူကို ဆိုသည်။

(တ) **စက်ခန်းအုပ်**ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်၏ စက်ခန်းပိုင်းဆိုင်ရာကြီးကြပ်အုပ်ချုပ်သူ၊ အင်ဂျင်နီယာ သို့မဟုတ် စက်များကို ထိန်းသိမ်းမောင်းနှင်ခြင်းတွင် အဓိက တာဝန်အရှိဆုံးသူကို ဆိုသည်။

(ထ) **ရေယာဉ်ဝန်ထမ်း**ဆိုသည်မှာ ရေယာဉ်အုပ်မှအပ ဤဥပဒေနှင့်သက်ဆိုင်သောရေယာဉ်ပေါ်တွင် အလုပ်လုပ်ကိုင်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သူတစ်ဦးဦးကို ဆိုသည်။

(ဒ) **ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်**ဆိုရာတွင် ဤဥပဒေကို လိုက်နာ၍တည်ဆောက်ရမည့် ရေယာဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်ပုံစံထုတ်ခြင်းနှင့် ရေးဆွဲခြင်း၊ ဝန်တင်မျဉ်းတွက်ချက်ခြင်း၊ လုံးပေါင်းတန်ချိန် တွက်ချက်ခြင်း၊ ရေယာဉ်တည်ငြိမ်မှု တွက်ချက်ခြင်း၊ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုတွက်ချက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံဆောင်ရွက်ခြင်းနှင့် အခြားသောရေယာဉ်၏ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်လိုသူအား ဦးစီးဌာနကထုတ်ပြန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီးထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်တစ်ခုခုကို ဆိုသည်။

(ဓ) **ကုန်စည်**ဆိုရာတွင် ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် ခရီးသည်မှလွဲ၍ သက်ရှိ၊ သက်မဲ့ကုန်ပစ္စည်းအားလုံးပါဝင်သည်။

၃။ ဤဥပဒေသည် နိုင်ငံတော်၏ ပြည်တွင်းရေကြောင်းတွင်သွားလာသည့် မြန်မာသင်္ဘောများမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော ရေယာဉ်၊ ပြည်တွင်းရေကြောင်းသို့ ခေတ္တဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်နှင့်သက်ဆိုင်စေရမည်။ သို့ရာတွင် အောက်ပါရေယာဉ်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) စစ်ရေယာဉ်၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်။

**အခန်း(၂)**
**ရေယာဉ်များကိုတိုင်းတာစစ်ဆေးခြင်းနှင့်**
**ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးခြင်း**

၄။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့်ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ရမည်။

၅။ ဦးစီးဌာနသည် -

(က) ရေယာဉ်များအား တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သင့်လျော်သော နေရာဒေသများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သောနေရာဒေသများတွင် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဦးစီးဌာနမှ သက်ဆိုင်ရာအရာရှိများကို တိုင်းတာစစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ကိုယ်စားဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို စည်းကမ်းချက်များသတ်မှတ်၍ တာဝန်ပေးအပ်နိုင်သည်။

(ဃ) ရေယာဉ်များတိုင်းတာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးရန် ခွင့်ပြုနိုင်သည့် ရေယာဉ်အတန်းအစားများနှင့် အရေအတွက်တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာနိုင်သည်။

၆။ ဦးစီးဌာနသည် အမြန်ရေယာဉ်များအတွက် ပြေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များအား သတ်မှတ်ကြေညာပေးရမည်။

၇။ (က) တိုင်းတာစစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ပိုင်ရှင်သို့မဟုတ် ရေယာဉ်အုပ်သည် သတ်မှတ်ထားသည့် တိုင်းတာစစ်ဆေးမှုစရိတ်နှင့် အခကြေးငွေများကို ဦးစီးဌာနသို့ ကြိုတင်ပေးသွင်းရမည်။

(ခ) ရေယာဉ်များ တိုင်းတာစစ်ဆေးမှုခံယူရန် သတ်မှတ်ကြေညာထားသော ဆိပ်ကမ်းနေရာနှင့် အချိန်ဇယားအတွင်းမှအပ ရေယာဉ် ပိုင်ရှင်၏ တောင်းဆိုချက်အရ သွားရောက်တိုင်းတာစစ်ဆေးရလျှင် ကုန်ကျစရိတ်များကို တိုင်းတာစစ်ဆေးခြင်းခံယူသည့် ရေယာဉ်၏ပိုင်ရှင်က ကျခံရမည်။

၈။ (က) ရေယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ ရေယာဉ်ကို မှတ်ပုံတင်ခြင်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရယူခြင်းမပြုမီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) တိုင်းတာစစ်ဆေးရေးမှူးသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ရေယာဉ်အား သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ မရှိ တိုင်းတာစစ်ဆေးပြီး -

(၁) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(၂) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ညီညွတ်မှုမရှိပါက လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြရန် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာမိတ္တူကိုရေယာဉ်ပိုင်ရှင်ထံသို့ပေးပို့ရမည်။ ရေယာဉ်ပိုင်ရှင်က လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြလာသည့်အခါ ထပ်မံ၍တိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့်ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၉။ တိုင်းတာစစ်ဆေးရေးမှူးသည်-

(က) ရေယာဉ်အား တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဆောင်ရွက်ဆဲကာလ၌ ထိုလိုအပ်ချက်များသည် ရေယာဉ်ခုတ်မောင်းသွားလာခြင်းကိုထိခိုက်စေသည့် အကြောင်းကိစ္စရပ်များမဟုတ်သည့် အခြေအနေမျိုးတွင် ရေယာဉ်ပိုင်ရှင်အား စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်း ၃ လထက်မပိုသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်ကို တစ်ကြိမ် ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ထုတ်ပေးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်သက်တမ်းမကုန်မီထပ်မံ၍ တိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့်ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၀။ (က) ဦးစီးဌာနသည် ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)အရ တင်ပြသည့် တိုင်းတာစစ်ဆေးရေးမှူး၏စစ်ဆေးခြင်းအစီရင်ခံစာကို စိစစ်ပြီး လိုအပ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ရန်လိုအပ်ချက်ရှိပါက ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ထိသတ်မှတ်နိုင်သည်။

၁၁။ (က) မည်သည့်ရေယာဉ်ပိုင်ရှင်နှင့်ရေယာဉ်အုပ်မျှ ပြည်တွင်းရေကြောင်းတွင် သက်တမ်းရှိရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ် သို့မဟုတ် ယာယီလက်မှတ်မပါရှိလျှင်သော်လည်းကောင်း၊ အဆိုပါလက်မှတ်သည် အသုံးပြုမည့်ခရီးစဉ်၊ လုပ်ငန်းနှင့်အကျုံးဝင်မှု မရှိလျှင်သော်လည်းကောင်း ပြည်တွင်းရေကြောင်းသွားခရီးစဉ် သို့မဟုတ် လုပ်ငန်းတွင် အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၈ မှ*

(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်သည် ပြည်တွင်းရေကြောင်းသွားရေယာဉ်၏ ခရီးစဉ်တစ်ခုအတွင်း လမ်းခရီးကြားကာလတွင် ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းကုန်ဆုံးသွားသည့်အခါ ထိုသို့ကုန်ဆုံးသည့်နေ့မှ သက်တမ်းတိုးမြှင့်ပေးရန် ပြန်လည်စစ်ဆေးမှုခံယူနိုင်မည့်နေရာသို့ ရောက်ချိန်အထိ ရေယာဉ်ကိုအသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် အဆိုပါကြားကာလမှာ ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၁၂။ တိုင်းတာစစ်ဆေးရေးမှူးသည်-

(က) ရေယာဉ်များကြံ့ခိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေးအလို့ငှာ ပြည်တွင်း ရေကြောင်းသွားရေယာဉ်ပေါ်သို့ တက်ရောက်၍ သင့်လျော်သည့်အချိန်တွင် ရေယာဉ်ကိုယ်ထည်၊ အင်ဂျင်နှင့် အခြားစက်ပစ္စည်းများကို တိုင်းတာစစ်ဆေးခြင်း၊ ရေယာဉ်ပေါ်ရှိ မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချခြင်း ဆောင်ရွက်မှုကိုမလိုအပ်ဘဲ ဟန့်တားမှုနှင့်နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့်အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်း ခရီးစဉ်ကိုထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၃။ စစ်ဆေးရေးအရာရှိသည်-

(က) ရေယာဉ်တွင် သက်တမ်းရှိ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသောကျွမ်းကျင်မှုလက်မှတ်များ ရှိ မရှိကိုလည်းကောင်း၊ ရေယာဉ်၏ စက်ပစ္စည်းကိရိယာများကောင်းမွန်မှု ရှိ မရှိနှင့် ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်း ရှိ မရှိတို့နှင့် စာရွက်စာတမ်းအထောက်အထားများကို လည်းကောင်း သင့်လျော်သည့်အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချခြင်း ဆောင်ရွက်မှုကိုမလိုအပ်ဘဲ ဟန့်တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်းခရီးစဉ်ကိုထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၄။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည် တိုင်းတာစစ်ဆေးရေးမှူးက တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ စစ်ဆေးရေးအရာရှိက စစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်းကောင်း လိုအပ်သောအကူအညီများပေးခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့် စစ်ဆေးခြင်းများလွယ်ကူချောမွေ့စေရန် လိုအပ်သည့် အထောက်အကူပစ္စည်းများနှင့် ရေယာဉ်၏ သက်ဆိုင်ရာသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးရမည်။

၁၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ဦးစီးဌာနမှ ခွင့်ပြုပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို လက်ခံရရှိပါက ရေယာဉ်အသုံးပြုစဉ်ကာလအတွင်း အဆိုပါလက်မှတ်၏ မူရင်းခွဲမိတ္တူကို ရေယာဉ်ပေါ်တွင် လူအများအလွယ်တကူမြင်နိုင်သောနေရာ၌ ထိုလက်မှတ်သက်တမ်း ကုန်ဆုံးသည့်အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကို ရုပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍သတ်မှတ်ချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသော ရေယာဉ်သည် သတ်မှတ်ထားသော စံချိန်ညီညွတ်မှုမရှိတော့လျှင်သော်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်က သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း ထုတ်ပေးထားသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) ခရီးသည်နှင့် ကုန်စည်များကို ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်းမြုပ်သည်အထိ တင်ဆောင်သောရေယာဉ်၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို အနည်းဆုံး ၃ လ မှ ၆ လအထိ ရုပ်ဆိုင်းခြင်းပြုနိုင်သည်။

၁၇။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် ရုပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို ရုပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၃)
## ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များ၏ ကျွမ်းကျင်မှုလက်မှတ်များ

၁၈။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင်မှုအဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်များကို ကာလသတ်မှတ်၍ ရုပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လိုအပ်သော အခကြေးငွေများဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည်။

၁၉။ ကျွမ်းကျင်မှုလက်မှတ်ရရှိသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်သည်-

(က) မိမိမောင်းနှင်ခွင့်ရှိသော ရေယာဉ်ကို ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပြမပါဘဲ မောင်းနှင်ခွင့်ရှိသည်။

(ခ) ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး ဦးစီးဌာနက ယင်းတို့၏ ကျွမ်းကျင်မှုလက်မှတ်ကို ကာလသတ်မှတ်၍ရုပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုလျှင် ထိုသို့ရုပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်ခွင့်မရှိစေရ။ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်အပ်နှံရမည်။

(ဃ) ကျွမ်းကျင်မှုလက်မှတ်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၀။ ဦးစီးဌာနသည် -

(က) ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား ထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်ပုံစံများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) ကျွမ်းကျင်မှုအဆင့်အတန်းနှင့် အရည်အချင်းပြည့်မီသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များကို သတ်မှတ်ထားသော အရည်အချင်းစစ်ဆေးခပေးသွင်းစေပြီး ထုတ်ပေးနိုင်သည်။

(ဂ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ)အရ လျှောက်ထားချက်ကိုစိစစ်ပြီး သတ်မှတ်ထားသော ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်း စေ၍ ကျွမ်းကျင်မှုလက်မှတ်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၁။ မည်သည့် ရေယာဉ်ပိုင်ရှင်မျှ ရေယာဉ်အမျိုးအစားအလိုက်-

(က) ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို တာဝန်ပေးခုတ်မောင်းစေခြင်းမပြုရ။

(ခ) အနည်းဆုံးသတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်း အရေအတွက် အောက်လျှော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

၂၂။ မည်သူမျှ ရေယာဉ်အမျိုးအစားအလိုက် ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုရ။

## အခန်း (၄)
## ရေယာဉ်တည်ဆောက်ခြင်း

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား အင်ဂျင်နီယာကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရှိမရှိ စစ်ဆေးခြင်း၊ ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာလိုင်စင်များ ထုတ်ပေးခြင်း၊

(ခ) လိုအပ်သော အခကြေးငွေများနှင့် သက်ဆိုင်သော ကိစ္စရပ်များ သတ်မှတ်ခြင်း၊

(ဂ) ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း။

၂၄။ (က) ဤဥပဒေနှင့်သက်ဆိုင်သော ရေယာဉ်ကို တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(ခ)အရ ခွင့်ပြုပါက လိုင်စင်အမျိုးအစား၊ သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်၍ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရမည်။

(ဃ) မည်သူမျှ ပုဒ်မခွဲ(ဂ)အရ ထုတ်ပေးသောရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်မရှိဘဲ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း(၅)
## ရေယာဉ်များ၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်မဖြစ်ပေါ်စေရန် ကာကွယ်ခြင်းဆိုင်ရာကိစ္စရပ်များ

၂၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းရေကြောင်းတွင် အောက်ဖော်ပြပါအချက်များနှင့် စပ်လျဉ်း၍ သတ်မှတ်နိုင်သည်-

(က) ရေယာဉ်ပေါ်တွင် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း၊ ရေယာဉ်ချင်းတိုက်မိခြင်းနှင့် အခြားမတော်တဆမှုများမှ ကြိုတင်ကာကွယ်ရန် သတ်မှတ်ချက်များ၊

(ခ) ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်တားဆီးရေးအချက်များ နှင့် ရေယာဉ်ပေါ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို ကာကွယ်ရန်အတွက် ပစ္စည်းကိရိယာများထားရှိရန် သတ်မှတ်ချက်များ၊

(ဂ) ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်တွင် သယ်ဆောင်နိုင်သည့် အန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် နည်းလမ်းသတ်မှတ်ချက်များ၊

(ဃ) ပြည်တွင်းရေကြောင်းတွင် ကုန်စည်များတင်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစား သတ်မှတ်ချက်များနှင့်ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှုအတိုင်းအတာကို ခွဲခြားပြီး ကုန်စည်တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊

(င) ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပစ္စည်းကိရိယာထားရှိခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(စ) ရေယာဉ်တွင် ဆောင်ယူတပ်ဆင်ရမည့် အသံပေးအချက်ပြခြင်းနှင့် မီးအလင်းရောင်ဖြင့် အချက်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဆ) ခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံးပျက်စီးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဇ) သတ်မှတ်ထားသော ပြည်တွင်းရေကြောင်းတွင် ရေယာဉ်အမြန်နှုန်း သတ်မှတ်ချက်များ၊

(ဈ) ရေယာဉ်မောင်းနှင်ခြင်းနှင့် ရွက်လွှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ည) တွဲဆွဲရေယာဉ်များ တွဲဆွဲခြင်းနှင့် တွန်းသောရေယာဉ်များ ခုတ်မောင်းခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ၊

(ဋ) ရေယာဉ်ပေါ်တွင် အသင့်တင်ဆောင်ရန်လိုအပ်သည့် အသက်ကယ်ပစ္စည်း ကိရိယာများ၏ ပုံစံအမျိုးအစားနှင့် အရေအတွက် သတ်မှတ်ချက်များ၊

(ဌ) ရေယာဉ်ပေါ် တင်ဆောင်နိုင်သော ခရီးသည်ဆိုင်ရာ သတ်မှတ်ချက်များ၊

(ဍ) ခရီးသည်များနှင့် ကုန်စည်များ တင်ဆောင်ထားရှိခြင်းမပြုရန် တားမြစ်သည့်ရေယာဉ်၏ အပိုင်းအခြားနေရာများ သတ်မှတ်ခြင်း၊ ရေယာဉ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ပေးရမည့် တာဝန်သတ်မှတ်ချက်များ၊

(ဎ) ရေယာဉ်အမျိုးအစားအလိုက် ဝန်တင်မျဉ်းနှင့်ပတ်သက်သော စံနှုန်း သတ်မှတ်ချက်များ၊

(ဏ) ကုန်စည်တင်ဆောင်ခြင်းနှင့် ပတ်သက်သော စံနှုန်းသတ်မှတ်ချက်များ၊

(တ) ရေယာဉ်အမျိုးအစားအလိုက် ခန့်အပ်ရမည့် ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ် အရေအတွက်နှင့် တာဝန်ထမ်းဆောင်ရမည့် အနည်းဆုံး ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ချက်များ၊

(ထ) ရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေးကိရိယာများနှင့် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊

(ဒ) ရေယာဉ်ပိုင်ရှင်များက ကျင့်သုံးရမည့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု စနစ်သတ်မှတ်ချက်များ၊

(ဓ) သမားရိုးကျမဟုတ်သော ထူးခြားသည့် တာဝန်၊ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များအတွက် လိုက်နာရန် သတ်မှတ်ချက်များ။

၂၆။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများ လိုက်နာရမည့် အသေးစိတ်အချက်အလက်များကို သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များကိုလည်းကောင်း၊ ပုဒ်မခွဲ(က)အရ သတ်မှတ်ကြေညာချက်များကိုလည်းကောင်း ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ထိုသို့စစ်ဆေးရန် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူခြင်း ပြုရမည်။

၂၇။ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် ရေယာဉ်ပေါ်သို့ တင်ဆောင်သော၊ ရောက်ရှိနေသော သို့မဟုတ် တင်ဆောင်မည်ဖြစ်သော မည်သည့်အထုပ်အပိုးနှင့် လက်ဆွဲအိတ်တို့တွင်မဆို အန္တရာယ်ဖြစ်စေသော ပစ္စည်းများပါဝင်သည်ဟု သံသယရှိလျှင် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိလျှင်-

*စာမျက်နှာ ဆ သို့*

စာမျက်နှာ ၈ မှ

(က) အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းကို ရေယာဉ်ပေါ်သို့ တင်ဆောင်ရန် ငြင်းဆိုနိုင်သည်။

(ခ) ကုန်စည်တွင် မည်သည့်အန္တရာယ်ဖြစ်စေသော ပစ္စည်းပါဝင်သည်ဟု သေချာစေရန် ထိုပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးကြည့်ရှုနိုင်သည်။

၂၈။ မည်သူမျှ-

(က) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်ကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းတစ်မျိုးမျိုးကို ရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ခ) အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းထည့်ထားသည့် အထုပ်အပိုး၏ အပြင်ဘက်တွင် အထုပ်အပိုးအတွင်း ပါဝင်သောပစ္စည်း၏အကြောင်းကို ထင်ရှားအောင် မှတ်သားဖော်ပြထားခြင်းမရှိဘဲသော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှု အတိုင်းအတာကိုခွဲခြားပြီး ကုန်စည် တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုက်နာရမည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍ သော်လည်းကောင်း မည်သည့်အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းကိုမျှ ထိုရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် ရေယာဉ်ဖြင့် သယ်ဆောင်ခြင်းမပြုရ။

၂၉။ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည်-

(က) ကုန်စည်တင်ဆောင်သူက ပုဒ်မ ၂၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်၍ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်သို့ တင်ဆောင်လျှင်သော်လည်းကောင်း၊ အထုပ်အပိုးတွင် ပါဝင်သောပစ္စည်းသည် ရေယာဉ်နှင့်ခရီးသည်များအား အန္တရာယ်ဖြစ်စေနိုင်လျှင်သော်လည်းကောင်း ထိုထည့်သွင်းသော အထုပ်အပိုးအပါအဝင် အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို စွန့်ပစ်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ စွန့်ပစ်ခြင်းအတွက် ပေးလျော်ရန် တာဝန်မရှိသည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၃၀။ မည်သည့် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မျှ-

(က) ခရီးသည်များ အသက်အန္တရာယ်ကာကွယ်ရေးအတွက် ခွင့်ပြုထားသည့် ခရီးသည် အရေအတွက်အတိုင်း အသက်ကယ်ပစ္စည်းများ စီမံထားရှိခြင်းမရှိဘဲ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းခြင်းမပြုရ။

(ခ) ခရီးသည်တင် ရေယာဉ်နှင့်ကုန်စည်တင် ရေယာဉ်အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည် ဦးရေထက်ကျော်လွန်၍ သော်လည်းကောင်း၊ ဝန်တင်မျဉ်းအမှတ်အသားမြုပ်သည်အထိ သော်လည်းကောင်း ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ခြင်း မပြုရ။

(ဂ) သတ်မှတ်ချက်များနှင့်အညီ ဝန်တင်မျဉ်းအမှတ်အသား ပြုလုပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) ဝန်တင်မျဉ်းအမှတ်အသားကို ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲမှတ်သားခြင်း၊ ဝန်တင်မျဉ်း အမှတ်အသားကို ဖုံးကွယ်ခြင်း၊ ပုံသဏ္ဌာန်ပျက်အောင် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ခြင်းမပြုရ။

(င) သူတစ်ဦးဦးက ပြင်ဆင်ပြောင်းလဲမှတ်သားထားသည့်၊ ဖုံးကွယ်ထားသည့်၊ ပုံသဏ္ဌာန်ဖျက်ထားသည့် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ထားသည့် ဝန်တင်မျဉ်းအမှတ်အသားဖြင့် ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းခြင်းမပြုရ။

(စ) ရေယာဉ်အမိုးပေါ်နှင့် ရေယာဉ်ဘေးတွင်ဖြစ်စေ၊ ရေယာဉ်ပေါ်ရှိ တားမြစ်ထားသော အခြားနေရာများတွင်ဖြစ်စေ ကုန်စည်နှင့် ခရီးသည်များ တင်ဆောင်ခြင်းမပြုရ။

၃၁။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်တို့သည် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ပြီးခွင့်ပြုထားသော ခရီးသည်ဦးရေထက် ကျော်လွန်၍ တင်ဆောင်ပါက ထိုသို့ကျော်လွန်သည့်ခရီးသည်တစ်ဦးစီအတွက် ခရီးသည် လက်မှတ်ခ၏ ၁၀ ဆကို ဒဏ်ကြေးငွေအဖြစ် ဦးစီးဌာနသို့ ပေးဆောင်စေရမည်ဖြစ်ပြီး ထိုသို့ကျော်လွန်သော ခရီးသည်များကို အနီးဆုံးသင့်လျော်ရာဆိပ်ကမ်းတွင် ရေယာဉ်ပေါ်မှ ချထားစေရမည်။ ထိုသို့ချထားစေသည့် အစီအမံများအတွက် ရေယာဉ်ပိုင်ရှင်က တာဝန်ယူဆောင်ရွက်ရမည့်အပြင် အဆိုပါချထားခြင်းခံရသော ခရီးသည်၏ ကျန်ရှိသော ခရီးစဉ်ပြီးဆုံးရောက်ရှိသည်အထိ ကုန်ကျစရိတ်ကို ရေယာဉ်ပိုင်ရှင်က ကျခံရမည်။

၃၂။ မည်သည့် ရေယာဉ်ပိုင်ရှင်မျှ ခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံးပျက်စီးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားခြင်းမရှိဘဲ ရေယာဉ်တွင် ခရီးသည်နှင့်ကုန်စည်များကို သယ်ယူပို့ဆောင်ခြင်းမပြုရ။

## အခန်း (၆)
## ပတ်ဝန်းကျင်ညစ်ညမ်းမှုများမဖြစ်စေရန် ကာကွယ်တားဆီးခြင်း

၃၃။ ဦးစီးဌာနသည် -

(က) ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ခြင်းမှ ကာကွယ်တားဆီးရန်အလို့ငှာ ရေယာဉ်များမှ ရေနံသို့မဟုတ် ရေနံရောထားသောပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အခိုးအငွေ့များနှင့် ညစ်ညမ်းစေသည့် ပစ္စည်းတစ်မျိုးမျိုးအား စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် မတော်တဆယိုဖိတ် ခြင်း၊ ယိုစိမ့်ခြင်းတို့မဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အရ သတ်မှတ်ထားသော ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သောအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်းပြုရမည်။

(ခ) ရေယာဉ်မှ ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် အခိုးအငွေ့များ၊ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများ၊ ရေနံနှင့် ရေနံရောထားသောပစ္စည်းများနှင့် အခြားပစ္စည်းများကို ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်းနှင့် ယိုဖိတ်ခြင်း ရှိ မရှိ စစ်ဆေးရန်နှင့် လိုအပ်သလို အရေးယူဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများအား တာဝန်ပေးရမည်။

၃၄။ ရေယာဉ်တွင် ကျရောက်မည့်အန္တရာယ် သို့မဟုတ် တစ်ဦးတစ်ယောက်၏ အသက်အန္တရာယ်မှလွတ်ကင်းစေရန် အရေးပေါ်ဆောင်ရွက်ရသည့် ကိစ္စမှအပ မည်သူမျှ ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေရန် အန္တရာယ်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းကိုဖြစ်စေ ရေနံ သို့မဟုတ် ရေနံရောထားသောပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကို ဖြစ်စေ ပြည်တွင်းရေကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

၃၅။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည် မိမိရေယာဉ်မှ ရေယာဉ်ဝန်ထမ်းကဖြစ်စေ၊ ခရီးသည်ကဖြစ်စေ ပြည်တွင်းရေကြောင်းအတွင်းသို့ ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေရန်အန္တရာယ်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းကိုဖြစ်စေ၊ ရေနံ သို့မဟုတ် ရေနံရောထားသော ပစ္စည်းကိုဖြစ်စေ၊ အခြားအရာဝတ္ထုကိုဖြစ်စေ စွန့်ပစ်သဖြင့် ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုတစ်စုံတစ်ရာကြောင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေခဲ့ပါက ထိုဆုံးရှုံးနစ်နာမှုများအတွက် ဆုံးရှုံးနစ်နာသူအား ပေးလျော်ရမည်။

## အခန်း(၇)
## မတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များအား စုံစမ်းစစ်ဆေးခြင်း

၃၆။ ရေယာဉ်အုပ်သည် မိမိရေယာဉ်နှင့်ပတ်သက်သော အောက်ပါမတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို ဦးစီးဌာနသို့ လည်းကောင်း၊ အခင်းဖြစ်ပွားရာနေရာနှင့် အနီးဆုံးရဲစခန်းသို့လည်းကောင်း ၂၄ နာရီအတွင်း ဆောလျင်စွာသတင်းပို့ရမည်-

(က) ရေယာဉ်တိမ်းမှောက်ခြင်း၊ နစ်မြုပ်ခြင်း၊ ရေယာဉ်အား စွန့်ခွာခြင်း သို့မဟုတ် ရေယာဉ်ပျက်စီးခြင်း၊

(ခ) ရေယာဉ်မတော်တဆမှုကြောင့် ရေယာဉ်ပေါ်တွင် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် အသက်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း၊

(ဂ) ရေယာဉ်တိုက်မှုကြောင့်ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခြင်း၊

(ဃ) ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု ဖြစ်ပေါ်ခြင်း။

၃၇။ ဦးစီးဌာနသည် ရရှိသောသတင်းအချက်အလက်အရ ပေါ်ပေါက်လာသည့် ပုဒ်မ ၃၆ ပါ မတော်တဆမှုကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အမြန်ဆုံး သတင်းပို့ရမည်။

၃၈။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၆ ပါ မတော်တဆမှုနှင့် ဖြစ်စဉ်ဖြစ်ရပ်များ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးချက်အစီရင်ခံစာတင်ပြရန် တာဝန်ပေးရမည်။

၃၉။ ဦးစီးဌာနသည် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် မတော်တဆမှုဖြစ်ပွားသောနေရာ အနီးအနားတွင်ဖြစ်စေ၊ စုံစမ်းစစ်ဆေးမှုအတွက် လွယ်ကူအဆင်ပြေမည့်နေရာတွင်ဖြစ်စေ စစ်ဆေးမှုပြုလုပ်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့်ညှိနှိုင်းပြီး လိုအပ်သော အထောက်အပံ့များ စီစဉ်ပေးရမည်။

၄၀။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် -

(က) ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ပုဒ်မ ၃၆ ပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် လိုအပ်သော သက်ဆိုင်ရာ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့် ရေယာဉ်ဝန်ထမ်းများကိုလည်းကောင်း၊ နစ်နာဆုံးရှုံးသော ခရီးသည်များနှင့် ကုန်စည်တင်ဆောင်သူတို့ကိုလည်းကောင်း၊ အခြားလိုအပ်သော အသိသက်သေများကိုလည်းကောင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သည်။

(ခ) စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးရန်ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များနှင့် သက်သေခံစာရွက်စာတမ်းအထောက်အထားများကို လက်ခံခြင်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ လိုအပ်သည့်ပြဋ္ဌာန်းချက်များကို ဆီလျော်သမျှ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်သည်။

(ဂ) စုံစမ်းစစ်ဆေးမှုကို ဆောလျင်စွာပြုလုပ်ပြီး စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

## အခန်း (၈)
## နိုင်ငံခြားရေယာဉ်များ ပြည်တွင်းရေကြောင်းသို့ ဝင်ရောက်ခွင့်

၄၁။ နိုင်ငံခြားရေယာဉ်၏ ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် -

(က) ပြည်တွင်းရေကြောင်းအတွင်းသို့ ခေတ္တဝင်ရောက်ဖြတ်သန်း၍ သွားလာရန် အကြောင်းရှိပါက ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ခ) ရေယာဉ်၏ကိုယ်ထည် သို့မဟုတ် စက်ချွတ်ယွင်းသဖြင့် ပြုပြင်ရန်အတွက်လည်းကောင်း၊ ရေယာဉ်သို့ကျရောက်မည့် အန္တရာယ်မှ ရှောင်ရှားရန် လိုအပ်ခြင်းကြောင့်လည်းကောင်း မလွှဲမရှောင်သာ ပြည်တွင်းရေကြောင်း အတွင်းသို့ အရေးပေါ်ဝင်ရောက်ရသည့်အခါ ထိုသို့ဝင်ရောက်ပြီးလျှင်ပြီးချင်း ဦးစီးဌာနသို့ အကြောင်းကြားပြီး ခွင့်ပြုချက်တောင်းခံရမည်။

၄၂။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၁ အရ ခွင့်ပြုချက်တောင်းခံခြင်းကိုစိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ဒေသဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ နှစ်နိုင်ငံသဘောတူညီချက်အရဖြစ်စေ၊ နိုင်ငံခြားရေယာဉ်က ပြည်တွင်းရေကြောင်းအတွင်းသို့ ဝင်ရောက်ဖြတ်သန်း၍သွားလာခြင်းနှင့်စပ်လျဉ်း၍ ထိုသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၃။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ပုဒ်မ ၃၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ ကျပ် ၂၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၅။ မည်သည့် ရေယာဉ်ပိုင်ရှင်မဆို ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၃၂ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဃ) ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သည့်နိုင်ငံခြားရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်မဆို ပုဒ်မ ၄၁ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၈။ မည်သည့် ရေယာဉ်အုပ်မဆို ပုဒ်မ ၃၆ပါမတော်တဆမှုဖြစ်စဉ် ဖြစ်ရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနနှင့်အခင်းဖြစ်ပွားရာနေရာနှင့် အနီးဆုံးရဲစခန်းသို့ ၂၄ နာရီ အတွင်း ဆောလျင်စွာသတင်းပို့ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၃ သိန်းမှ ကျပ် ၁၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သည့်ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မဆို ပုဒ်မ ၁၅ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေ၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ဂ)၊(ဃ)၊ (င) နှင့် (စ)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို ထောင်ဒဏ် ၃ လအထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၅၀။ မည်သည့်ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းမဆို ပုဒ်မ ၁၄ ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လအထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်း အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်မဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါတာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ လ အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၁ သိန်းမှ ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သည့် ခရီးသည်မဆို ရေယာဉ်၏ အမိုးပေါ်တွင် ဖြစ်စေ၊ ရေယာဉ်၏ ဘေး တွင် တွယ်၍ ဖြစ်စေ၊ အခြားတားမြစ်ထားသည့် နေရာတစ်ခုခုတွင် ဖြစ်စေ လိုက်ပါစီးနင်းကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၁ သောင်းမှ ကျပ် ၅ သောင်းအထိ ချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၅၃။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးမှုအတွက် စစ်ဆေးခ၊ စရိတ်နှင့် အခကြေးငွေများ၊ ကျွမ်းကျင်မှုလက်မှတ် အရည်အချင်းစစ်ဆေးခများနှင့် သက်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် အခြားလိုအပ်သော အခကြေးငွေများကို သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

စာမျက်နှာ ၈ သို့

*စာမျက်နှာ ဆ မှ*

၅၄။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးကို ဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကို ဖြစ်စေ၊ စစ်ဆေးရေးအရာရှိကိုဖြစ်စေ တရားမကြောင်းအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၅၅။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦး၊ တိုင်းတာစစ်ဆေးရေးမှူးနှင့် စစ်ဆေးရေးအရာရှိတို့သည် တာဝန်ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ပိုင်ရေယာဉ်၊ အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ရေယာဉ် သို့မဟုတ် နိုင်ငံတော်၏ တာဝန်ကိုဆောင်ရွက်လျက်ရှိသော ပြည်တွင်းရေကြောင်းသွားမည်သည့်ရေယာဉ်ကိုမဆို ဤဥပဒေပါပြဋ္ဌာန်းချက်များမှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၅၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော ကြွေးကျန်များကို တည်ဆဲအခွန်အခဆိုင်ရာ ဥပဒေများနှင့်အညီ အရကောက်ခံရမည်။

၅၈။ The Inland Steam Vessels Act, ၁၉၁၇အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ သည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်။

၆၀။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၆၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၆၂။ ဤဥပဒေဖြင့် The Inland Steam Vessels Act, 1917 ကို ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# နမ့်စောင်းငေါ်ငါးချောင်း ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်မဲ မေ ၂၂**

ကျောက်မဲမြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသော နမ့်စောင်းငေါ်ငါးချောင်း ကမ်းပါးမြေပြိုကျပြီး နုန်းမြေများတက်လာပြီး ချောင်းအတွင်း စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ခြင်းတို့ကြောင့် ချောင်းတိမ်ကောစပြုလာသည့်အပြင် မိုးတွင်း၌ မြို့ပေါ်ရှိ ရပ်ကွက်အချို့ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်း၊ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဝင်းဆွေတို့က ပြည်နယ်အစိုးရသို့ တင်ပြခဲ့ရာ အဆိုပါချောင်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ ငွေကျပ်သိန်း ၁၄၉၀ ချပေးခဲ့သည်။



နမ့်စောင်းငေါ်ငါးချောင်းရေစီးရေလာ ကောင်းမွန်ရေးနှင့် ကမ်းထိန်းကွန်ကရစ် ကျောက်နံရံများ တည်ဆောက်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၈ ရက်မှစတင်၍ ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ ယခု ၉၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းခွင်တွင် ဆောင်ရွက်နေသော အင်ဂျင်နီယာ ဦးသက်စိုးထိုက်က "ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းအတွင်း သစ်ပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ စက်ယန္တရားများဖြင့် နုန်းမြေများ ဆယ်ယူထုတ်ခြင်းလုပ်ငန်းများကို ကျပ်ငွေသိန်း ၂၀ ကုန်ကျခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ချောင်းနံဘေးကမ်းထိန်း သံကူကွန်ကရစ် ကျောက်နံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သဒ္ဓမ္မပါလဘုန်းကြီးကျောင်းတိုက်အတွင်း ပေ ၅၀၀၊ အမက (၁) ကျောင်းနောက်တွင် ပေ ၄၁၀၊ မြို့နယ်စည်ပင်ရုံး နောက်ကျောဘက်တွင် ပေ ၅၀၀၊ ငုဝါလမ်းထိပ်တွင် ပေ ၃၀၀ ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးကို လာမည့်ဇွန်လတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မောင်မောင်**

# အရာတော်မြို့နယ်၌ ပရမ်းပကားချောင်းကူးတံတားတည်ဆောက်

**အရာတော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဟသ်ာကျေးရွာနှင့် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဖုတ္တန်းတောကျေးရွာသို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ ပရမ်းပကားချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသော ပရမ်းပကားချောင်းကူးတံတားဟောင်းသည် ယမန်နှစ် မိုးရာသီတွင် ချဉ်းကပ်မြေသားလမ်းများသည် ချောင်းရေတိုက်စားကာ ပြိုကျခဲ့သဖြင့် ဒေသခံပြည်သူများ အနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် အခက်အခဲဖြစ်လျက်ရှိရာ ယခုအခါတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က တံတားအသစ် ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

တံတားသစ် တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီး "ဒီတံတားက အရာတော်ကနေ ရွှေဘိုဖြတ်လမ်းလို့ ပြောလို့ရပါတယ်၊ တံတားကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသထွက်ကုန်တွေကို သယ်ယူရေးလုပ်ငန်းတွေမှာ အသုံးပြုရတယ်၊ တံတားက မကောင်းတော့ အတော့်ကို အခက်အခဲဖြစ်ခဲ့တယ်၊ ဒီတံတားသက်တမ်းကလည်း နှစ် ၄၀ ကျော်နေပြီ၊ ကားကြီးတွေဖြတ်လို့ အန္တရာယ်အလွန်များတယ်၊ ၁၉-၉-၂၀၁၃ ရက်နေ့မှာ ပထမအကြိမ် ချောင်းရေတိုက်စားပြီး ပြိုကျသွားတဲ့အပိုင်းကို ယာယီတံတားပြန်ဆောက်ပြီး ၂၈-၇-၂၀၁၄ ရက်နေ့မှာ ဒုတိယအကြိမ် ယာယီတံတားက ချောင်းရေထဲ ထပ်ပြီး ပါသွားပြန်တော့က တစ်နေရာကနေ တစ်နေရာကူးဖို့ အခက်တွေ့တယ်၊ အခုလို ပြန်လည်တည်ဆောက်ပေးတော့ ဒီတံတားကို အမှီပြုသွားလာနေကြတဲ့ ကျွန်တော်တို့ရွာနဲ့ ပတ်ဝန်းကျင်မှ ကျေးရွာတွေက ပြည်သူတွေလည်း ဝမ်းသာနေကြတယ်"ဟု ဟသ်ာကျေးရွာမှ တံတားတည်ဆောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပရမ်းပကား ချောင်းတံတားသစ်အား တံတားဟောင်းအနီးတွင် ခံနိုင်ဝန် တန် ၃၀ ရှိ အလျားပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ ဘိုးပိုင်သံမဏိသံပေါင်တပ်သစ်သားခင်း တံတားအဖြစ် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ရန်ပုံငွေကျပ် သိန်း ၁၂၆၇ ဖြင့် မတ် ၂၁ ရက်မှ စတင်တည်ဆောက်လျက်ရှိရာ ယခုနှစ် ဇွန်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း (မုံရွာ)**



# မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက် ဝမ်းလျှောနှင့် ကာလဝမ်းရောဂါ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ ၊ အသည်းရောင်အသားဝါရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏အခွံအစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကိုကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတုအပူအအေး အပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**